www.burmeseclassic.com

ဆွေမြင့်

# ဂမ္ဘီရဆန်းကြယ်

ဝတ္ထုများ

## ဂမ္ဘီရမိန်းကလေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌ ဂုဏံ အဟံ ဝန္ဒာမိ

## သွေးမြင့် – ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | – ၅၀၁၆၆၆၀၇၀၈ |
| စာမူခွင့်ပြုချက်အမှတ် | – ၅၀၁၀၀၂၀၇၀၈ |
| ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၉၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း – ၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – ဦးလှနိုင် (မြိတ်စာပေ) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – မြိတ်စာပေ၊ (ဖုန်း – ၇၀၄၄၉၀) အမှတ် – ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | – ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် ဖြန့်ချိရေး | – နဂါးစာပေ၊ (မန္တလေး) ထွန်းဦးစာပေ၊ (မန္တလေး) |


www.burmeseclassic.com

www.burmeseclassic.com



# ဇေမြင့်

## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ

## ဂမ္ဘီရမိန်းကလေး

ဗြိုဟ် ( စာပေ )

အမှတ် ၁၉၀၊ ၃၁ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၄၄၉၀

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

(၁) မပဟူရာစံ့အိမ်ကြီးမှဖြစ်ရပ်ဆန်း

(၂) တာရာရှင်မ

(၃) အစိမ်းရောင်ယင်ကောင်ကြီး

(၄) ကြောင်အူရစ်ရတနာသိုက်

(၅) နှင်းတွေကျရင်ပြန်လာမယ်

(၆) ဂမ္ဘီရမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ရှိရာဒေသမှာ တောင်ခြေတော အုပ်နယ်မြေဖြစ်သောကြောင့်ပင် မည်သည့် သတင်းမှ မကြားမသိ ခဲ့ရပါချေ။ အခြားဒေသများနှင့် အဆက်အသွယ် ပြတ်နေသော ကြောင့် ပန်းချီ၊ ပန်းပုစသော အနုပညာများကို အချိန်ပြည့် လေ့ ကျင့်နိုင်သည်။

သူသည် (၅၆)လ်မျှကြာ သောအခါ မွေးရပ်ဌာနီသို့ ပြန် လည်ရောက်ရှိလာသည်။ သူ. . ထွက်ခွာ မသွားမီကနှင့် စာလျှင် အပြောင်းအလဲများဖြစ်ခဲ့ကြောင်း သိရသည်။ ယေဘုယျအပြောင်း အလဲဖြစ်ရပ်များကို ဖယ်ထား၍ အဂ္ဂ၏ဘဝတွင် အရေးပါသော အပြောင်းအလဲကြီး-၂ခုကို ဖော် ပြရလျှင်. . .။

ပထမ ပဓါနကျသောဖြစ် ရပ်မှာ. . . အဂ္ဂ၏ မိခင် ကွယ် လွန်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအ ရေးကြီးသော အချက်မှာ သူ၏ ဖခင်က ဝိန္ဓေဆရာ လက်လျှော့ ရလောက်အောင် ကျန်းမာရေး ချို့ယွင်းပျက်စီး၍ သေအံ့မူးမူး နောက်ဆုံးအချိန်ကို မျက်မှောက် ပြုနေခြင်းကို တွေ့လိုက်ရသည်။

ဖခင်ဖြစ်သူသည် နောက် ဆုံးအချိန်ဖြစ်သောကြောင့် တစ် ဦးတည်းသော သားဖြစ်သူ အဂ္ဂ ၏ ရင်ခွင်၌ တစ်နေ့တာပတ်လုံး ခပ်မှုင်းမှုင်းမှုသာ အသက်ရှူနိုင် သည်။မျက်လုံးအစုံကိုပင် ဖွင့်နိုင် ခြင်းမရှိ။ ပကတိမှေးစင်းနေလေ ပြီ။ ဖခင်၏ စကားသံသည် မသဲ မကွဲ အာလေးလျှာလေး ဖြစ်နေ သည်။

အဂ္ဂအနေနဲ့ စကားလုံး များကို ရေရေရာရာ နားမလည် သော်လည်း ထပ်ကာတလဲလဲ မ မေးတော့ပဲ ဦးခေါင်းညိတ်ပြနေ ရသည်။

အဂ္ဂ၏ ဖခင်သည် အကြီး အကျယ် အမောဖောက်လာလေ သည်။ ညဥ့်နက်သန်းခေါင်အချိန် တွင် နှလုံးခုန်ခြင်း ရပ်တန့်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်ရှူသော အလုပ်ကို လုံးဝဲ့ရှားလျှား အနားယူလိုက်လေပြီ။ အဂ္ဂသည် ရှတ်တရက် ချက်ချင်းကြီး အထီးကျန်ဘဝသို့ ရောက်ရှိသွားလေသည်။

မိဘနှစ်ပါးလုံး တမလွန်ဘဝသို့ရောက်သွားကြပြီးနောက် ဆွေမျိုးသားချင်းဆိုသည်မှာလည်း အဂ္ဂအတွက် အားကိုးစရာပင် မဟုတ်ပါချေ။ အစကတည်းကခပ်ကင်းကင်းနေလေ့ ရှိသည်။ ထို့ကြောင့် ဖခင်၏ ဈာပနကိစ္စနှင့် ပတ်သက်သော လုပ်ရိုးလုပ်စဉ်တို့ကို ဆောင်ရွက်ပြီးစီးသွားလေသောအခါ အဂ္ဂ ခရီးထွက်ရန်အတွက် သန္နိဋ္ဌာန်ချလိုက်သည်။

သူသွားရမည့် ဒေသမှာ မြို့သာရဖြစ်သည်။ တစ်ချိန်က သူ့အဖိုး ဘမြတ်ထွန်းခေါင် ပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေ စသည်တို့ကို တစ်ဦးတည်းသော မြေးဖြစ်သူအဂ္ဂအား လွှဲပေးခဲ့ကြောင်း စာရေးအကြောင်းကြားခဲ့သည်။

ထိုစာကို ဖခင်က သိမ်းဆည်းထားသည်။ သားအဂ္ဂမြန်ရောက်လျှင် တွေ့နိုင်စေရန် စာအိတ်နှင့်တကွ ဘုရားစင်အောက် ဝါးထရံနံရံ၌ ရှင်းရှင်းလင်းလင်း မြင်သာစေရန် ချိတ်ဆွဲထားလေသည်။ စာအိတ်ပေါ်တွင် ဖခင်၏ လက်ရေးစာလုံးကြီးကြီးဖြင့်. . ။

"သားအဂ္ဂအတွက် တစ်ခုတည်းသော အသင့်လျော်ဆုံးနေရာမှာ 'မြို့သာရ'"

. . ဟူ၍ ရေးထားသည်။ ထို့ကြောင့် အဂ္ဂသည်ကျန်ရှိသေးသော သူ့ဘဝ. . သက်တမ်းတလျှောက်တွင် နေထိုင်ရန် မြို့သာရသို့ ခရီးထွက်ရန် လိုအပ်သော ပစ္စည်းများကိုထုပ်ပိုးပြင်ဆင်လေသည်။ သူသည် အသက်(၁၂)နှစ်အရွယ်က မိဘနှစ်ပါးနှင့်အတူ မြို့သာရသို့ အလည်အပတ်ပင် ရောက်ရှိခဲ့ဖူးသည်။

ထိုအချိန်က အဖိုးမြန်းမာရေးအခြေအနေမှာ ခေါင်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



မြည်ဖြစ်၏။ အဖိုးနေထိုင်သော ခြံမှာ ဧကထက်ဝက်ခန့်ရှိသည်။ နှစ်ရှည်သီးနှံပင်များဖြစ်ကြသော မရမ်း၊ မကျည်း၊ သရက်၊ ပိန္နဲ၊ သြဇာ၊ မာလကာ. . စသဖြင့် ခြံထဲတွင် တစ်ပင်နှင့်တစ်ပင် ကိုင်းချင်းယှက်၍ပေါက်ရောက်နေကြသည်။ သဲဆန်သော မြေဖြစ်လေသောကြောင့် ပြန့်ပြူးညီညာ၏။ ခြံထဲတွင် ကြည်လင်စိမ်းမြသော ရေကန်တစ်ကန်ရှိသည်။

အဖိုးဖြစ်သူ ဘမြတ်ထွန်းခေါင်သည် တစ်ကိုယ်တည်းသမားဖြစ်သောကြောင့် အဂ္ဂကို အရမ်းချစ်သည်။ သူနှင့်အတူ နေထိုင်စေလိုသော ဆန္ဒရှိသည်။ သို့ရာတွင် မိခင်က သားနှင့်မခွဲနိုင်သောကြောင့် ရက်ပေါင်း(၅၀)မျှနေခဲ့ပြီး နေပလသို့ ပြန်ခဲ့ကြခြင်းဖြစ်သည်။

ယခုအခါတွင် အဂ္ဂသည် မိခင်ကွယ်လွန်ခဲ့ပြီး ဖခင်၏ မသေဆုံးမီ နောက်ဆုံး ဆန္ဒအရ အဖိုးဘမြတ်ထွန်းခေါင်၏နေအိမ်ရှိရာသို့ သွားရောက်ရှာဖွေတော့မည်။ အဂ္ဂကိုယ်တိုင်ကလည်း အသက်(၁၂)နှစ် အရွယ်က ရောက်ဖူးခဲ့သော မြို့သာရသို့ ထပ်မံ၍သွားချင်နေသည်။ ယခုအခါ၌ အဂ္ဂ၏ အသက်မှာ (၂၁)ပြည့်နေလေပြီ။

× × ×

မြို့သာရသည် စင်စစ်အားဖြင့် တစ်ခါက တောမြို့ကလေးတစ်မြို့ ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် စီးပွားရေးအတွက် အချက်အချာကျသော နေရာဒေသ မဟုတ်သောကြောင့်လည်း မွေးကတည်းက နေလာခဲ့ကြသော ဒေသခံလူရင်းများမှအပ အခြားရပ်ရွာများမှ လာရောက်နေထိုင်ကြသူဟူ၍ မရှိပါချေ။

ထို့အပြင် မြို့ခံမိသားစုအတော်များများလည်း မြို့သာရထက် ပိုမို၍ စီးပွားရှာရန် အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေသော နေရာဒေသများသို့ မိသားစုအလိုက် ပြောင်းရွှေ့ သွားကြသည်။

သို့ဖြစ်ရာ မြို့သာရသည် ယခင်တစ်ချိန်က အတော်အသင့် စည်ကားခဲ့ဖူးသော်လည်း ယခုအခါတွင် တိတ်ဆိတ်ခြောက်ကပ်နေလေပြီ။ မီးရထားဘူတာနှင့် (၄)ဖာလုံသာသာမျှ ဝေးကွာလှသော မြို့သာရရှိ အဖိုးဘမြတ် ထွဋ်ခေါင်၏ ခြံကျယ်ဝင်းကျယ်သို့ လှည်းကြုံစီးနင်းလိုက်ပါလာသောအဂ္ဂသည် လမ်းတလျှောက် တွေ့ရသော မြင်ကွင်းထဲ၌ လွတ်လပ်ခြင်း၊ ချမ်းမြေ့ခြင်း၊ ကြည်နူးသာယာခြင်းစသော ခံစားမှုများကို အပြည့်အဝ ရရှိလာသည်။ နွားနှစ်ကောင်တွင် ဆွဲထားသော ခြူများမှ အသံက တလွင်လွင်ဖြစ်သည်။

သူ မွေးဇာတိဖြစ်သော မြို့ပလမြို့လေးသည် မြို့ကြီးပြကြီးနှင့်အလှမ်းမကွာသောကြောင့် မြို့ပြအရိပ်အယောင်များ လွှမ်းမိုးနေသည်။ ထို့ကြောင့် အသက်ရှုရသည်မှာ မွန်းကြပ်နေလေ့ရှိသည်။

အဂ္ဂသည် အခိုက်အတန့်အားဖြင့် လတ်ဆတ်သန့်ရှင်းလှသော လေကို တစ်ဝကြီးရှူရှိုက်၍ ပကတိလန်းဆန်းနေလေပြီ။

အချိန်အားဖြင့် ညနေဆည်းဆာချိန်. . .။

`အနောက်မိုးကောင်းကင်တွင် နီရဲနေသည်။ အိပ်တန်းပျံနေကြသော ငှက်ကျေးသရကာတို့ကို အစုလိုက်၊ အအုပ်လိုက်တွေ့နေရသည်။

"ရောက်ခါနီးပလား. . ဦးကြီး"

အဂ္ဂက လှမ်းမေးသည်။

လှည်းပေါ်တွင် မောင်းသူနှင့်အဂ္ဂ. . တစ်လမ်းလုံးပင် စကားမပြောဖြစ်ပဲ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြခြင်းဖြစ်သောကြောင့် အဂ္ဂက စကားစ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။

"ဟုတ်ပ. . မောင်ရင်က ဘာကိစ္စနဲ့ ဘမြတ်ထွန်းခေါင်စံ အိမ်ကို သွားမှာတုန်း"

လှည်းမောင်းသူက အဂ္ဂကို လှည့်မကြည့်ပဲ မေးသည်။

"ကျွန်တော်. . အဲဒီအိမ်မှာ နေမလို့ လာခဲ့တာပါ"

အဂ္ဂက ပကတိအသံမှန်ဖြင့် ဖြေလိုက်သည်။

သူ့အဖြေကို ကြားလိုက်ရသော လှည်းမောင်းသူသည် ဦးခေါင်းကို ချာကနဲသမင်လည်ပြန် လှည့်ကြည့်သည်။ ထိုနောက် ရှေ့သို့ ပြန်လည်မျက်နှာမူ၍ ဆက်မောင်းနေသည်။

"မောင်ရင်. . အဲဒီခြံနှင့်စံအိမ်ကို ဝယ်ဖို့ လာကြည့်တာလား၊ အဲဒီစံအိမ်နှင့်ခြံအကြောင်း မသိသေးဘူးထင်တယ်"

လှည်းသမားကြီးက လေသံသဲ့သဲ့ဖြင့် မေးသည်။

"ဘာဖြစ်လို့လဲ၊ အဲဒီ စံအိမ်က ဘာဖြစ်နေလို့လဲ"

အဂ္ဂက လှည်းသမားကြီး၏ နောက်ကျောကို ကြည့်၍ပြန်မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ ကျုပ်က ဘာဖြစ်တယ်လို့ ပြောတာထက် မောင်ရင်ကိုယ်တိုင်သိတာက ပိုကောင်းပါလိမ့်မယ်"

လှည်းသမားကြီးက သူ့စကားကိုသူ ပြန်လည်၍ ရုတ်သိမ်းလိုက်ပုံရသည်။ မရေမရာ၊ ဇဝေဇဝါ၊ ကောလာဟလ တစ်ခုခုကို ပြောရန် အစပျိုးပြီးမှ သူ့ဖာသာနှုတ်ကို ထိန်းလိုက်သည့်သဘောမျိုးဖြစ်သည်။

"အဲ. . ဟောဟို ရှေ့က ခြံတံခါး ပိတ်ထားတာ မြင်လား။ အဲဒါ မောင်ရင် သွားနေမယ်ဆိုတဲ့ဘမြတ်ထွန်းခေါင်ရဲ့ စံအိမ်နှင့်ခြံပဲ"

ပြောပြောဆိုဆိုဖြင့် လှည်းသမားကြီးသည် နွားလှည်းရှည်း၏ ဇက်ကြိုးကို ပြိုင်တူစုံဆွဲ၍ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ် စုပ်သပ်လိုက်သည်။ နွားလှည်းက တုန့်ကနဲ ရပ်တန့်သွားသည်။

အဂ္ဂသည် သူ့ခရီးဆောင် လက်ဆွဲအိတ်ကြီးကို ဆွဲယူလိုက်သည်။ ကြိုးတပ်အိတ်တစ်လုံးကို စလွယ်သိုင်း၍ နွားလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက်. . .။

"ကျေးဇူးတင်ပါတယ် ဦးကြီး၊ ဒီခြံထဲမှာ ခြံစောင့်ဦးရာမဆိုတာ ရှိလိမ့်မယ်ထင်တယ်၊ ဦးကြီးသိလား"

. . . ဟူ၍ လှမ်းမေး၏။

"ရာမကို မသိတဲ့လူဘယ်ရှိပါ့မလဲ၊ ဒီအချိန်ဆို ဇရက်မင်းစည်းစိမ်နဲ့ ဟန်ကျနေပြီထင်တာပဲ၊ ဒီကောင်က အတော်သတ္တိကောင်းတဲ့ကောင်၊ ကျုပ်ကို ငွေတွေ ဘယ်လောက်ပေးပေး ဒီလိုစံအိမ်မျိုးမှာတော့ လုံးဝ မနေရဲဘူး"

စကားဆုံးသည်နှင့် လှည်းသမားကြီးက နွားတစ်ရှဉ်းကို ကဆုန်ချပြေးလွှားစေပြီး မောင်း၍ ထွက်သွားလေသည်။ လှည်းလမ်းကြောင်းတစ်လျှောက် သဲမှုန့်များကြွတက်လွင့်ပျံ၍ စွတ်ကြောင်းရေးရေးမျှ ဖြစ်၍ကျန်ရစ်ခဲ့သည်။

အဂ္ဂက ပိတ်ထားသော ခြံတံခါးရှိရာသို့ လျှောက်သွား၏။ တံခါးရွက်၌ ချိတ်ဆွဲထားသော သစ်သားဆိုင်းဘုတ်တစ်ခုကို မြင်လိုက်ရသည်။ တစ်တောင်သာသာ သစ်သားပြားကို ထုံးဖြူဖြင့် ရေးသားထားသော မညီမညာစာလုံးများကို ဖတ်လိုက်ရသည်။

"မဟူရာစံအိမ်"

အဂ္ဂသည် တံခါးရွက်နှစ်ရွက်ကို သံကြိုးဖြင့် ရစ်ပတ်သော့ခတ်ထားသည်ကို သတိပြုလိုက်မိသည်။ တံခါးရွက်၏ အမြင့်က လက်တစ်ဖောင်မျှရှိမည်။ တံခါးရွက်၏ ပတ္တာနှင့်ဆက်ထားသော လေးပတ်လည် တံခါးတိုင်တွင် ကြေးခေါင်းလောင်းတစ်ခု ချိတ်ဆွဲထားသည်ကို မြင်လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဂ္ဂက. . . ကြေးခေါင်းလောင်းကို ကြည့်လိုက်သည်။

အသုံးမပြုသည်မှာ ကြာမြင့်ပြီဖြစ်၍ ကြေးရောင်ပျောက်လုမတတ် အညိုများ ဖုံးလွှမ်းနေသည်။ အဂ္ဂသည် ကြေးခေါင်းလောင်းကို လှမ်းဆွဲ၍ လေးငါးချက်မျှ လှုပ်ရမ်းလိုက်သည်။

"ကရင်. . ကရင်၊ ကရင်ကရောင်"

မကြာမီ စံအိမ်နောက်ဘက်မှ ထွက်လာသော လူဝကြီးတစ်ယောက်သည် စံအိမ်ဘေးဘက်ကို ပတ်၍လျှောက်လာလေသည်။ အကျႌဇလာ၊ ပုဆိုးဒူးဆစ်ဖုံး ဝတ်ဆင်ထားသည်။ သူ၏လက်ထဲတွင် တစ်လံသာသာမျှ ရှည်လျားသော ဝါးကျစ်တုတ်တစ်ချောင်းကို တွေ့ရသည်။ ဝါးကျစ်တုတ်ချောင်း၏ အလယ်ဗဟိုမှ ဆုပ်ကိုင်ပုံကို ကြည့်ရခြင်းအားဖြင့် ဗန်တိုဗန်ရှည်ဖြစ်စေ၊ တုတ်သိုင်းဖြစ်စေ၊ တတ်မြောက်ထားပုံရသည်။

လူဝကြီးသည် တဖြည်းဖြည်းနဲ့ တံခါးရွက်အနီး ရောက်လာသည်။ ဒေါင်လိုက်ကပ်ရိုက်ထားသော ပျဉ်ချပ်များကြားမှ လှမ်းကြည့်နေသော အဂ္ဂ၏မျက်နှာကို ပြည့်ပြည့်ဝဝ မမြင်ရ။ ထို့ကြောင့် နဖူးကြောတင်းလျက်။

"မင်းက ဘယ်သူတုန်း၊ ဘာကိစ္စနဲ့ တံခါးခေါင်းလောင်းလာတီးရတာတုန်း"

"ဦးကြီး ဦးရာမ၊ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော်. . . အဂ္ဂလေ"

ဦးရာမ၏အမေးကို အဂ္ဂက ကျယ်လောင်စွာ ဖြေလိုက်သည်။

"ဟား. . ဟုတ်ပြီ၊ မင်းနဲ့မတွေ့တာ ကိုးနှစ်လောက် ကြာသွားပေမယ့် ငယ်ရုပ်မပျောက်သေးပါလား၊ ခဏနေဦးနော်"

ခြံစောင့်ဦးရာမက ပုဆိုး

www.burmeseclassic.com

www.burmeseclassic.com


ခါးပုံစတွင်း၌ ထည့်ထားသော သော့တွဲကြီးကို ဆွဲထုတ်သည်။ ခြံတံခါးနှင့်သံကြိုးကို တွဲခပ်ထားသော သော့ခလောက်ကို သော့ဖွင့်ပေးလိုက်သည်။ ဦးရာမသည် ကိုယ်လုံးက ဆူဖြိုးသော်လည်း သူ၏ လှုပ်ရှားမှုက နှေးကွေးလေးလံခြင်းမရှိ။ ပကတိ သွက်လက်နေဆဲပင်။

"ဦးကြီး ဦးရာမကတော့ နည်းနည်း ပိုဝလာတာက လွဲလို့ အရင်အတိုင်းပါပဲဗျာ"

အဂ္ဂက မှတ်ချက်ချလိုက်သည်။

"လာ. . . လူလေးအဂ္ဂ၊ မင်း. . အခုလို ရောက်လာတာကို ဆရာကြီး ဘမြတ်ထွန်းခေါင်သာ တွေ့လိုက်ရရင်တော့ ဘယ်လောက်များ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်မလဲကွာ"

ဦးရာမက အဂ္ဂ၏ ပခုံးကိုဖက်လျက် ကြိုဆိုရင်း ဘမြတ်ထွန်းခေါင်ကို မှတ်မှတ်ရရဖြင့် ကြေကွဲစွာ ပြောသည်။ ထိုနောက် ခြံတံခါးကို သံကြိုးရစ်ပတ်လျက် သော့ပြန်ခတ်သည်။

"ဆရာကြီးရဲ့ နောက်ဆုံး ထွက်သက်အထိငါ့မြေးအဂ္ဂလေး ရောက်လာတော့မယ် ထင်တယ်၊ မြေးလေး ရောက်ပြီးမှ ငါသေရ ရင် သေပျော်ပါတယ်ကွာ၊ သူ. . ဘယ်နည်းနဲ့မှဆို ရောက်လာမှာကွ၊ ဟုတ်တယ် မဟုတ်လား. . ရာမလို့ တဖွဖွပြောခဲ့သေးတယ်၊ ဆရာကြီးက လူလေးအဂ္ဂကို အရမ်းသံယောဇဉ်ကြီးတာကွ"

ဦးရာမက စကားအဆုံးတွင် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ထိုလေထဲတွင် ယမကာအနံ့အသက်များအပြည့်အဝပါသည်။ အဂ္ဂက အမှတ်မထင် အသက်အောင့်လိုက်သည်။

"လာ. . စံအိမ်ထဲ သွားစို့၊ မင်းလာမယ်ဆိုတာ စာရေးလိုက်လို့ လွန်ခဲ့တဲ့ နှစ်ရက်တည်းက နေ့တိုင်း ကြည့်သား


www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်ထားတယ်၊ မင်းရောက်မလာသေးတော့ ငါ့ဟင်းကို ငါပဲပြန်စားလိုက်ရတာပေါ့ကွာ"

ဦးရာမက သူ့ဝသီအတိုင်း အားရပါးရ လှိုက်လှဲစွာပြောလေသည်။

"ဒါဖြင့် ကျွန်တော့် အတွက် မကျန်တော့ဘူးပေါ့ ဟုတ်လား. . ဦးရာမ"

"ဟား. . ဘယ်ကျန်တော့မလဲ၊ ဒါကြောင့် ဒီနေ့မနက် ထပ်ချက်ထားရတယ်. . အဂ္ဂရေ၊ စောစောတုန်းက မီးရထား ဥသြသံကြားလိုက်ရတော့ အဲဒီရထားနဲ့ မင်းပါလာလို ပါလာငြား ဆိုပြီး ဟင်းနွှေးထားလိုက်ရတယ်. . . လာ. . "

ဦးရာမ၏ ခေါ်ဆောင်ရာအတိုင်း အဂ္ဂပါသွားသည်။

စံအိမ်ရှေ့ ပေါက်တံခါးကို သော့တွဲကြီးထဲမှ သော့တစ်ချောင်းဖြင့် ဦးရာမဖွင့်လိုက်သောအခါ အိမ်ထဲသို့ ရောက်ရှိခဲ့ကြသည်။ ဦးရာမက မီးခလုတ်ဖိနှိပ်လိုက်သည်။ ဧည့်ခန်းဆောင်ထဲတွင် လင်းထိန်သွားလေသည်။ မဟော်ဂနီရောင် ဆက်တီထိုင်ခုံများနှင့်စားပွဲပေါ်တွင် ဖုန်မှုန့်တစ်မှုန်တစ်လေမှ မတွေ့ရ။ ပြောင်လက်သန့်စင်နေသည်။ ခြံစောင့်ဦးရာမ၏ လက်ရာပင် ဖြစ်ပေလိမ့်မည်။

အဂ္ဂ၏ အဖိုးဘမြတ်ထွင်ခေါင်ထံသို့ ဦးရာမ ပထမဆုံးစတင်ရောက်ရှိပြီး ခြံစောင့်အလုပ်လုပ်သည့်အချိန်က ဦးရာမ၏အသက်က နှစ်ဆယ်ပင်မပြည့်တတ်သေး။ ဆယ်ကျော်သက်အရွယ် တစ်ကောင်ကြွက် လူငယ်လေးဖြစ်သည်။ ထိုအချိန်ကတည်းက အဖိုးက ဦးရာမကို အရာခပ်သိမ်း သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်ရှိစေရန် ပုံစံ သွင်းထားခဲ့သည်။ သူပုံသွင်းသည့်အတိုင်း အံ့ဝင်ခွင်ကျဖြစ်၊မဖြစ် အစဉ်သဖြင့်စောင့်ကြည့်အကဲခတ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးစိတ်တိုင်းကျ ကျေနပ်သောအခါကျမှ သူ့ခြံနှင့် စံအိမ်တွင် လူယုံတော်အဖြစ်ကျွေးမွေးပျိုးထောင်၍ နေရာပေးထားလိုက်ခြင်းဖြစ်သည်။ အဂ္ဂ (၁၂) နှစ်အရွယ်က မိဘနှင့်အတူ အဖိုးထံ အလည်အပတ် ရောက်လာစဉ်ကဆိုလျှင် ဦးရာမသည် အဖိုး၏ ယုံကြည်စိတ်ချရသော ငယ်မွေးလူယုံတော်ဘဝသို့ ရောက်ရှိနေလေပြီ။

သို့ရာတွင် အဖိုးသည် ဘီလူးစည်း လူ့စည်း ခွဲခြားထားရှိသည်။ ရာမကို ယုံကြည်စိတ်ချသော်လည်း ရာခိုင်နှုန်းပြည့် မဟုတ်ပါချေ။ အတိုင်းအတာတစ်ခုထိသာ ယုံကြည်စိတ်ချခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဦးရာမသည် မဟူရာစံအိမ်တွင် နေသားကျနေခဲ့သည်။ ဘမြတ်ထွန်းခေါင် ကွယ်လွန်အနိစ္စရောက်ပြီးသော်လည်း ထိုခေတ် ထိုအချိန်ကာလ ထုံးစံအတိုင်း ကျယ်ဝန်းလှသော ခြံဝင်းကြီး၏ အနောက်မြောက်ထောင့်တွင် အုတ်ဂူပြုလုပ်၍ အရိုးပြာထည့်သွင်းမြှုပ်နှံထားသည်။ ကမ္ပည်းတိုင်ကိုလည်း ခိုင်ခန့်သေသပ်စွာ ဆောက်လုပ်ခဲ့သည်။

"လူလေးအဂ္ဂ. . ထမင်းအရင်စားမလား၊ ရေအရင်ချိုးမလား"

"ကျွန်တော်ရေချိုးလိုက်ဦးမယ်. . ဦးရာမ၊ ရေချိုးပြီးမှပဲ ထမင်းစားမယ်"

ဦးရာမ၏ အမေးကို အဂ္ဂက ဖြေလိုက်သည်။

× × ×

"ဦးရာမရဲ့ ကြက်သားဟင်းလက်ရာကတော့ လွန်ခဲ့တဲ့ ကိုးနှစ်က စားခဲ့ရတဲ့ အရသာအတိုင်းပဲ၊ လုံးဝမပြောင်းလဲဘူး"

ဆာဆာနဲ့ အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသွားသောအဂ္ဂက ပါးစပ်ကို လက်သုတ်ပုဝါဖြင့်ပွတ်လိုက်ပြီးနောက် ချီးကျူးစကား ပြောလိုက်သည်။

"လူလေးအဂ္ဂက ကြက်သားဟင်းနဲ့ (၁၂)မျိုးဟင်းချိုကို အားရပါးရ စားသောက်ခဲ့တယ်၊ ဒါပေမယ့် ကြက်ဟင်းခါးသီးကိုတော့ တို့တောင်မတို့ဘူး၊ အခါးမကြိုက်လို့လား လူလေး၊ ကျုပ်ပုဇွန်ခြောက်နိုင်နိုင်နဲ့ ခြောက်ခြောက်ကလေး ကြော်ထားတာ"

"ကျွန်တော် ကြက်ဟင်းခါးသီးကို လုံးဝမကြိုက်လို့ မစားတာပါ"

အဂ္ဂက ပြေရာပြေကြောင်း ပြောလိုက်သည်။ သို့ရာတွင် သူ့စိတ်ထဲတွင် အတွေးတစ်ခုဖြစ်ပေါ်နေပါသည်။ ကြက်သားနှင့် ကြက်ဟင်းခါးသီးတွဲစားလျှင် မူးဝေအော့အန်တတ်ကြောင်း ဦးရာမမသိသောကြောင့်လား။ သို့တည်းမဟုတ် သိပါလျက်နဲ့ တမင်သက်သက် ကျွေးခြင်းဖြစ်လေမလားဟူ၍ စဉ်းစားလိုက်သည်။

မည်သို့ပင်ဖြစ်စေ အဂ္ဂသည် ဦးရာမအပေါ်တွင် သံသယ မရှိသင့်ကြောင်း သူ့ဖာသာသူ စိတ်ကို ဖြေဖျောက်လိုက်မိသည်။

ထမင်းစားခန်း အတွင်းမှထွက်လာသော အဂ္ဂသည် ဧည့်ခန်းထဲတွင် ချထားခဲ့သော ခရီးဆောင်လက်ဆွဲအိတ်ကြီးနှင့်သိုင်းကြိုးတပ် ပတ္တူအိတ်ကို မတွေ့ရတော့။ ထို့ကြောင့် သူ့နောက်မှ ကပ်လျက် လိုက်ပါလာသော ဦးရာမကို လှည့်ကြည့်လိုက်သည်။

"လူလေးအဂ္ဂရဲ့ အိတ်(၂)အိတ်စလုံး အပေါ်ထပ် အိပ်ခန်းမှာ နေရာချလိုက်ပြီ၊ ဟိုးအရင်က လူလေးတည်းခဲ့တဲ့ အိပ်ခန်းပဲ၊ အိပ်ရာလည်း အဆင်သင့်ပြင်ထားပြီးပြီ၊ အခန်းထဲမှာလည်း ရှင်းလင်းထားတယ်"

ဦးရာမက အဂ္ဂမေးခွန်းဖြေလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . ခြံထောင့်ကို သွားကြည့်မလို့၊ ဦးရာမဆီမှာ လက်နှိပ်ဓာတ်မီးရှိတယ် မဟုတ်လား၊ ခဏလောက် ပေးလိုက်ပါ။ နောက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်နှင့်မီးခြစ်လိုချင်တယ်"

"ခြံထဲမှာ မှောင်နေပြီ. . လူလေး၊ မနက်ကျမှပဲ ဆရာကြီးအုတ်ဂူကို သွားကန်တော့ပါလား၊ ခြံထဲမှာ ကောင်ရှည်တွေဘာတွေနဲ့တွေ့ရင် မလွယ်ဘူး"

ဦးရာမက တားမြစ်သည့်အရိပ်အမြွက်မျိုးဖြစ်သည်။

"ဒါကြောင့် လက်နှိပ်ဓာတ်မီး ယူခိုင်းတာပေါ့ဗျာ၊ ရောက်ရောက်ချင်း သူ့ဆီသွားမတွေ့ရင် အဖိုးက ကျေနပ်မှာ မဟုတ်ဘူးဗျ၊ မနက်ကျတော့လည်း နောက်ထပ်သွားရမှာပေါ့"

ဦးရာမအနေနဲ့ အဂ္ဂ၏ဆန္ဒကို ဟန့်တား၍ ရနိုင်မည်မဟုတ်ကြောင်း နားလည်သဘောပေါက်သွားသည်။ ထို့ကြောင့်. . နောက်ထပ်ဘာတစ်ခွန်းမှ ပြန်မပြောတော့။ စံအိမ်လေးဘက် အဖီချထားသော အခန်းကျဉ်းလေးရှိရာသို့ ထွက်သွားသည်။ ထိုအခန်းသည် ဦးရာမအတွက် သီးသန့် နေခွင့်ပြုထားသော နေရာဖြစ်သည်။

အဖိုး မြတ်ထွန်းခေါင်က ဦးရာမအား ယုံကြည်စိတ်ချသည်ဆိုသော်လည်း အလုပ်သမားတယောက်ကို အလုပ်သမားကဲ့သို့သာ နေရာချသည်။ စံအိမ်ထဲ၌ လှုပ်ရှားသွားလာ ဆောင်ရွက်လုပ်ကိုင်စေသော်လည်း နေထိုင်အိပ်စက်ခွင့် မပြုပါချေ။

အဂ္ဂသည် ဦးရာမလှမ်းပေးသော လက်နှိပ်ဓာတ်မီး၊ အမွှေးတိုင်ထုပ်နှင့် မီးခြစ်ကို လှမ်းယူလိုက်သည်။ လက်နှိပ်ဓာတ်မီးက သုံးထောင့်ထိုး 'အဲဗားရယ်ဒီ' အမျိုးအစားဖြစ်သည်။ ဓာတ်မီးခြစ်က ဖလေးရှာမှ ထုတ်လုပ်သော ကြေးဝါမီးခြစ်ကြီးဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ချက်ခြစ်လျှင် တစ်ခါ တောက်လေ့ရှိသည်။ ဖယောင်းတိုင်က အနီရောင်ဖြစ်သည်။ အမွှေးတိုင်အထုပ်တွင် အိန္ဒိယနတ်သမီးဖြစ်သော 'ဆရာဆွာတိနတ်သမီး'က ကြာပန်းပေါ်တွင် တင်ပါးလွှဲထိုင်နေသော ပုံဆိပ်ရေး ဆွဲထားသည်။

"ကျုပ်လည်း လိုက်ခဲ့ရမလား. . လူလေးအဂ္ဂ"

"ရပါတယ် ဦးရာမရယ်၊ အဖိုးနှင့်မတွေ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဆိုတော့ ကျွန်တော်တို့ မြေးအဖိုးအချင်းချင်း လွတ်လွတ်လပ်လပ် စကားတွေပြောချင်လို့ပါ၊ ဦးရာမလိုက်လာရင် ပျင်းနေမှာစိုးလို့၊ ကဲ ကျွန်တော်သွားမယ်"

အဂ္ဂက စကားမဆုံးမီ ခြံဝင်း၏ အနောက်မြောက်ထောင့် အရပ်သို့ ဦးတည်၍ လက်နှိပ်ဓာတ်မီးတဝင်းဝင်းထိုးထားလျက် လျှောက်သွားသည်။ ဦးရာမက သက်ပြင်းမောတစ်ချက်ချကာ စံအိမ်ရှေ့ဘက် ပုံခါးပေါက်တွင် ရပ်လျက်သား ကျန်ရစ်ခဲ့သည်။

အဖိုး ဘမြတ်ထွဋ်ခေါင်၏ အုတ်ဂူလေးသည် တရုတ်စကားပင်ကြီးအောက်တွင် တည်ရှိသည်။ သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီးရောင်တန်း၏ အလင်းရောင်ထဲတွင် အုတ်ဂူလေးက သန့်ရှင်းနေသည်။ ထုံးသုတ်ထားသည်မှာ ရက်ပိုင်းမျှသာ ကြာခဲ့သောကြောင့် ဖွေးဖွေးဖြူ၍ စင်ကြယ်နေလေသည်။ အဂ္ဂသည် ကမ္ဗည်းတိုင်ရှေ့တွင် ဒူးထောက်၍ ဖယောင်းတိုင်ထွန်းခြင်း၊ ထွန်းညှိထားသော အမွှေးတိုင်မှ ထွက်ပေါ်လာသော အခိုးအငွေ့ရနံ့များ ပျံ့နှံ့စေရန် အသာအယာ လှုပ်ရမ်းသည်။ အုတ်ဂူ၏ ခေါင်းရင်းဘက်တွင် ကမ္ဗည်းတိုင်တွင် ရေးထိုးထားသော စာလုံးများကို တွေ့ရသည်။

"ချစ်လှစွာသော ဖခင်ဦး

www.burmeseclassic.com



မြတ်ထွန်းခေါင် အသက်(၈၁)နှစ် (၂၀. ၁၂. ၁၉၇၂) အင်္ဂါနေ့တွင် ကွယ်လွန်သည်။

သား. . လင်းထွန်းခေါင်နှင့်ဇနီးမိဖွယ်. . . ။

မြေး. . မင်းထွန်းခေါင်။

x x x

ထိုအုတ်ဂူနှင့်ကမ္ပည်းတိုင်ကို အဖေ့အစီအစဉ်ဖြင့် စိုက်ထူခဲ့ခြင်း ဖြစ်လိမ့်မည်ဟု အဂ္ဂက သဘောပေါက်လိုက်မိသည်။ အဖိုးတွင် သားတစ်ယောက်သာ ရှိသည်။ အဂ္ဂ၏အဖေ လင်းထွန်းခေါင်။ အဖိုး၏ တစ်ဦးတည်းသောမြေးမှာ အဂ္ဂဖြစ်သည်။

အဂ္ဂသည် လွန်ခဲ့သောကိုးနှစ်က ဤစံအိမ်ရှိရာ ခြံဝင်းကြီးထဲတွင် အဖိုး၏လက်ကို ဆွဲ၍ လျှောက်သွားခဲ့သည်ကို အမှတ်ရမိသည်။ ထိုစဉ်အခါက တရုတ်စကားပင်အောက်တွင် ပြန့်ပြူးညီညာ၍ သဲဖြူလေးများ ဖုံးလွှမ်းနေသော မြေပြင်သာရှိလေသည်။ ယခုအခါတွင် အဖိုး၏ အုတ်ဂူနှင့်ကမ္ပည်းတိုင် တိုးလာသည်။

ထို အကြောင်းအရာကို တွေးတောနေစဉ် အဂ္ဂ၏ ညာဘက်နားရွက်အထက်ဖျား လက်နှဲ့ တို့လိုက်သည်ဟု ထင်လိုက်မိသည်။ အဂ္ဂက သူ့ပတ်ဝန်းကျင်ကို ချာကနဲ ပတ်လည်လှည့်ကြည့်လိုက်မိသည်။ မည်သည့်အသွင်သဏ္ဌာန်ကိုမှ မတွေ့ရ။

သို့ရာတွင် စောစောက အဖိုးအကြောင်းကို အာရုံရောက်နေသောကြောင့်အဂ္ဂသတိမထားမိသည်မှာ တရုတ်စကားပွင့်များသည် အပင်ထက်မှ တဖြုတ်ဖြုတ်ကြွေကျနေခြင်းဖြစ်သည်။ အဂ္ဂ၏ ခြေရင်းတွင် လေးငါးပွင့် တွေ့ရသည်။ ထို့ကြောင့် ပင်ယံထက်မှ ကြွေကျလာသော စကားတစ်ပွင့်သည် သူ၏ နားရွက်အထက်ဖျား

www.burmeseclassic.com



ကို ထိသွားခြင်းလည်းဖြစ်နိုင်ပါ သည်။

မည်သို့ပင်ဖြစ်စေ တိုက်ဆိုင်နေသည်မှာ အဖိုးသည် အဂ္ဂကို ကလူကျီစယ်သည့်အခါတိုင်း ညာဘက်နားရွက်ထိပ်ဖျားကို အသာအယာ ဆွဲလေ့၊ တို့လေ့ရှိမြဲဖြစ်သည်။

"ငါ့မြေးက မဟာနဖူးကျယ်ကျယ်၊ နားရွက်ကားကားနဲ့ဆိုတော့အရွယ်ရောက်လာတဲ့အခါကျရင် ဆရာ အခေါ်ခံရလိမ့်မယ်၊ ကန်တော့ခံရလိမ့်မယ်ကွ"

. . ဟူ၍လည်း ကြိုတင်နိမိတ် ဖတ်လေ့ရှိကြောင်း ပြန်လည်သတိရမိသည်။ အဂ္ဂသည် ဒူးထောက်ထိုင်လျက်သားဖြင့် အဖိုး၏ အသွင်သဏ္ဌာန်ကို ရည်မှန်းလျက် အုတ်ဂူနှင့် ကမ္ဗည်းတိုင်ကို ကန်တော့သည်။ ထိုသို့နဖူးမြေထိ ကန်တော့နေစဉ် အဖိုးဘမြက်ထွင့်ခေါင်က ကမ္ဗည်းတိုင်ရှေ့တွင် မတ်မတ်ရပ်နေရာမှ ခါးကို ရှေ့သို့ကိုင်းညွတ်လျက် သူ၏ ဦးခေါင်း နောက်ဘက်ကို ညာလက်ဖဝါးဖြင့် ပွတ်သပ်ပေးသည့်ပမာ ခံစားလိုက်ရသည်။ အဂ္ဂ၏ နားထဲတွင်လည်း အဖိုး၏ အသံဖြင့်. . .။

"ငါ့မြေးလေးအဂ္ဂ ဘုန်းကြီးဆို့ အသက်ရှည်ပါစေ၊ ဆိုးကံများ ပပျောက်၍ ကောင်းကံများ ရောက်ရှိခံစားနိုင်ပါစေ"

. . ဟူသော အဖိုး၏ ဆုပေးနေကျ စကားလုံးများကိုကြားလိုက်ရသည်။ ဤအသံသည် သူ၏ နားထဲတွင် ကြားယောင်လိုက်ခြင်း မဟုတ်ပဲ အဖိုးကိုယ်တိုင်ပြောလိုက်ခြင်းဖြစ်သည်ဟု အဂ္ဂအနေနဲ့ ယူဆလိုက်သည်။

သူ၏ အနီးပတ်ဝန်းကျင်တွင် အဖိုးရောက်ရှိနေသည့်ပမာ ခံစားလိုက်ရသည်။

"အဖိုးမြေးလေးအဂ္ဂဟာ အဖိုးရဲ့ဆန္ဒအတိုင်း ဖအိမ်ကြီးကို ရောက်လာပြီ အဖိုး၊ မြေး



www.burmeseclassic.com

www.burmeseclassic.com



လေးရောက်ရောက်ချင်း လာပြီး နှုတ်ဆက်တာပါ၊ အဖိုးဖြစ်လေရာဘဝကနေ မြေးလေး ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို သာဓုခေါ်နိုင်ဖို့ အမျှပေးဝေပါတယ်၊ အမျှ. . အမျှ. . အမျှ၊ အဖိုးဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ပြီး မြင့်မြတ်သော ဘုံဌာနမှာ ခံစားစံစားနိုင်ပါစေ"

အဂ္ဂက တုန်ယင်လှိုက်မောသော အသံဖြင့် တီးတိုးရွတ်ဆိုဆုတောင်းလိုက်သည်။ရေကန်အနီးရှိ စကားဝါပင်ကြီးအထက်မှ တောက်တဲ့တစ်ကောင်သည် . . "တောက်တဲ့"ဟူသော အသံပြြကြီးဖြင့် ခုနစ်ကြိမ်တိုင်တိုင်အော်မြည်လိုက်ကြောင်း ကြားရသည်။ အကယ်၍ သာမန် တိုက်ဆိုင်မှုမဟုတ်ပါက အဖိုးသည် ဤနေရာဝန်းကျင်၌ ပရလောကသားတစ်ယောက်အဖြစ် မှီခိုတယ်နားနေသေးသည်ဟူ၍ သံသယဖြစ်စရာကောင်းနေ၏။ လေရှူးသုန်သုန် တိုက်ခတ်နေသောကြောင့် စကားဝါပင်ကြီးအနီးရှိ ရေကန်ကြီးထဲတွင် ဂယက်လေးများ ထနေသည်။ အဂ္ဂသည် သင့်လျော်သော တစ်နေ့တွင် အဖိုးအတွက် ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား အလှူဒါနပြု၍ ရေစက်ချအမျှပေးဝေရန် လေးလေးနက်နက် သံန္နိဋ္ဌာန်ချလိုက်သည်။

× × ×

အဂ္ဂသည် ခရီးပန်းလာသူဖြစ်သည်။ သို့ရာတွင် မဟူရာစံအိမ်ကြီးသို့ စတင်ရောက်ရှိခဲ့သော ညတွင် ကွယ်လွန်သူအဖိုးအုတ်ဂူနှင့် ကမ္ဘည်းတိုင်သို့ သွားရောက်ဂါရဝပြုခဲ့၏။ ထို့နောက် ဦးရာမအား နှုတ်ဆက်၍ စောစောစီးစီး အိပ်ယာဝင်ခဲ့သည်။

အဂ္ဂအနေနဲ့ အိပ်၍ မပျော်တပျော် အချိန်တွင် ချယ်ဝန်းသော ဝင်းခြံ၏ ရှေ့ဘုထောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ စောင်းတီးသံ သဲ့သဲ့ကို ကြားရသည်ဟု မှတ်ထင်လိုက်မိသည်။ သို့ရာတွင် အိပ်ချင်စိတ်ကို တားမနိုင်၊ဆီးမရဖြစ်နေသောကြောင့် သူကြားသည်ထင်သော စောင်းသံထွက်ပေါ်ရာ ရပ်ဝန်းကို သွားရောက်လေ့လာခြင်း မပြုနိုင်ပါချေ။

နံနက် အရုဏ်မတက်မီ အဂ္ဂအိပ်ယာမှ နိုးနေသည်။ အလွန် စောနေသေးသောကြောင့် ပြန်လည်အိပ်စက်ရန် ကြိုးစားမိသည်။ ထိုအချိန်တွင် စောင်းသံသဲ့သဲ့ကို ထပ်မံကြားလိုက်ရပြန်သည်။ ညဥ့်ဦးပိုင်းက ကြားခဲ့ရသော ရာဟုထောင့် ဘက်မှပင် ဖြစ်သည်။

အဂ္ဂအနေနဲ့ စောင်းသံသဲ့သဲ့ကို ထပ်မံကြားရစဥ်က စိတ်အနှောင့်အယှက်ဖြစ်မိသည်။ သို့ရာတွင်မိနစ်ပိုင်းအကြာအတွင်း ထိုစောင်းသံသည် သူ့အား ချော့သိပ်သည့်ပမာ ယူဆလိုက်ရ၏။

မကြာမီ သူသည် နှစ်နှစ်ခြိုက်ခြိုက် ပြန်လည်အိပ်မောကျသွားခဲ့သည်။

သည်တစ်ကြိမ် အိပ်နေစဥ် အဂ္ဂ. . အိပ်မက်မက်သည်။

ထိုအိပ်မက်ထဲတွင် ရှပ်ဖြပ်ဟူ၍ ထုနှင့်ထည်နဲ့ ထင်ထင်ရှားရှားဖြစ်စေ၊ အခိုးအငွေ့များသဏ္ဌာန် ဝိုးတဝါးဖြစ်စေ မြင်ရခြင်းမျိုးမဟုတ်ပါချေ။

ပကတိ ဘာဆိုဘာမှမရှိသော ဟင်းလင်းပြင်ကြီးတစ်ခုထဲသို့ သူရောက်ရှိသွားသည်။ သူ့နားထဲသို့ စောင်းသံသဲ့သဲ့ တစ်ခုတိုးဝင်လာသည်ဟု ထင်ရသည်။ ထိုအခိုက်အတန့်တွင် ပြိုးကနဲ ပြက်ကနဲ ရွှေရောင်၊ ငွေရောင်တောက်ပသော အရောင်များမှာ မှိတ်ထားသော မျက်စိထဲတွင် တဖျတ်ဖျတ် လင်းလက်လာသည်။ ထိုနောက် အဆက်အစပ်မရှိလှသော စကားလုံး(၂)လုံးကိုပါကြားလိုက်ရသည်။ 'ရာဟုထောင့်. .



www.burmeseclassic.com

www.burmeseclassic.com



ရေကန်'။ ထိုစကားသံသည် အဂ္ဂ၏ နားထဲတွင် ပဲ့တင်ထပ်လျက်ရှိသည်။

ကြားနေရသော ကျယ်လောင်သည့် အသံမှာ တဖြည်းဖြည်း တိုးလာသည်။ တီးတိုးလေသံမျိုး ဖြစ်လာသည်။ ထိုနောက်လုံးဝပျောက်ကွယ်သွားသည်။ထိုအသံသည် အဖိုးအသံနှင့် ခပ်ဆင်ဆင်တူနေသည်။

အဂ္ဂသည် သူအိပ်ယာမှ နိုးလာခြင်းကို တိတိပပသိလိုက်ရသည်။ သို့ရာတွင် အိပ်ယာမှ မထသေးပဲဆက်လက်လဲလျောင်းလျက်သားဖြင့် မျက်လုံးအစုံကိုမှိတ်၍ ပြန်လည်စဉ်းစားနေလိုက်သည်။

"တောက်တဲ့မြည်သံ. . စောင်းသံသဲ့သဲ့. . ရာဟုထောင့်ရေကန်"

. . ဟူသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခုသီးခြားစီလား။ သို့တည်းမဟုတ် ဆက်စပ်နေသည်လား ခွဲခွဲခြားခြား မသိနိုင်ပါချေ။ တစ်နည်းအားဖြင့် မသိသေးဟူ၍ သတ်မှတ်လိုက်သည်။ ထိုအကြောင်းအရာများ မကြားမီက ဤစံအိမ်သို့ နွားလှည်းကြုံစီး၍ လိုက်လာစဉ် လှည်းသမားကြီး အမှတ်တမဲ့ ပြောလိုက်သော စကားသံလည်း ပြန်လည်ကြားယောင်လာမိသည်။

"ဟုတ်ပ၊ မောင်ရင်က ဘာကိစ္စနဲ့ ဘမြတ်ထွန်းခေါင်စံအိမ်ကို သွားမှာတုန်း"

". . . ., . . . ., . . . ,"

"မောင်ရင်. . အဲဒီစံအိမ်နဲ့ ခြံအကြောင်း မသိသေးဘူးထင်တယ်"

". . . ., . . . ., . . . ,"

"ကျုပ်က ဘာဖြစ်လို့ပြောတာထက် မောင်ရင်ကိုယ်တိုင်သိတာက ပိုကောင်းပါလိမ့်မယ်"

". . . ., . . . ., . . . ,"

"ကျုပ်ကို ငွေတွေ အယ်လောက်ပေးပေး ဒီလိုစံအိမ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ လုံးဝမနေရဲဘူး"

. . . ဟူသော စကားလုံးများသည် အဂ္ဂအတွက် ပဟေဠိဆန်နေသည်။ ထို့ကြောင့် ဦးရာမထံတွင် အဖြေရှိလိုရှိငြား မေးမြန်းစုံစမ်းကြည့်ရတော့မည်။

× × ×

အဂ္ဂသည် အိပ်ယာမှထ၍ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး၊ အဝတ်သစ် ဝတ်ဆင်ပြီးတဲ့နောက် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ထိုအချိန်တွင် သူရှိခဲ့သော အိပ်ခန်းဘက်သို့ဦးတည်လျှောက်လာသည့် ဦးရာမကို မျက်နှာချင်းဆိုင်လိုက်မိသည်။

"လူလေးအဂ္ဂကို မနက်စာအဆင်သင့်ဖြစ်နေပြီလို့ လာပြောဖို့ ထွက်လာတာအတော်ပဲ၊ လာ. . ."

ဦးရာမက ပြုံးပြုံးချိုချိုဖြင့် ရှင်းပြ၍ ခေါ်ဆောင်သွားသည်။ ထမင်းစားခန်းထဲတွင် ... သားတကျ နေရာယူပြီးသော အ... အား ဦးရာမက သံဇကာအ... ဆောင်းဖွင့်၍ စားစရာပန်းက... များကို လက်လှမ်းမီအောင် ... သို့ တိုးပေးသည်။

ပေါင်မုန့်ထောပတ်သု... ပန်းကန်၊ ကြက်ဥဟတ်ဖရိုင်... ဘေကင်တစ်ပွဲ၊ ကော်ဖီပန်းက... နှင့်ကော်ဖီကရား၊ စသည်တို့ဖြ... သည်။ အဖိုးရှိစဉ်ကတည်းက ... နက်အိပ်ယာထချိန်တွင် ဘရိ... ဖတ်စ်စားလေ့ရှိသည်။ထို့ကြော... ဦးရာမက မှတ်မှတ်ရရဖြင့် ... အားလည်း ထိုသို့ ပြင်ဆင်ပေ... ခြင်းဖြစ်ပေလိမ့်မည်ဟူ၍ အဂ္ဂ... မှတ်ချက်ချလိုက်မိသည်။

ဇွန်းခရင်း. . . မားတို့... ကျင်လည်စွာ ကိုင်တွယ်၍ ... သောက်နေသော အဂ္ဂကို စာ... ရှေ့မှ ဦးရာမက ရပ်လျက်... ကြည့်နေသည်။

"ဦးရာမကော စားပြီး...



www.burmeseclassic.com

www.burmeseclassic.com



ပါး"

"ဖြီးပါပြီ. . . ကျုပ်တို့လို ဲတာသူတောင်သားတွေကတော့ မောင်ရင်တို့လို ဘိုစာနဲ့ မတင်း တိမ်ဘူးကွယ့်၊ ထမင်းကြမ်းကြော် နှင့်လက်ဖက်ရည်ကြမ်းကို အား ရပါးရစားမှ အဆင်ပြေတယ်၊ လူ လေးအဂ္ဂမနက်စာအတွက် ဘာ ဟင်းနဲ့ စီစဉ်ပေးရမလဲ၊ လော လောဆယ် ကျီသားခြောက်တော့ ရှိသေးတယ်"

"ရပါတယ်ဗျာ၊ အဆင် ပြေသလိုသာ ချက်ပါ၊ ကျွန်တော် က ချေးမများပါဘူး၊ စားလို့ရတာ အကုန်စားနိုင်တယ်၊ အခုလို ဘို စာမဟုတ်လည်း ဦးရာမစားသလို ထမင်းကြမ်းနဲ့လက်ဖက်ရည်ကြမ်း လည်း စားနိုင်ပါတယ်"

အဂ္ဂက အလိုက်သင့်ပင် ပြောလိုက်သည်။

စားသောက်ပြီးစီးသော အခါ အဂ္ဂစားထားသောပန်းကန် များကိုဆေးကြောရန်သိမ်းဆည်း နေသော ဦးရာမကို အဂ္ဂက မေး ခွန်းထုတ်သည်။

"ဒီစံအိမ်မှာ ထူးထူးခြား ခြား ဘယ်လို အကြောင်းအရာ တွေများ ဖြစ်ခဲ့ဖူးသလဲ ဦးရာမ"

"ဘာဖြစ်လို့လဲ. . . လူ လေးအဂ္ဂ"

ဦးရာမက ပြုံးတူးပြုံတဲ ဖြင့် မေးသည်။

"ဘာမှမဖြစ်ပါဘူး၊ မနေ့ က ကျွန်တော်. . နွားလှည်းကြုံ လိုက်လာတော့ လှည်းသမားကြီး က ဦးရာမက သတ္တိကောင်းလို့ တစ်ယောက်တည်းနေတာတဲ့၊ သူ ဆိုရင် ငွေဘယ်လောက်ပေးပေး မနေရဲဘူးလို့ ပြောခဲ့တယ်၊ အဲဒါ ကြောင့် မေးကြည့်တာ"

"ဟာ. . အဲဒါ ကိုဖိုးထင် ဖြစ်လိမ့်မယ်၊ သူက မြွေဆိုရင် မြက်လျှော်လိုအကောင်လေးတွေ မြင်လိုက်ရတာနဲ့ တစ်ခါတည်း သေးဖြန်းဖြန်းပါလေ့ရှိတယ်၊ ... ရင်တုန်းက ဒီခြံကြီးကို ဆရာကြီး

www.burmeseclassic.com



ဘာမြတ်ထွင့်ခေါင်ဝယ်ပြီးနောက် ပိုင်းမှာ မြွေပွေးတွေ အရမ်းပေါတာ၊ နောက်တော့မှ တဖြည်းဖြည်းနဲ့ ခြံပုတ်တွေ ပေါင်းမြက်တွေ ရှင်းတော့မှ နေရာပြောင်းသွားကြတာ၊ ဒါတောင်မှ တစ်ခါတစ်ခါ ရောက်လာလို့ မြင်ရတွေ့ရသေးတယ်"

ဦးရာမက ရှင်းပြသည်။

"ဒါထက် ဒီခြံထဲမှာ ပရလောကနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်တွေ ကြုံဖူးလား . . ဦးရာမ"

"ဟာ. . လူလေးအဂ္ဂက လည်း ပေါက်တတ်ကရတွေ အတွေးခေါင်နေပြန်ပါပြီ၊ လူလေးရဲ့ အဖိုးနှင့်ကျုပ် နှစ်ပေါင်းများစွာ နေလာခဲ့တာပဲ၊ တစ်ခါမှ သရဲခြောက်မခံဖူးဘူး၊ ဘာဖြစ်လို့မေးတာလဲ၊ လူလေးအဂ္ဂ ဘာတွေများ တွေ့လို့လဲ"

"ဘာမှတော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် ညတုန်းက အဖိုးကမွှည်းတိုင်ရှေ့မှာအမျှဝေလိုက်တော့ တောက်တဲ့အော်သံ ကြားလိုက်ရလို့ပါ"

"တိုက်ဆိုင်လို့ ဖြစ်ပါလိမ့်မယ်၊ ကျုပ်တို့ အဖိုးအဖွားတွေ ပြောဖူးလို့ ကြားတာတော့ရှိတယ်၊ လူတစ်ယောက်ယောက်က အမျှပေးဝေတာကို ကြုံကြိုက်လို့ကြားလိုက်ရတဲ့ ပရလောကသားတွေဟာ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်နိုင်ခွင့်ရသွားကြတယ်၊ အဲဒီလို သာဓုခေါ်နိုင်ပြီး အဆင့်မြင့်သွားတဲ့အကြောင်းနှင့်ပတ်သက်ပြီး အမျှဝေသူကို ပြန်လည်အသိပေးရာမှာ တချို့က အသံနဲ့၊ တချို့က အနံ့နဲ့၊ တချို့က ရုပ်အဆင်းသဏ္ဌာန်ပြလေ့ရှိတယ်၊ ဝေမာနိက အမျိုးအစားတွေကျပြန်တော့ ပရလောကထဲမှာ အဆင့်မြင့်တယ်၊ ဒါကြောင့် သူတို့ရဲ့ အဆင်းသဏ္ဌာန်ကို လှလှပပနဲ့ ချင်စဖွယ်ဖြစ်အောင် ဖွဲ့မက်ဖွယ်ရာ အမွှေးနံ့သာနဲ့ သင်းယာတဲ့ တသံ၊ တေးသံတွေဖန်တီးပြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ရှိကြောင်း အမျှဝေတာကို ရရှိပြီး သာဓုခေါ်နိုင်ကြောင်း အသိပေးကြတယ်၊သူတို့နဲ့ပဋ္ဌာန်းဆက်ရှိသူတွေကျတော့ တစ်ယောက်နှင့်တစ်ယောက် လူလူချင်းဆက်ဆံသလိုမျိုး ဆက်ဆံနိုင်သတဲ့"

ဦးရာမက နှသချာရှင်းပြသည်။

"ဦးရာမ. . အခုလောက်ပြည့်ပြည့်စုံစုံ ပြောပြနိုင်လိမ့်မယ်လို့ ကျွန်တော်အစက လုံးဝမထင်မိဘူး၊ ချီးကျူးတယ်ဗျာ၊ တကယ်ပါ"

အဂ္ဂက အားရပါးရပြောလိုက်သည်။

"ဒါကတော့ ကျုပ်သိထားတာတွေကို အကြောင်းမဲ့ သက်သက် လူတကာကို လိုက်ပြောနေရင် ကြွားတယ်ထင်ပြီး ပေါ်သွားမှာပေါ့နော်"

အဂ္ဂသည် ဦးရာမ၏ စကားကို အကြွင်းမဲ့ ထောက်ခံတဲ့အနေဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်သည်။

"နောက်တစ်ခု ပြောချင်တာက ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေတာလေးတွေ ပပျောက်သွားအောင် သံဃာတော်ပင့်ဖိတ်ပြီး ဆွမ်းကျွေးချင်တယ်၊ နောက်ပြီး အဲဒီအလှူဒါနကို ရေစက်ချ အမျှပေးဝေချင်တယ်၊ အဲဒါ ဦးရာမစီစဉ်ပေးနိုင်မလား"

"ရပါတယ်၊ အဲဒါ သိပ်ကောင်းတာပေါ့၊ သံဃာတော်တွေရှိတဲ့ ဘုန်းတော်ကြီးကျောင်းက ဝေးတယ်၊ ဒါပေမယ့် စောစောစီးစီး လှည်းနဲ့သွားပင့်ရမယ်၊ ဆွမ်းကျွေးပြီးတာနဲ့ ပြန်ပို့ရမယ်၊ အဲဒီကိစ္စကို ကျုပ် တာဝန်ထားလိုက်ပါ. . လူငယ်လေး"

"နောက်ပြီး ဒီအနီးအနားဝန်းကျင်မှာရှိတဲ့လူပုဂ္ဂိုလ်အနည်းအကျဉ်းကိုလည်း ကျွန်တော်နှင့် မိတ်ဖြစ်ဆွေဖြစ် သဘောမျိုးဖိတ်လို့ရမလား. . ဦးရာမ"

ဦးရာမက တက်ချက်မျှ



www.burmeseclassic.com

www.burmeseclassic.com



တွေကနဲဖြစ်သွားလေသည်။ ထို နောက်မှ . . ။

"အဲဒါတော့ သိပ်မလွယ်ဘူး၊ ရွာနဲ့က အတော်ကြီးကို အလှမ်းဝေးတယ်၊ အနီးဆုံးရွာက လေးမိုင်နီးပါးလောက်မှာရှိတယ်၊ ချိုင့်ဝှမ်းတွေ၊ ကုန်းတက်တွေ၊ အနိမ့်အမြင့်လမ်းခရီးဖြစ်တဲ့အတွက် သွားရေးလာရေးအဆင်မပြေဘူး လှည်းလမ်းကြောင်းရှိပေမယ့်လို့ ချောင်းကျယ်တစ်ခုကို ဖြတ်သွားရတယ်၊ ဒါကြောင့် ဒီနေရာကို တော်ရုံတန်ရုံနဲ့ မရောက်ကြဘူး"

"အဖိုးက ဘာဖြစ်လို့ ဒီနေရာကိုမှ ရွေးပြီး ခြံကျယ်ဝင်းကျယ်နဲ့ စံအိမ်ကို ကျကျနန ခမ်းခမ်းနားနား ဆောက်ရတာလဲဗျာ၊ ဘာရည်ရွယ်ချက်ရှိလို့လဲမသိဘူးနော်"

"ဆရာကြီးစံအိမ်ဆောက်တုန်းက ခြံဝန်းကျင်မှာ ရွာလေးတစ်ရွာ စည်စည်ကားကား ရှိခဲ့ဖူးပါတယ်၊ လူနေအိမ်ခြေလည်း နှစ်ရာကျော်လောက်ရှိတယ်လေ၊ နောက်တော့ ဒီနေရာဒေသထက် ပိုပြီး ကောင်းတယ်၊ ရေကြည်ရာ မြက်နုရာကို တစ်ယောက်ကစ် တစ်ရာဆိုသလို ပြောင်းရွှေ့သွား ကြလို့ ရွာကောကြီးဖြစ်ပြီး ကျန် ခဲ့တာပေါ့"

"ဒါဖြင့် အဖိုးလို လူစား ကတစ်ယောက်တည်းဆိုပါတော့ ဟုတ်လား"

"တစ်ယောက်ထဲတော့ မဟုတ်ဘူးကွ၊ ဒီခြံနဲ့ မနီးမဝေး တစ်နေရာမှာ ခြံကြီးတစ်ခြံရှိနေ သေးတယ်၊အုတ်တံတိုင်းကိုလက် ခုပ် တစ်ဖောင်လောက် အမြင့် ခတ်ပြီး ပတ်ဝန်းကျင်နဲ့ အတတ် နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ သူ့သမီးတစ်ဦး ရှိ သေးတယ်၊ အဲဒီခြံထဲက တိုက်ခံ အိမ်ကြီးမှာ ထမင်းချက်၊ အိမ်ရှေ့ ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ဒေါ် မွေးနှင့် ကျုပ်က ရပ်ရွာရပ်မျိုး ဖြစ်ခဲ့ဖူးလို့သိရတာ ဒေါ်မွေးက



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတာနဲ့ ချက်ပြုတ်စရာတွေနှင့်အတူ ခြံထဲဝင် ချက်ပြုတ်လျှော်ဖွပ် ဆေးကြောရှင်းလင်းပြီး ညနေကျတော့ လှေတစ်စင်းနဲ့ ကိုယ်တိုင် လှော်ခတ်ပြီး ရွာကို ပြန်လေ့ရှိတယ်"

"လှေတစ်စင်းနဲ့ ဟုတ်လား"

အဂ္ဂက တအံ့တသြမေးလိုက်သည်။

"ဟုတ်တယ်၊ အဲဒီခြံနှင့် ကိုက်သုံးရာအကွာမှာ ချောင်းရှိတယ်၊ အစကတော့ ချောင်းက အကျယ်ကြီးပေါ့၊ အခုတော့ တစ်တစ်စနဲ့ ကောသွားပြီး ပေတစ်ရာကျော်လောက်ပဲ ကျယ်တော့တယ်၊ အဲဒီ ချောင်းရိုးအတိုင်း စုန်ဆင်းသွားရင် ဒေါ်မွေးတို့နေတဲ့ ရွာစပ်ကို ရောက်တယ်"

"အဲဒီ ပုဂ္ဂိုလ်ကြီးနှင့်သမီးကို ဆွမ်းကျွေးတရားနာဖိတ်လို့ရရင် ဖိတ်ချင်တယ်. . ဦးရာမ"

"ကြိုးစားကြည့်တာပေါ့၊ ဒါပေမယ့် ဦးအိန္ဒြေလို ပုဂ္ဂိုလ်နှင့် ပတ်သက်လို့ ကျိန်းသေပြောလို့မရဘူး၊ သူ့သမီးလေး မိုးသက်တန့်ဟာ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ အဆင်ပြေအောင်လို့ နေတတ်တယ်လို့တော့ ဒေါ်မွေးက ပြောဖူးတယ်"

"ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဖိုးရဲ့ ဆန္ဒအရ ဒီနယ်မြေဒေသမှာ အခြေချမှာပါ။ ဒါကြောင့် အနီးအနား ပတ်ဝန်းကျင်နဲ့ တတ်နိုင်သမျှ ခင်ခင်မင်မင် ဆက်ဆံစေချင်တယ်၊ သူတို့ လိုအပ်တဲ့ အကူအညီကိုလည်း ဆောင်ရွက်ပေးချင်တယ်၊ ကျွန်တော်လိုအပ်တဲ့ အကူအညီဆိုရင် ဘယ်သူ့ဆီကဖြစ်ဖြစ် ရယူချင်တယ်၊ အပြန်အလှန် ကျေးဇူးပြုပြီး နေထိုင်ခြင်းဆိုပါတော့"

"မြန်မာလို ရှင်းအောင် ပြောရရင် လူလေးအဂ္ဂဆိုလိုတာက ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား”

အဂ္ဂသည် ဦးရာမ၏ ရှင်းလင်းချက်ကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ဦးခေါင်းညိတ်ပြလိုက်သည်။

× × ×

အဂ္ဂသည် အိပ်မက်ထဲတွင် ကြားခဲ့ရသော. . .။

“ရာဟုထောင့် ရေကန်” ဟူသော အဖိုးအသံနှင့်ဆင်တူရိုးများအသံအကြောင်းဖြစ်စေ၊စောင်းသံသဲ့သဲ့ကြားရခြင်းကိုဖြစ်စေ ဦးရာမအား ဖွင့်မပြောခဲ့ပါချေ။ ဒေဘယ်ကြောင့်ဆိုသော် တခါတရံ ထိုကဲ့သို့ ထူးခြားဆန်းကျယ်ဖြစ်ရပ်များအကြောင်းနှင့်ပတ်သက်၍ အမှန်တကယ် ကြုံတွေ့ခဲ့ရဖူးသူက တစ်စုံတစ်ယောက်အား ပြန်လည်ပြောကြားခဲ့ပါက. . .။

ကြားရသူအနေနဲ့ ထိုဖြစ်ရပ်များကို ကြုံဖူးခြင်းမရှိခဲ့ပါလျှင် ပြောပြသူအားအူကြောင်ကြောင် လူစား၊ ရူးသွပ်နေသူ၊ စသဖြင့် ထင်မြင်ယူဆသွားတတ်ကြသည် ထို့ကြောင့်အဂ္ဂက ကိုယ်တိုင်ဆန်း စစ်လေ့လာလိုသောကြောင့်လော လောဆယ် အခြေအနေတွင် ဦး ရာမအား ပြောမပြပဲ ချန်လှပ် ထားလိုက်ခြင်းဖြစ်သည်။

ထိုညတွင် အဂ္ဂသည် အိပ် ပေါ်သို့ ရောက်ရှိနေသော်လည်း တော်တော်နဲ့ အိပ်မပျော်ခဲ့ပါချေ။ သူ့အနေနဲ့ ဆန္ဒစောနေခဲ့သော ကြောင့် ဖြစ်သည်။ တိတ်ဆိတ် သော ပတ်ဝန်းကျင်တွင် အရာ ခပ်သိမ်း လှုပ်ရှားမှုမရှိ။ ပကတိ ငြိမ်သက်နေသည်ဟုထင်ရသည်။

ဧည့်ခန်းတွင်းရှိ သံစုံတီး တိုင်ကပ်နာရီမှ ညဆယ့်တစ်နာ ရီထိုးသံမြည်ဟိန်းထွက်ပေါ်လာ သည်။ စံအိမ်၏ အပြင်ဘက်တွင် လေတိုက်နေသံသည် အကာအ ကွယ် ကင်းမဲ့စွာ တိုက်ခတ်နေ ခြင်းဖြစ်သောကြောင့် ဝှူးဟူး မြည်နေသည်။ အဂ္ဂသည် ထိုလေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်နေသံနှင့်အတူ စောင်းသံကို ကြားလိုက်ရသည်။

လေတိုက်ခတ်မှုနှင့်အတူ ရောထွေးပါလာသော စောင်းသံသည် လွန်ခဲ့သော ညကထက်ပို၍ ပီပြင်နေသည်။ကြားရသူအား လွမ်းမောဆွတ်ပျံ့စေသည်။ တနုံ့နုံ့ခံစားမှုတစ်ခုကို ရင်တဖိုဖိုခံစားစေသည်။

အဂ္ဂသည် ဦးရာမထံမှ ကြိုတင်ယူထားသော လက်နှိပ်ဓာတ်မီးကို ကိုင်ဆောင်လျက် စံအိမ်ရှေ့တံခါးဖွင့်၍ ထွက်ခဲ့လေသည်။ အပြင်ဘက်တွင် လသာနေသည်။ ဦးရာမသည် ဇရက်မင်းစည်းစိမ်ဖြင့် အိပ်မောကျနေပြီဖြစ်သောကြောင့် သွား၍နှိုးပြန်လျှင်လည်း နိုးမည်မဟုတ်တော့ပါချေ။

အဂ္ဂသည် ပစ္စက္ခကာလတွင် စောင်းသံ၏ ညှို့ငင်ဆွဲဆောင်မှုကို ခံစားနေရသူ တစ်ယောက်ပမာ ဖြစ်နေသည်။ သူ၏ ခြေလှမ်းများသည် စောင်းသံကြားရာအရပ်သို့ လျှောက်သွားနေသည်။ တဖြည်းဖြည်း ရေကန်ကြီးနှင့် နီးလာသည်။

စောင်းသံက တစ်စ,တစ်စ ပိုမိုကျယ်လာသည်။

ရေကန်၏ အခြားမနီးမဝေးတွင် စကားဝါပင်ကြီးတစ်ပင်ရှိသည်။ ထိုစကားဝါပင်ကြီးသည် အဂ္ဂတို့ခြံနှင့်အခြား ခြံကျယ်ကြီး၏ နယ်နိမိတ်စည်းဖြစ်သည်။ စကားဝါပင်အောက် အမှောင်ရိပ်ထဲတွင် ငွေလရောင်ခြည်သည် ပြောက်တိပြောက်ကျား ကျနေသည်။ သို့ရာတွင် မြူဆိုင်းနေသောကြောင့် အရာခပ်သိမ်းကို ဝိုးတဝါး အသွင်သဏ္ဌာန်ဖြင့်သာ မြင်ရသည်။

စောင်းသံသည် စကားဝါပင်ကြီးအောက်မှ ထွက်ပေါ်လာခြင်းပင်။

အဂ္ဂသည် စကားဝါပင်ကြီးအောက်တွင် တစ်စုံတစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲ လှမ်းမြင်လိုက်သည်။ ထို့ကြောင့် ခြေသံလုံလုံဖြင့် ဆက်လျှောက်သွားသည်။ ဘာကြောင့်မှန်းမသိ သူ့ရင်ခုန်နှုန်းသည် အတိုင်းမသိ မြန်ဆန်နေသည်။ သူ၏ ခြေလှမ်းများက နှေးကွေးပြီး လေးလံနေပါသည်။ သွက်သွက်လက်လက် မရှိပါချေ။ အကြောများဆိုင်းနေသည့်အလား ခံစားနေရသည်။

စောင်းတီးနေသူသည် မိန်းမပျိုတစ်ယောက်ဟု သူထင်သည်။

အဘယ်ကြောင့်ဆိုသော် လေတိုက်နေသောကြောင့် သူမ၏ရှည်မြသော ဆံပင်ဆံနွယ်များသည် ဦးခေါင်းဝန်းကျင်တဝိုက်တွင် တဖျတ်ဖျတ်လှုပ်ရှားပျံ့လွင့်နေသည်ဟူ၍ မြင်နေရလေ၏။ သာမန်အားဖြင့်ဆိုလျှင် အဂ္ဂအနေဖြင့် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သင့်သည်။

သို့ရာတွင် သူမဝံ့မရဲဖြစ်နေသည်။ အကယ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပါကလော လောဆယ် မြင်တွေ့နေရသော အသွင်သဏ္ဌာန် ပျောက်ကွယ်သွားမှာကို စိုးရိမ်နေသည်။

ညဉ့်အချိန် မတော်ကြီးတွင် လူသူကင်းဝေးသော စကားဝါပင်ကြီးအောက်၌ တစ်ယောက်တည်းစောင်းတီးနေသော မိန်းမပျိုသည် မည်သည့်နည်းနဲ့မျှ လူသားစစ်စစ် မဖြစ်နိုင်ဟူ၍ ထင်မြင်ယူဆထားသည်။

မည်သို့ပင်ဖြစ်စေ ထိုအသွင်သဏ္ဌာန်ကို အဂ္ဂအနေနဲ့ သဲသဲကွဲကွဲ မြင်တွေ့နိုင်သော အကွာအဝေးအထိ သွားရောက်၍ အနီးကပ် လေ့လာလိုသော ဆန္ဒပြင်းပျနေသည်။ ထို့ကြောင့် သူက ရှေ့သို့ ဆက်လျှောက်သွားသည်။

အဂ္ဂဘက်သို့ ကျောခိုင်း၍ ထိုင်လျက်သား အနေအထားဖြင့် စောင်းတီးနေသော မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်၏ အကွာအဝေးမှာ တစတစ ကျဲ့သွားလေပြီ။ ကိုက်ငါးဆယ်နီးပါးရောက်ရှိသွားသော်အခါ အဂ္ဂ၏ ခြေလှမ်းများက အလိုအလျောက် တုန့်ကနဲ ရပ်တန့်သွားသည်။ မိန်းမပျိုသည် ကုန်းမြင့်ကမူတစ်ခုပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။

အဂ္ဂသည် သံပတ်ကုန်သွားသော ကလေးကစားစရာအရုပ်တစ်ခုမမာ ဖြစ်သွားသည်။

သူ့အနေနဲ့ ဤကဲ့သို့သောနေရာဒေသ၊ အချိန်ကာလမျိုး၌ တွေ့ရသော မိန်းမပျို၏ အသွင်သဏ္ဍာန်ကို အကြီးအကျယ် အံ့ဩနေသည်။ ငွေလရောင်ခြည်သည် သူမ၏ ဦးခေါင်းပေါ်သို့ ထိန်လင်းစွာ ကျနေသည်။ နက်မှောင်သန်စွမ်းသော ဆံကေသာများ၏ အောက်ခြေရှိ နုညက်လှသော ရွှေဝါရောင်လည်ဂုတ်သားနဲ့ ပြေပြစ်သော ပခုံးအလှမှသည် ခါးဆီသို့ ကျစ်လျစ် သွယ်လျနေသည်။ ထိုမှတဆင့် ဖွံ့ဖြိုးလှပလှသော တင်သားသည် ကုန်းမြင့်ကမူပေါ်တွင် ထိုင်လျက်သားဖြစ်နေလေသည်။

မိန်းမပျို၏ ခန္ဓာကိုယ်ကျောဘက်အလှမြင်ကွင်းကို ဟစိမ့်စိမ့်ကြည့်လျက် သာယာချိုမြိန်သော စောင်းသံထဲတွင် ယစ်မူးနေသော အဂ္ဂသည် ရှေ့သို့ဆက်လက်၍ ခြေတစ်လှမ်း တိုးလိုက်စဉ်၊ ရုတ်တရက် မမျှော်လင့်သောအပြောင်းအလဲတစ်ခုဖြစ်သွားလေသည်။ သစ်ကိုင်းခြောက်လေးတခုကို နင်းလိုက်မိသည်။

ထိုအခိုက်အတန့်တွင် စကားဝါပင်ကြီးပေါ်မှ စကားဝါတပွင့်သည် မိန်းမပျို၏ ကျောပေါ်မှတစ်ဆင့် မြေပြင်သို့ သက်ဆင်းကြွေကျသွားသည်။ မိန်းမပျိုကအမှတ်မထင် စောင်းတီးခြင်းကိုတိကနဲ ရပ်တန့်လိုက်သည်။ သူမနှင့်လက်တစ်ကမ်းအကွာရှိစကားဝါပွင့်ကို သွယ်လျသောလက်ညှိုး

www.burmeseclassic.com



လက်မဖြင့် လှမ်းကောက်လိုက်သည်။

ထိုနောက် စကားဝါပွင့်လေးကို တရှိုက်မက်မက် နမ်းနေသည်။ ပြီးလျှင် စောင်းကိုပွေ့၍ ထိုင်ရာမှ ထလိုက်သည်။ နောက်သို့လှည့်မကြည့်ပဲ မျက်နှာမူရာ ရှေ့တူရူအရပ်သို့ တစ်လှမ်းချင်း ညင်သာစွာ လျှောက်လှမ်းသွားလေသည်။ မိန်းမပျိုသည် အဂ္ဂ၏ သစ်ကိုင်းခြောက်နင်းသံကို ကြားလိုက်ရ၍ ထသွားခြင်းလား၊တိုက်ဆိုင်မှုလား မသေချာပါချေ။

အဂ္ဂသည် လောလောဆယ် အခိုက်အတန့်တွင် ဘာဆက်လုပ်ရမှန်းမသိပဲ အူကြောင်ကြောင်ဖြစ်နေသည်။ မိန်းမပျိုကို လှမ်းခေါ်ရကောင်းနိုးနိုး၊ သူမ၏ နောက်မှ ခြေလှမ်းသွက်သွက်ဖြင့် လိုက်ရကောင်းနိုးနိုး မရေမရာဖြစ်နေသည်။

သို့ရာတွင် သူဘာတစ်ခုမှ မလုပ်ဖြစ်။ မိန်းမပျိုလျှောက်သွားရာသို့ မျက်တောင်မခတ်၊ ငူငူကြီး ရပ်ကြည့်လျက်သား ကျန်ရစ်ခဲ့သည်။ မိန်းမပျို၏ အသွင်သဏ္ဌာန်သည် တစ်ဘက်ခြံ၏ အုတ်တံတိုင်း အရိပ်အောက်သို့ ရောက်ရှိပျောက်ကွယ်သွားသောအခါကျမှ အဂ္ဂက ပင့်သက်တစ်ချက် ရှူရှိုက်လိုက်မိသည်။ ထိုနောက် သက်ပြင်းမောတစ်ချက်ကို လေးလေးပင်ပင် ချလိုက်ရသည်။

အဂ္ဂသည် စံအိမ်ဘက်သို့ ပြန်လှည့်လာချိန်တွင် စိတ်ထဲမှ ကျိတ်၍ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

'ဘာကြောင့်များ မိန်းမပျိုနောက်သို့ မလိုက်သွားမိပါလိမ့်' ဟူ၍ နောင်တရနေမိသည်။ သို့ရာတွင် အကယ်၍ သူက စောင်းတီးသော မိန်းမပျိုနောက် လိုက်သွားမိပါက ပိုမိုဆိုးဝါးသော ဖြစ်ရပ်တစ်ခုက သူ့အတွက် ဆီးကြိုစောင်စားနေဖွယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမပျိုသည် သူ့အား မြူဆွယ် ညှို့ ငင်သွားခြင်းလည်း ဖြစ်နိုင်သည်။

သူမ၏နောက်သို့ လိုက်လာစေရန် တမင်သက်သက်ဖြားယောင်းသွားခြင်း ဖြစ်ပါက အကယ်၍ လိုက်သွားခဲ့သော်မမျှော်လင့်သော အန္တရာယ်နှင့်ရင်ဆိုင်ဖွယ်ရာရှိသည်။ ထို့ကြောင့် ယခုကဲ့သို့ မလိုက်ဖြစ်သည်က ခပ်ကောင်းကောင်းဟု စိတ်ကို ဖြေလိုက်ရသည်။

ထိုမိန်းမပျိုသည် နောက်ညတွင်လည်း ထပ်မံ၍ ရောက်ရှိကောင်း ရောက်ရှိနိုင်သည်။ မိမိအနေနဲ့ နောက်ထပ် တွေ့စရာအကြောင်း ရှိကောင်းရှိနိုင်သေးသည်ဟူသော မျှော်လင့်ချက်တစ်ခု ထားလိုက်သည်။

သို့ဖြင့် အဂ္ဂသည် စံအိမ်ထဲသို့ ဝင်လာပြီးနောက် အိမ်ရှေ့တံခါးကြီးကို ပိတ်လိုက်သည်။ အိပ်ခန်းထဲရှိ ကုတင်ပေါ်မှ မွေ့ယာထက်တွင် လဲလျောင်းမိသောအခါ မိန်းမပျို၏ နောက်ကျောဘက်မှ မြင်ရသော အလှအပသည် သူ့အမြင် အာရုံထဲ၌ စွဲမြဲကျန်ရှိနေသေးကြောင်း သဘောပေါက်လိုက်မိသည်။

x x x

ထိုနေ့သည် မဟူရာစံအိမ်သို့ အဂ္ဂရောက်ရှိပြီး ရက်သတ္တတစ်ပတ်ပြည့်ခဲ့လေပြီ။ ဦးရာမ၏ အကူအညီဖြင့် သံဃာတော်ငါးပါးကို ပင့်ဖိတ်၍ အရုဏ်ဆွမ်းကျွေး၊ ပရိတ်တရားတော်နာယူပြီးနောက် အဖိုးနှင့်ဝေနေယျသတ္တဝါတို့အတွက် ရေစက်ချ အမျှဝေခြင်းများ ပြုလုပ်ခဲ့သည်။

ထိုနောက် သံဃာတော်များအား ကျောင်းသခ်န်းသို့ ပြန်ပို့ရန် နွားလှည်းသမားအား မှာကြားလိုက်သည်။ စံအိမ်ထဲတွင် ရှင်းလင်းတိတ်ဆိတ်နေသည်။ သံ



www.burmeseclassic.com

www.burmeseclassic.com



ယာတော်များရှိစဉ်က ပရိတ်တရားတော်များ ရွတ်ဆိုခြင်း၊ လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချ အမျှပေးဝေခြင်း. . . စသောဆောင်ရွက်မှုကြောင့် ကြားခဲ့ရသော အသံများသည် သံဃာတော်များနှင့်အတူ လိုက်ပါသွားသည်ဟု မှတ်ထင်ရသည်။

သစ်ပင်များပေါ်ရှိ ငှက်ကျေးသရကာတို့၏ အသံများကိုသာလျှင် စံအိမ်ဝန်းကျင်၌ ကြားနေရသည်။

သံဃာတော်များ ဘုန်းပေးသုံးဆောင်ပြီးသော ဇွန်း၊ ပန်းကန်များကို ဦးရာမတစ်ယောက်တည်း မီးဖိုခန်းထဲ၌ ဆေးကြောနေသည်။ အဂ္ဂသည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်းထိုင်နေလျက် စဉ်းစားနေသည်။ သူပြုခဲ့သော အလှူဒါနကို အမျှပေးဝေရာတွင် အဖိုးဖြစ်သူ ဘမြတ်ထွန်းခေါင်နှင့်တကွ ဝေနေယျသုခိတဒုက္ခိတသတ္တဝါ အပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခံယူနိုင်ကြပါစေ။ လက်ရှိဘုံဘဝမှ မြင့်မြတ်သော ဘုံဌာနသို့ ရောက်ရှိခံစား၊ စံစားနိုင်ပါစေဟု ဆန္ဒဖြစ်ပေါ်နေသည်။

ပန်းကန်ခွက်ယောက်များဆေးကြောပြီးသော ဦးရာမသည်ဧည့်ခန်းသို့ ထွက်လာသည်။

"ဖိတ်ထားသော ဧည့်သည်တွေ တစ်ယောက်မှ မလာပါလား. . . ဦးရာမ၊ ဆွမ်းကျွေးပရိတ်တရားနာ ဒီနေ့ဆိုတာ သေချာပြောခဲ့ရဲ့လား"

အဂ္ဂက သေချာစေရန်မေးလိုက်သည်။

အကယ်၍ ဖိတ်ခဲ့သောရက် ယွဲ့မှားနေပါက အဆင်မပြေဖြစ်မှာ စိုးသောကြောင့်ဖြစ်သေသည်။

"သေချာပါတယ် . . . လေးအဂ္ဂရယ်၊ တခြားလူတွေကတော့ လာရမှာပေါ့တယ်၊ လာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လို့ မဖိတ်တော့ဘူး။ ဒါပေမယ့် ဦးအိန္ဒြာနှင့်သမီးလေး မိုးသက်တန့်ကိုတော့လာဖြစ်အောင်လာဖို့ ဒေါ်မွှေးနှင့် မှာလိုက်ပါတယ်"

"တကယ်လို့ ဒေါ်မွှေးက ပြောဖို့ မေ့သွားရင်တော့ ပိုလျှံနေတဲ့ ထမင်းဟင်းတွေကို ဦးရာမနဲ့ ကျွန်တော်ပဲ နှစ်ယောက်ထဲ မစားနိုင်မခမ်းနိုင် စားကြရတော့မယ်ထင်တယ်"

အဂ္ဂက ရယ်ရယ်မောမော ပြောသည်။

ထိုအခိုက်အတန့်တွင် ခြံဝင်းတံခါးမှ ခေါင်းလောင်းလှုပ်သံ ကြားလိုက်ရသည်။

"လူလေးပြောသလို ကျုပ်တို့ နှစ်ယောက်တည်းစားရင် မကုန်နိုင်မှာစိုးလို့ မိုးနတ်မင်းက ဧည့်သည် ဘစ်ယောက်ယောက် လွှတ်လိုက်ပြီထင်တယ်"

ဦးရာမသည် ပြောပြောဆိုဆိုဖြင့် စံအိမ်ရှေ့ပေါက်မှ ခြံထဲသို့ ထွက်သွားသည်။ အဂ္ဂက စံအိမ်ရှေ့ဘက် တံခါးပေါက်ကို ကျောပေးထိုင်နေရာမှ စားပွဲပေါ်ရှိ မဂ္ဂဇင်းစာအုပ်အဟောင်းတစ်အုပ်ကို ဆွဲယူဖတ်ရှုလိုက်သည်။ ထိုစာအုပ်ထဲတွင် ထူးခြားသော သစ်ခွစိုက်ပျိုးရေးနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ဆောင်းပါးများ ပါသည်။

တော်ဝင်သစ်ခွပန်းအသင်းကြီးမှ ထုတ်ဝေဖြန့်ချိသော စာအုပ်ဖြစ်သည်။ သစ်ခွပန်းမျိုးစုံ၏ ဓာတ်ပုံနှင့် အကြောင်းအရာများ စုံစုံလင်လင် ဖော်ပြထားသည်။

မိနစ်ပိုင်းအတွင်း ဦးရာမ ပြန်လာသံကြားရသည်။

ဦးရာမနှင့်အတူ ဧည့်သည်တစ်ယောက်ပါလာဟန်တူသည်။

"ကြွပါ. . ကြွပါ၊ ဒီစံအိမ်မှာ ကျုပ်နဲ့ လူလေးအဂ္ဂကလွဲလို့ တခြားဘယ်သူမှ မရှိပါဘူး၊ ကျုပ်တို့ကိုလည်း အားနာစရာလို့မယူဆကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးရာမ၏ ချိုသာလှိုက်လှဲသော အသံနှင့်အတူ အိမ်ထဲသို့ ဝင်လာသော ခြေသံများကို ကြားလိုက်ရသည်။ ထို့ကြောင့် အဂ္ဂသည် ဧည့်သည်မည်သူဟူ၍ သိလိုသော ဆန္ဒ၏ စေ့ဆော်မှုကြောင့် ထိုင်ရာမှထ၍ စံအိမ်ရှေ့ဘက် တံခါးပေါက်သို့ မျက်နှာမူလိုက်သည်။

ရှေ့ဆုံးမှ ဝင်လာသူက ဦးရာမ။

သူ့နောက်မှ ဝဝတုတ်တုတ် အဒေါ်ကြီးတစ်ဦး။

နောက်ဆုံးမှ ပါလာသူက မိန်းမပျိုတစ်ယောက်ဖြစ်လေသည်။

"လာ. . ဒေါ်မွေး၊ အထဲကိုကြွကြွပါ. . မိန်းကလေး"

ဦးရာမက ပျူပျူငှာငှာနဲ့ ဖိတ်ခေါ်လျက် အဂ္ဂဘက်သို့မျက်နှာမူလိုက်သည်။

"လူလေးအဂ္ဂ. . ဟောဒါက ဒေါ်မွေး၊ ကျုပ်နဲ့ ရပ်ဆွေရပ်မျိုးပါပဲ၊ ဒီမိန်းကလေးက မိုးသက်တန့်တဲ့၊ မိန်းကလေးရဲ့ အဖေ ဦးအိန္ဒြာကတော့ လိုက်မလာဖြစ်ဘူး၊ ကဲ. . သူကတော့ မဟာရာစံအိမ်ကြီးရဲ့တစ်ဦးတည်းသော မျိုးဆက်သစ် အဂ္ဂမင်းထွဋ်ခေါင် ဖြစ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒီပတ်ဝန်းကျင်မှာ ရှားရှားပါးပါး ဆုံစည်းရတဲ့ အိမ်နီးနားချင်းတွေဖြစ်ပြီး အခုလို ကျွန်တော်တို့ရဲ့ ဖိတ်ကြားမှုကို အရေးတယူဂရုတစိုက် လာရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ထိုင်ကြပါ၊ သိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါ၊ ကူညီဖို့ အသင့်ပါပဲ"

အဂ္ဂက အာသွက်လျှာသွက်ဖြင့် ပြောလိုက်သည်။

ထိုနောက် သူပြောလိုက်သော စကားထဲတွင် မည်ကဲ့သို့သော အမှားတစ်ခုခုပါသွားလေသနည်းဟူ၍ ဦးနှောက်ထဲတွင်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ဆန်းစစ်နေမိသည်။ သူ့အနေနဲ့ မိန်းမချောလေးတစ်ဦး၏ အထင်အမြင် လွဲမှားမှု မဖြစ်စေချင်။ မိန်းမပျိုနှင့်ဒေါ်မွေးတို့က ဆက်တီပေါ်တွင် ထိုင်ကြသည်။

"ဟုတ်ကဲ့ရှင့်၊ ဖေဖေဘုရားက ကျန်းမာရေး နည်းနည်းလောက် ချူချာနေလို့ မလိုက်လာနိုင်တာကို ခွင့်လွှတ်ပါ၊ မိုးသက်တို့ မိသားစုက ဖေဖေဘုရားနဲ့ မိုးသက်ရယ်ပဲရှိတာ၊ကြီးဒေါ်မွေးကတော့ မိုးသက်တို့အတွက် လိုအပ်သမျှ အစစအရာရာ ကူညီသူဖြစ်ပါတယ်၊ သူက လွဲလို့ တခြားဘယ်သူနဲ့မှလည်း ဆက်ဆံစရာ အကြောင်းမရှိပါဘူး. . . ဦးအဂ္ဂမင်းထွဋ်ခေါင်"

မိုးသက်တန့်က စကားပိတ် ပြောလိုက်သည့်ပမာ ဖြစ်သွားသည်။ စင်စစ်အားဖြင့် အဂ္ဂသည် လိုအပ်သော အကူအညီရှိရင် ပြောပါဟူ၍ မိုးသက်တန့်အား ဆက်ဆံရေးတံခါး ဖွင့်ပေးလိုက်သော သဘောမျိုးဖြစ်သည်သို့ရာတွင် မိုးသက်တန့်က ဒေါ်မွေးမှအပ အခြားမည်သည့်အကူအညီမှ မလိုအပ်သည့် သဘောမျိုး သုံးနှုန်းသွားသည်ဟု အဂ္ဂက ထင်မြင်ယူဆမိသည်။

တနည်းအားဖြင့် အဂ္ဂအတွေးခေါင်သွားခြင်း ဖြစ်ပေလိမ့်မည်။

ကြီးဒေါ်မွေးရဲ့ အကူအညီနဲ့တင် လုံလောက်ပါတယ်၊ အကယ်၍ ကြီးဒေါ်မွေးရဲ့ အကူအညီနဲ့ မလုံလောက်ပဲ လိုအပ်ခဲ့ပါလျှင် သူ့ထံမှ အကူအညီတောင်းခံပါမည်ဟု ဆိုလိုခြင်းဖြစ်သည်။

အဂ္ဂက အားတင်း၍ပြုံးလိုက်သည်။

ထိုအပြုံးလဲ့လဲ့တွင် မျက်လုံးအစုံကပါ လက်သွားသည်။ အဂ္ဂ၏ အပြုံးသည် သာမန်မိန်းမပျိုတစ်ယောက်အတွက် အိပ်မက်ကောင်းတစ်ခု ဖြစ်စေနိုင်ပေလိမ့်မည်။ ဦးရာမက စားသောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေးရန် ထမင်းစားခန်းထဲသို့ ဝင်သွားသည်။

"ကျွန်တော့် နာမည်ကို အဲဒီလောက်ကြီး ပြည့်ပြည့်စုံစုံ ခေါ်ရတာ ပင်ပန်းမှာပေါ့ဗျ၊ ကျွန်တော့်မိတ်ဆွေတွေကတော့ ရင်းရင်းနှီးနှီး အဂ္ဂလို့ပဲ ခေါ်လေ့ရှိပါတယ်"

မိုးသက်တန့်နှင့်ဒေါ်မွေး တို့သည် အလည်မှ စားပွဲခြားနေလျက် အဂ္ဂနှင့် မျက်နှာချင်းဆိုင် နေရာယူထားကြသည်။

"လောလောဆယ်မှာ မိုးသက်တို့က ရှင်နဲ့ ပထမဆုံးအကြိမ် ဆုံစည်းတာဖြစ်တဲ့အတွက် တစ်ယောက်အကြောင်းကို တစ်ယောက်မသိကြသေးပါဘူး၊ အဲဒါကြောင့် ရင်းနှီးတဲ့ မိတ်ဆွေတွေ မဖြစ်ကြသေးလို့ ဦးအဂ္ဂမင်းထွဋ်ခေါင်လို့ပဲ ခေါ်ပါရစေ"

"ရပါတယ်ဗျာ၊ရပါတယ်"

အဂ္ဂက လိုက်လိုက်လျောလျော ပြောလိုက်သည်။

မိုးသက်တန့်က အနိုင်ရသူပမာ အားရပါးရ ပြုံးလိုက်လေသည်။သူမ၏ အထက်သွားတန်းညာယွန်းယွန်းတွင် ငှက်ပျောဖူးသဏ္ဍာန် အစွယ်တစ်ခုကို မြင်လိုက်ရသည်။ အဂ္ဂ၏ ရင်ထဲတွင် ဒိတ်ကနဲ လှုပ်ရှားသွားသည်။

× × ×

ဦးရာမသည် ထမင်းစားခန်း၌ ထမင်းပွဲ၊ ဟင်းပွဲပြင်ရာတွင် အဂ္ဂအတွက် ထမင်းပန်းကန်ကို စားပွဲထိပ်သို့ နေရာချထားသည်။ အဂ္ဂ၏ လက်ျာဘက်တွင် မိုးသက်တန့်အတွက်နဲ့ အဂ္ဂ၏ လက်ဝဲဘက်တွင် ဒေါ်မွေးအတွက် ထမင်းပွဲ ရာထားပြင်ဆင်ခဲ့သည်။

သို့ရာတွင် တကယ်တန်း စားသောက်ကြသောအခါ အဂ္ဂသည် ထမင်းစားပွဲဝင်မထိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ခေ့ဒ်သည်တွေကို အရင်ကျွေးလိုက်ပါ . . ဦးရာမ၊ ကျွန်တော်ဗိုက်မဆာလို့မစားချင်သေးဘူး"

အဂ္ဂက ထမင်းစားခန်းသို့ မဝင်မီကတည်းက ဦးရာမအား ကြိုတင်၍ တီးတိုးမှာကြားခဲ့သည်။ ဘာကြောင့် ထိုသို့ ခေ့ဒ်သည်နှစ်ယောက်နှင့်တူ စားကြရမည့်အရေးကို ရှောင်လွှဲခဲ့မှန်း ဦးရာမက သဘောမပေါက်ပါချေ။ ထိုနည်းတူ အဂ္ဂကိုယ်တိုင်လည်း မိုးသက်တန့်တို့နဲ့ တရင်းတနှီး မစားခဲ့ခြင်းမှာ ဘာကြောင့်မှန်းမသိခဲ့။

မည်သို့ပင်ဖြစ်စေ အဂ္ဂသည် မိုးသက်တန့်ဆိုသောစွဲမက်ဖွယ်ရာ မိန်းမချောလေးကို နှစ်သက်သဘောကျစွာ စိတ်ဝင်စားမိသော်လည်း သူမ၏ စကားလုံးအသုံးအနှုန်းများဖြစ်သော အဂ္ဂ၏ အကူအညီမလိုပါ . . ဟူသော အဓိပ္ပါယ်နှင့်ပထမဆုံးအကြိမ် ဆုံတွေ့ရသောကြောင့် ရင်းနှီးသောမိတ်ဆွေမဖြစ်သေးပါ ဦးအဂ္ဂမင်းထွန်းခေါင်ဟူ၍ သူစိမ်းဆန်ဆန်ပြောခဲ့သည်။

စင်စစ်အားဖြင့် သူစိမ်းများ ဖြစ်နေသော်လည်း ဒီ့ထက်ပို၍ အံဆင်ပြေသော စကားလုံးများကို သုံးသင့်သည်ဟု အဂ္ဂကတွေးမိသည်။ တနည်းအားဖြင့် မိုးသက်တန့်သည် အမှန်တကယ်ဟန်မဆောင်တမ်း ပွင့်ပွင့်လင်းလင်း ပြောသွားသူဖြစ်သည်။ ထို့ကြောင့် မိုးသက်တန့်၏ စကားလုံးများသည် အဂ္ဂအား တနင့်တပိုး ဝေဒနာတစ်မျိုး ခံစားစေပါသည်။

"ဦးရာမရဲ့ လက်ရာတွေကတော့ အင်မတန် အရသာရှိတာပဲ၊ အားမနာတမ်း စားလိုက်ရရင် အိမ်ရှင်တွေအတွက် စားဖို့မကျန်တော့မှာစိုးလို့ မနည်းကြီးလျှော့စားရတယ်"

ဒေါ်မွေးက ရယ်ရယ်မောမော



www.burmeseclassic.com

www.burmeseclassic.com



မောဖြင့် အရွှန်းဖောက်လိုက်လေသည်။

"ရပါတယ်ဗျာ၊ ကျုပ်နဲ့လူလေးအဂ္ဂအတွက် ဖယ်ထားပြီးမှ ဒေါ်မွေးတို့ကို ကျွေးတာပါ၊ ကျုပ်တို့ နှစ်ယောက်စာအတွက် ကျန်ပါသေးတယ်"

ဦးရာမက ပြန်လည်ချေပလိုက်သည်။

အဂ္ဂသည် ဖတ်လက်စစာအုပ်ကို လက်ထဲတွင်ကိုင်ထားလျက် မိုးသက်တန့်နှင့်ဒေါ်မွေးတို့အား စံအိမ်ရှေ့ဘက် တံခါးပေါက်အထိ လိုက်ပို့သည်။

မိုးသက်တန့်က အမှတ်မထင် အဂ္ဂ၏ လက်ထဲမှ စာအုပ်ကို ဖျတ်ကနဲ တစ်ချက်လှမ်းပြီး ကြည့်လိုက်သည်။

"ဦးအဂ္ဂလည်း အဲဒီလို စာအုပ်မျိုးတွေ ဖတ်ဖို့ဝါသနာပါသလား"

မိုးသက်တန့်က လှမ်း၍ မေးလိုက်သည်။

အဂ္ဂက ခေါင်းတစ်ချက် ညိတ်ပြသည်။

သူ့နာမည်ကို မိုးသက်တန့်က အပြည့်အစုံမခေါ်ပဲ ရင်းနှီးသော မိတ်ဆွေများခေါ်သည့်အတိုင်း ပြောလိုက်သဖြင့် အံ့ဩသွားမိသည်။ ထိုသို့ အံ့ဩသော အမူအရာကို မိုးသက်တန့်က ရိပ်မိသည်။

"ရှင့်ကို ဦးအဂ္ဂလို့ သုံးလိုက်တဲ့အတွက် အံ့ဩသွားလား မသိဘူး၊ အခုဆိုရင် မိုးသက်တို့က ရှင့်အိမ်မှာ မနက်စာအပြည့်အဝစားပြီးသွားပြီလေ၊ ဒါကြောင့် စတွေ့ကာစနဲ့ မတူတော့ဘူး၊ ဒီအိမ်ကကျွန်မတို့စားအိမ်သောက်အိမ်ဖြစ်သွားတဲ့အတွက် အိမ်ရှင်နဲ့ရင်းနှီးတဲ့ မိတ်ဆွေဖြစ်နေပြီ၊ ဒါကြောင့် ဦးအဂ္ဂလို့ ခေါ်လိုက်တာပါနော်"

အဂ္ဂသည် စောစော မိုးသက်တန့်အပေါ်တွင် ဝင်မကျခဲ့ရခြင်းမှာ လုံးလုံးလျားလျား



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျယ်လွင့်စင်သွားလေ၏။ ပွင့်ပွင့်လင်းလင်းပြောတတ်သော ဤမိန်းမပျိုလေးကို နှစ်သက်ဖွယ် ဟူ၍ ပြောင်းလဲယူဆလိုက်၏။

"ရပါတယ်ဗျာ၊ ကြိုက်သလို ခေါ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီစာအုပ်က တော်ဝင်သစ်ခွအသင်းကြီးက ထုတ်ဝေဖြန့်ချိတဲ့ မဂ္ဂဇင်းပါ၊ ဒေါ်မိုးသက်တန့် စိတ်ဝင်စားလို့ ဖတ်ချင်စိတ်ရှိရင် ငှားသွားနိုင်ပါတယ်"

"စိတ်ဝင်စားပါတယ်၊ အဲဒီစာအုပ်မျိုးတွေ မိုးသက်တို့အိမ်မှာ အများကြီးရှိပါတယ်၊ ဒါထက် ပိုပြီး ထူးခြားဆန်းကြယ်တဲ့ ရုက္ခဗေဒဆိုင်ရာ စာအုပ်တွေကို ဖေဖေဘုရားက နိုင်ငံတကာစာအုပ်တိုက်တွေမှာ တိုက်ရိုက်မှာပြီး ဖတ်ရှုလေ့လာ စမ်းသပ်စိုက်ပျိုးသုတေသနပြုနေတာရှင့်"

မိုးသက်တန့်၏ စကားကြောင့် အဂ္ဂအကြီးအကျယ် အံ့ဩသွားသည်။

"ဟုတ်လား. . ဒါဆိုရင် တစ်နေ့လောက် ဒေါ်မိုးသက်တန့်တို့အိမ်ကို လာပြီး အဲဒီစာအုပ်တွေနဲ့ ထူးခြားဆန်းကြယ်တဲ့ အပင်တွေကို လေ့လာပါရစေ၊တကယ်လို့ ဒေါ်မိုးသက်တန့်က ခွင့်ပြုတယ်ဆိုရင်ပေါ့လေ"

အဂ္ဂက ပြေပြေပြစ်ပြစ် ပြောလိုက်သည်။

"မိုးသက် ခွင့်ပြုချင်ပေမယ့် ခွင့်ပြုလို့မရပါဘူးရှင်၊ အိမ်မှာက ဖေဖေဘုရား အိမ်ထောင်ဦးစီး ဖြစ်နေပါတယ်၊ ဖေဖေဘုရားရဲ့ ခွင့်ပြုချက်နဲ့မှသာ အိမ်ကို အဝင်အထွက် လုပ်လို့ရပါလိမ့်မယ်"

မိုးသက်တန့်က ခိုင်မာပြတ်သားစွာ ပြောသည်။

"ဒါဖြင့် ဒေါ်မိုးသက်တန့်ကတဆင့် ကျေးဇူးပြုပြီး ဒေါ်မိုးသက်တန့်ရဲ့ အဖေဦးအိန္ဒြာကို ခွင့်တောင်းပေးပါလားဗျာ၊တကယ်လို့ ခွင့်မပြုရင်တော့ ဘာတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလဲ"

"ဖေဖေဘုရားကို မိုးသက် ခွင့်တောင်းပေးပါ့မယ်၊ ဖေဖေဘု ရားက ခွင့်ပြုရင်တော့ ကြီးဒေါ် မွေးနဲ့ အကြောင်းကြား လိုက်ပါ့ မယ်၊ မိုးသက်တစ်ခုပြောချင်တာ က မိုးသက်နာမည်ကို အပြည့်အ စုံခေါ်ရတာ မပင်ပန်းဘူးလား၊ နောက်ပြီး ဦးအဂ္ဂမြတ်ထွန်းခေါ်င် အနေနဲ့ မိုးသက်အရွယ်ကို ဒေါ် တပ်ပြီးခေါ်စရာလား"

မိုးသက်တန့်က ဘဝင်မ ကျစွာ ပြောသည်။

"နာမည်ကို အပြည့်အ ခေါ်တာက ဒေါ်မိုးသက်တန့်နဲ့ ကျွန်တော် အခုမှ စပြီးတွေ့ကြသူ တွေမဟုတ်လား၊ နောက်ပြီး တစ် ယောက်နှင့်တစ်ယောက် အပြန် အလှန် လေးစားမှုအနေနဲ့ ဒေါ် တပ်ခေါ်လိုက်ရတာပါ"

အဂ္ဂက ရှင်းပြလိုက်လေ သည်။

သူမကို ကားလုံးဖြင့် ခွန်းတုန့်ပြန်လိုက်ခြင်းဖြစ်ကြောင်း မိုးသက်တန့်က သဘောပေါက် လိုက်သည်။ အဂ္ဂဆိုသောသူမှာ နည်းနည်းလေးမှ အတင်စီးမခံ တတ်သူဟူ၍ ကောက်ချက်ချမိ လိုက်သည်။ထိုနောက် အိမ်ရှေ့ရ နှုတ်ဆက်၍ အဂ္ဂမျက်မှောက်မှ ထွက်ခွာသွားသည်။

အဂ္ဂသည် မိုးသက်တန့် ထွက်သွားသည်ကို နောက်ကျော ဘက်မှ လှည့်ကြည့်လျက် နောင် တရသလို ဖြစ်နေမိသည်။ သည် မျှ မြန်မာဆန်ဆန် ချောမောလှ ပသော မိန်းမပျိုတစ်ယောက်ကို စတွေ့တွေ့ချင်း အကြောမခံ ခွန်းတုန့်ပြန် ပြောဆိုမိသည့်အ တွက် အမှားတစ်ခု ကျူးလွန်မိ သူကဲ့သို့ ခံစားနေရသည်။

သို့ရာတွင် ပြန်လည်ပြ ဆင်ပြောဆိုရန် နောက်ကျသွား ခဲ့လေပြီ။ ခြံဝသို့ ရောက်ရှိသွား သည်အထိ မိုးသက်တန့်သည် နောက်သို့ တစ်ချက်မျှပင် လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ပါချေ။ ခြံပြင်သို့ တောက်လျှောက်ထွက်သွားသည်။ ဦးရာမက ဝင်းတံခါးကို သံကြိုးဖြင့် ပတ်၍ သော့ခတ်လိုက်စဉ် ဒေါ်မွေးအား လှမ်းစလိုက်သေးလေသည်။

"အပျိုကြီးမမွေးချက်တဲ့ လက်ရာကို ဘယ်တော့စားရမှာလဲ"

"စိတ်ချ . . တစ်နေ့နေ့တော့ စားရစေ့မယ်၊ ဘယ်နေ့ဆိုတာတော့ တိတိကျကျ အာမမခံနိုင်သေးဘူး"

. . ဟူ၍ ရယ်ရယ်မောမော ပြောသွားသည်။

စင်စစ်အားဖြင့် ဒေါ်မွေးသည် အပျိုကြီးတစ်ယောက်ဖြစ်နေသည်ကို ရပ်ဆွေရပ်မျိုးဖြစ်ခဲ့သော ဦးရာမက အရွှန်းဖောက်လိုက်ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ မိုးသက်တန့်နှင့်ပတ်သက်၍ အဂ္ဂရင်ထဲတွင် တနုံ့နုံ့ခံစားနေရ၏။ မကြာမီ အချိန်ကာလအတွင်း ထိုခံစားမှု ပြေပျောက်သွားလိမ့်မည်ဟု အဂ္ဂက ထင်မိသည်။

× × ×

မိုးသက်တန့်သည် ကတိတည်သူဖြစ်သည်။

သူမ၏ဖခင် ဦးအိန္ဒြာထံတွင် ခွင့်တောင်းကြည့်မည်ဟူ၍ ပြောသွားသည့် အတိုင်းပင် ခွင့်တောင်းခဲ့သည်။ ထို့ကြောင့် လာမည့် ရက်သတ္တပတ်၏ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် သူတို့ အိမ်ဂေဟာသို့ လာရောက်နိုင်ကြောင်း ဒေါ်မွေးမှတဆင့် ဦးရာမအားမှာကြားလိုက်သည်။

ဦးရာမနှင့်ဒေါ်မွေးသည် တစ်ပတ်လျှင်တစ်ကြိမ် မြို့ဈေးတွင် ဈေးဝယ်ရင်း ဆုံလေ့ရှိသောကြောင့်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂသည် ဦးအိန္ဒြာ၏ခြံသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ကျယ်ဝန်းသော ခြံထဲတွင် အညိုရောင်ဆေးသုတ်ထားသော ကော့တေ့ချ်ဆန်ဆန် တစ်ထပ်တိုက်လေးဖြစ်သည်။ စင်စစ်အားဖြင့် အဖေနှင့်သမီးနှစ်ဦးထဲသာ နေထိုင်ကြသောကြောင့် ဒီ့ထက်ပို၍ ကြီးမားကျယ်ဝန်းစရာမလိုပါချေ။ ဧည့်ခန်းဆောင်၏ထောင့်ဘက် စားပွဲပေါ်တွင် မြန်မာ့စောင်းတစ်လက်တွေ့ရသည်။

အိပ်ခန်းသုံးခန်း၊ဧည့်ခန်းထမင်းစားခန်း၊ မီးဖိုခန်း ရေချိုးခန်းနှင့် သန့်စင်ခန်းတွဲလျက် စသည်တို့မှာ သာမန်ဖုထပ်တိုက်အတွက် အနေတော်မျှသာ ဖြစ်သည်။ သို့ရာတွင် စာကြည့်အဆောင်သည် အဆောက်အဦးတစ်ခုလုံးအတွက် ထက်ဝက်မျှနေရာယူထားသည်။

စာကြည့်ဆောင်ထဲတွင် စားပွဲနှင့်ကုလားထိုင် လေးလုံးအတွက်သာ သီးသန့် ရှိနေပြီး ကျန်နေရာ အားလုံးမှာ စာအုပ်စင်များနှင့်စာအုပ်ဗီရိုကြီးများကို နေရာချထားသည်။ စင်များနှင့်ဗီရိုများတွင် စာအုပ်များကို အကြောင်းအရာ၊ ဘာသာအလိုက် အက္ခရာစဉ်အလိုက်ကဏ္ဍများ စနစ်တကျ ခွဲခြားထားသည်။

လူတစ်ယောက်၏ အိမ်တွင် သည်မျှ ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်အများအပြားကို အဂ္ဂအနေနဲ့ သည်တစ်ကြိမ်သာလျှင် ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။

"ဖေဖေဘုရားက မြို့ကစာတိုက်ကို သွားနေပါတယ်၊ မကြာခင် ပြန်လာမယ်လို့ မှာသွားပါတယ်၊ ပြည်ပစာအုပ်ထုတ်ဝေရေး လုပ်ငန်းတစ်ခုက ဖေဖေဘုရားအတွက် ပို့လိုက်တဲ့ စာအုပ်တွေ ရောက်နေတယ်လို့ စာတိုက်က အကြောင်းကြားလိုက်တယ်၊ လောလောဆယ် ဖေဖေဘုရားမရှိပေမယ့် စာကြည့်ဆောင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် လေ့လာနိုင်ပါတယ်"

မိုးသက်တန့်က ဆီးကြို၍ ပြောသည်။

အဂ္ဂသည် စာအုပ်စင်များပေါ်မှ စာအုပ်များနှင့်မှန်ဘီရိုကြီးများရှိ စာအုပ်တို့ကို အနှောင့်များအား ဖတ်ကြည့်ရှုံမှုနဲ့သာ ကျေနပ်လိုက်ရသည်။ အသေးစိတ် တစ်အုပ်ချင်းကြည့်ရန် နာရီပေါင်းများစွာ အချိန်ယူရမည်ဖြစ်သည်။

"ကဲ. . ခဏလောက်နားပြီးမှ ဆက်လက်လေ့လာပေါ့နော်၊ လက်ဖက်ရည်သုံးဆောင်ဖို့ ကြွပါဦး"

ဒေါ်မွှေးက စာကြည့်ဆောင် အခန်းပေါက်ဝမှ ခေါင်းငဲ့၍ အသံပြုလိုက်သည်။ အဂ္ဂသည် ဦးခေါင်းတစ်ချက်ညိတ်၍ ဒေါ်မွှေး၏နောက်မှ လိုက်လာခဲ့လေသည်။

ထမင်းစားခန်းထဲတွင် မုန့်နှင့် လက်ဖက်ရည်ပွဲများ အသင့်ပြင်ဆင်ထားသည်။ မိုးသက်တန့်က အဂ္ဂအား ပြုံးရွှင်စွာ ဆီးကြို၍ ထိုင်ရန်နေရာညွှန်ပြလေသည်။

"ကြွပါရှင်၊ ထိုင်ပါ၊ သုံးဆောင်ပါ"

မိုးသက်တန့်သည် ကြည်လင်ရွှင်ပျစွာဖြင့် အဂ္ဂအတွက် ပန်းကန်ထဲသို့ လက်ဖက်ရည်များကို ကရားထဲမှ ငှဲ့ပေးသည်။ ထိုနောက် အဂ္ဂနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူတို့ နှစ်ယောက်၏ အလယ်၌ လက်ဖက်ရည်ပွဲ ပြင်ဆင်ထားသော စားပွဲခုံကြီးက ခြားနေလေသည်။

အဂ္ဂသည် အသားညှပ်ပေါင်မုန့်နှင့် လက်ဖက်ရည်ကို စားသောက်နေသည်။

"တကယ်လို့ ရှင်ဖတ်ချင်တဲ့ စာအုပ်တွေရင် ဖေဖေ့ဘားလာတော့ ငှားကြည့်နိုင်ပါတယ်"

www.burmeseclassic.com



"ကျွန်တော် စိတ်ကြိုက် မရွေးရသေးပါဘူးဗျာ၊ ဒီလောက် များပြားစုံလင်တဲ့ စာအုပ်တွေ စာကြည့်တိုက်မှာတောင် ရှိမယ်မထင်ဘူး"

အဂ္ဂက အယိုက်သင့်ပင် ပြောလိုက်သည်။

"အဲဒီ စာအုပ်တွေထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ ပန်းပင်တွေကို လိုက်ပြရဦးမယ်၊ အဲဒီ ပန်းပင်တွေကို မစိုက်ခင် အရင်ဦးဆုံး စာအုပ်တွေထဲမှာ ဖတ်ရှုလေ့လာရပါသေးတယ်၊ အပင်တစ်ပင်ချင်းအလိုက်သင့်လျော်တဲ့ မြေအချဉ်၊ အငံဓာတ်ကိုတိုင်းပြီး ပြုပြင်ရပါတယ်၊ မြေအမျိုးအစားဆိုရင်လည်း သဲဆန်သောမြေ နုံးဆန်သောမြေစသဖြင့်ပေါ့နော်၊ အပင်ကြီးထွားရှင်သန်မှုအတွက် လိုအပ်တဲ့ အပူအအေး ပြဒါးချိန် အတိအကျ ဖန်တီးရပါတယ်"

"ခင်ဗျားလည်း အတော်အတွေ့အကြုံရနေပြီပေါ့နော်"

အဂ္ဂက စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်သည်။

"ဖေဖေဘုရားရဲ့ တွဲဖက်အနေနဲ့ ဆောင်ရွက်ရတာကိုး၊ တချိန်ကဆိုရင် ဖေဖေဘုရားဟာ သူ့အဖိုးဖြစ်တဲ့ ဘုရင့်သမားတော်ကြီး ဦးဒေဝိန္ဒရဆီမှာ ကလေးသူငယ်ဘဝကတည်းက လက်တွေ့ဆည်းပူးသင်ယူခဲ့ရတာ"

"ဟာ. . . မြန်မာဘုရင်လက်ထက်ကစပြီး အဲဒီလောက်ကြီး စွမ်းရည်ထက်မြက်တဲ့မျိုးရိုးအဆက်အနွယ်နဲ့သိရတာ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်"

အဂ္ဂက စိတ်အားထက်သန်စွာ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"အခုလို ကိုအဂ္ဂချီးကျူးလိုက်တဲ့အတွက် မိုးသက်အရမ်းပီတိဖြစ်မိပါတယ်၊ တကယ်ပါ"

မိုးသက်တန့်က တရင်းတနှီးပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားထည်ဝါ၍ အရှိန်အဝါကြီးသော ပန်းဥယျာဉ်ကြီးသည် လက်ခုပ်တစ်ဖောင်ခန့်မြင့်အောင် ကာရံထားသော အုတ်တံတိုင်းကြီးထဲတွင် လေးပုံသုံးပုံနီးပါး နေရာယူထားသည်။ တစ်ထပ်တိုက်ကလေးက မြေကွက်တစ်ခုလုံး၏ လေးပုံတစ်ပုံမျှပေါ်တွင်သာ တည်ဆောက်ထားခြင်းဖြစ်သည်။

ပန်းဥယျာဉ်တစ်ခုလုံး၌ ထူးခြားဆန်းကြယ်သော ရှားပါးပန်းပင်မျိုးစုံကို စနစ်တကျ အကွက်ချ၍ စိုက်ထားသည်။ အသွေးအရောင်စုံလင်သောအသွင်သဏ္ဍာန်အမျိုးမျိုးအထွေထွေအံ့မခန်းနိုင်လောက်အောင် တွေ့နေရသည်။ ပျားပိတုန်းများ လိပ်ပြာများသည် ဝတ်ရည်စုပ်လိုက်၊ ပျံဝဲလိုက် ပြုလုပ်နေကြသည်။

မိုးသက်တန့်၏ အသားအရောင်သည် နေရောင်ခြည်၏အောက်၌ ရွှေဝါရောင်ဝင်းမွတ်သန့်စင် တောက်ပနေသည်။ ပန်းခင်းတစ်ခုနှင့်တစ်ခုအကြားရှိ လူသွားလမ်းများကြားမှ သူမက ဦးဆောင်၍သွားသည်။ အဂ္ဂသည် လူသွားလမ်းများပေါ်မှ လျှောက်ရင်း ဘေးဘယ်ညာကို ကြည့်မိသွားသည်။

စုစုပေါင်း နာရီဝက်မျှကြာသွားသည်။ သို့ရာတွင် ပန်းပင်များကို စုံစုံလင်လင်မကြည့်ရသေး။

ထို အခိုက်အတန့်တွင် တိုက်ထဲမှ ဒေါ်မွှေးက ညှပ်ခန်းပြုတင်းပေါက်တွင် ဦးခေါင်းပြူ၍ မိုးသက်တန့်အား လှမ်းခေါ်လေသည်။

"ဘာကိစ္စလဲ. . ကြီးဒေါ်မွှေး"

မိုးသက်တန့်က ဥယျာဉ်ထဲမှ ပြန်မေးသည်။

"သမီးဖေဖေ ဖုန်းဆက်နေတယ်၊ သမီးနဲ့ စကားပြောချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မွေးစကားကြောင့် မိုးသက်တန့်က အဂ္ဂအား. . ။

"ခဏလေးနော်၊ ကျွန်မ ပြန်လာခဲ့မယ်"

. . ဟူ၍ လှမ်းပြောကာ တိုက်ရှေ့ပေါက်ဖက်သို့ ခပ်သုတ်သုတ် ပြေးသွားသည်။ အဂ္ဂသည် မိုးသက်တန့်၏နောက်ကျောဖက်ကို လှမ်းကြည့်လိုက်သည်။ နက်မှောင်သန်စွမ်းသော ဆံပင်များသည် သူမ၏ ကျောပြင်၌ ဘေးဘယ်ညာ ဝေ့ဝိုက်လှုပ်ရမ်းသွားသည်။ ပခုံးအလှ အဝန်းအဝိုင်းမှ ခါးကျင်ကျင်သို့ အချိုးကျကျ သွယ်ဆင်းသွားပြီး တင်သားအဝေ့အဝိုက်ကို မြင်လိုက်ရသော အခါ အဂ္ဂစိတ်လှုပ်ရှားသွားလေသည်။

လွန်ခဲ့သော ရက်အနည်းငယ်က သူ့ဘက်သို့ ကျောပေး၍ ကုန်းကမူလေးပေါ်တွင် ကျကျနနထိုင်ကာ စောင်းတီးနေသော မိန်းမပျိုကို အမှတ်ရလိုက်မိလေသည်။ ထိုမိန်းမပျို ထလျှောက်သွားစဉ် နောက်ဘက်မှမြင်လိုက်ရသော ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်စွာ လှုပ်ရှားသွားသည်။ မိုးသက်တန့်နှင့်ဆင်ဆင်တူသလို အဂ္ဂအနေနဲ့ ဇဝေဇဝါဖြစ်လိုက်မိသည်။

ဧည့်ခန်းဆောင်မှ ဖြတ်သွားစဉ် ထောင့်ဘက်စားပွဲပေါ်တွင် သစ်စေးသုတ် သစ်သားခေါက်ခုံနှင့်တင်ထားသော မြန်မာစောင်းတစ်လက်ကို အဂ္ဂက အမှတ်မထင် သတိရလိုက်မိလေသည်။

သို့ဖြစ်လျှင် စောင်းတီးသူသည် မိုးသက်တန့်များဖြစ်လေမလား။ အကယ်၍ မိုးသက်တန့်ဖြစ်ခဲ့လျှင် ဘာကြောင့် လသာသော ညအချိန်မတော်ကြီးတွင် စကားဝါပင်ကြီးအောက်သို့ သွားရောက်၍ စောင်းတီးခဲ့ပါသလဲ ဟူသော ပုစ္ဆာများက အဂ္ဂ၏ ဦးနှောက်ထဲသို့ တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်တန့် ပန်းဥယျာဉ်ထဲမှ ထွက်သွားသည် အဂ္ဂသည် ပန်းခင်းများကြားမှ လမ်းမှာအတိုင်း ရှေ့သို့ဆက်လျှောက်သွားသည်။ ရှေ့ဘက်တွင် လူသွားလမ်းမှာကို ကြိုးနီဖြင့် ကန့်လန့်ဖြတ် တန်းထားသည်ကို တွေ့မိလိုက်ရသည်။ စိုက်ခင်းမြေပြင်၏အထက် တစ်တောင်အမြင့်တွင် ကြိုးနီတန်းထားခြင်းဖြစ်သည်။

အဂ္ဂက အမှတ်မထင်ပင် ကြိုးနီကို ကျော်လွှား၍ သီးသန့်စိုက်ခင်းထဲသို့ ရောက်ရှိသွားလေသည်။

ထိုသီးသန့်စိုက်ခင်းထဲရှိ ပန်းပင်များ၏ ရနံ့သည် ပြင်းထန်စူးရှသော အမွှေးနံ့မျိုးဖြစ်သည်။ ပန်းပွင့်များ၏ အသွင်သဏ္ဍာန်မှာ ဝိုင်းဝိုင်းစက်စက်နဲ့ အချင်းရှစ်လက်မခန့် ရှိသည်။ ပွင့်ဖတ်များမှာ နူးညံ့ပျော့ပြောင်းပုံမရ မာခေါက်ခေါက်နဲ့ဖြစ်ပြီး ကြက်သွေးရောင်ကတ္တီပါနဲ့တူသည်။

ပန်းပွင့်တစ်ပွင့်ချင်း၏ အလယ်ဗဟိုတွင် အချင်းတစ်လက်မပတ်လည်ခန့်ရှိ ဝတ်မှုန်များကပ်လျက် ဝတ်ရည်များဖြင့် ပြည့်လျှံနေခဲ့သော ရွှေဝါရောင် ဝတ်ရည်တံများရှိသည်။

ဝတ်မှုန်များက စူးရှသင်းမြသော ရနံ့ကို ထုတ်လွှတ်သည်။

ဝတ်ရည်တံများ ထဲတွင် ပြည့်လျှံချိုမြသော အရည်များရှိသည်။ သို့ရာတွင် ပန်းဥယျာဉ်ရှေ့ပိုင်းကဲ့သို့ ပျားပိတုန်းများနဲ့ လိပ်ပြာများ ပျံသန်းရစ်ဝဲခြင်း၊ ဝတ်ရည်စုပ်နေခြင်းတို့ကို မတွေ့ရသဖြင့် အဂ္ဂအံ့သြနေသည်။

ပန်းခင်းတစ်ခင်းချင်းကို မည်သည့်နေ့ရက်တွင် မျိုးတစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားကြောင်း မှတ်တမ်း ကပ်ပြားလေးများဖြင့် ပန်းခင်းတစ်ခုချင်း၏ ထိပ်တွင် စိုက်ထူထားသည်။ထိုအချက်များကို ကြည့်ခြင်းအားဖြင့် သမန်းရိုးကျမဟုတ်ပဲ ထူခြားဆန်းကြယ်၍



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ် ကောင်းသော နည်းစနစ်များဖြင့် စမ်းသပ်တီထွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း အဂ္ဂသဘောပေါက်မိသည်။

လိပ်ပြာပျားပိတုန်းများသည် ပန်းထဲရှိ အန္တရာယ်ပြည့်လျှမ်းသော ဝတ်ရည်များကို စုပ်လေ့စုပ်ထ မရှိကြပါချေ။ ထို့အတွက်ကြောင့် လောလောဆယ် အဂ္ဂရောက်ရှိနေသော သီးသန့်စိုက်ခင်းထဲမှ ပန်းများ ပတ်ဝန်းကျင်တွင် လိပ်ပြာနှင့်ပျားပိတုန်းများကို လုံးဝမတွေ့ရသဖြင့် အဆိပ်ပြင်းသော ပန်းအမျိုးအစားများသာ ဖြစ်ပေလိမ့်မည်။

ပန်းပင်များ၏ အောက်ခြေနှင့်မြေသားပေါ်တွင် နီညိုရောင်ရင့်ရင့်အကွက်၊ အစွန်းများ ပျစ်ချွဲခြောက်ကပ်နေသည်ကိုတွေ့ရသည်။ အဂ္ဂသည် ထိုအရာကို စစ်ဆေးသုံးသပ်ရန် တစ်ထွာခန့် သစ်ကိုင်းခြောက်တစ်ခုကိုရှာ၍ ပျစ်ချွဲ ခြောက်ကပ်နေသော အကွက်ကို ထိုးကလော်သည်။ သစ်ကိုင်းခြောက်၏ အဖျားတွင် ကပ်ငြိပါလာသော အစအနများကို အနံ့ခံကြည့်သည်။

သူ၏ အသိဉာဏ်ထဲတွင် ထိုနီညိုရောင်ရင့်ရင့် ပျစ်ချွဲချွဲကပ်ငြိနေသော အရည်များသည် ညှီစို့စို့အနံ့ ထွက်ပေါ်နေလေသောကြောင့် တိရစ္ဆာန်၏သွေး သို့မဟုတ် လူသားတစ်ယောက်၏ သွေးများ ဖြစ်လေမလား. . ဟူ၍ ကောက်ချက်ချလိုက်မိသည်။

ထိုအခိုက်အတန့်တွင်။

"ကိုအဂ္ဂ. . ရှင်ဘာဖြစ်လို့ စည်းကျော်သွားတာလဲ၊ အနီရောင်ကြိုးတန်းနဲ့ စည်းတားထားတဲ့ အထူးစိုက်ခင်းထဲကို ဘယ်သူမှ ဝင်ခွင့်မရှိဘူး"

. . ဟူသော အသံနှင့်အတူ အပြေးအလွှား လာနေသော မိုးသက်တန့်ကို တွေ့လိုက်ရသေည်။ အနီးသို့ ရောက်လာသော သူမ၏ မျက်နှာသည် အကြီးအ



www.burmeseclassic.com

www.burmeseclassic.com



ကျယ် တင်းမာနေသည်။

"ကျွန်တော် မသိလို့ပါ၊ ဒါဆိုရင် ကျွန်တော်ပြန်ထွက်ပါ့မယ်"

အဂ္ဂက အားတုန့်အားနာဖြင့် တောင်းပန်လေသည်။မိုးသက်တန့်၏ မျက်နှာသည် ရုတ်တရက် ချက်ချင်းပြန်လှည့်၍ နူးညံ့သိမ်မွေ့သော မွန်မွန်ရည်ရည် အသွင်သဏ္ဌာန် ပြောင်းလဲဖြစ်ပေါ်လာသည်။

"ဟုတ်သားပဲ၊ ရှင့်အပြစ်မှမဟုတ်ပဲ၊ ရှင့်ကို ကြိုတင်သတိမပေးခဲ့တာ မိုးသက်အပြစ်ပဲလေ၊ နောက်ဆိုရင် ဘယ်တော့မှ အဲဒီကြိုးနီးတားတားတဲ့ စိုက်ခင်းထဲကို မဝင်နဲ့နော်၊ အဲဒီအပင်တွေက အင်မတန်ရှားပါးပြီး ထူးခြားတဲ့ ပန်းမျိုးတွေကို ရောစပ်ထားတာ၊ နောက်ပြီး တစ်ချို့ပန်းပင်တွေဆိုရင် ခံစားမှုတုန့်ပြန်ချက် တောင်ဖြစ်နေပြီ၊ ဖေဖေဘုရားမလာခင် မိုးသက်စမ်းသပ်ပြမယ်၊ ဖေဖေဘုရားရှိရင် အဲဒီလိုမျိုး မစမ်းသပ်ရဲဘူး. . သိလား"

မိုးသက်တန့်သည် ချစ်ခင်မြတ်နိုးဖွယ် အပြစ်ကင်းစင်သော ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်၏ အမူအရာမျိုးဖြစ်သွားသည်။ သူမ၏ ပခုံးနှစ်ဖက်ကို တွန့်ပြလေသည်။ ထိုနောက် စောစောက အဂ္ဂချထားလိုက်သော သစ်ကိုင်းခြောက်ကို မိုးသက်တန့်က ကောက်ယူလိုက်သည်။ ပန်းပွင့်တစ်ပွင့်၏ အရင်းဘက် အောက်ခြေရိုးတံကို သစ်ကိုင်းခြောက်ဖြင့် ဆတ်ကနဲ ဖွဖွသာသာ ရိုက်လိုက်သည်။

အဂ္ဂ၏ အံ့သြမှုမှာ အစွမ်းကုန်ဖြစ်သွားသည်။

သူ့နားထဲတွင် သေးသေးမွှားမွှား စူးရှသော အသံတစ်သံကို ကြားလိုက်ရသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပန်းပင်တို့၊ သစ်ပင်တို့ဆိုတာမျိုးတွေကလည်း သက်ရှိတွေပဲမဟုတ်လား၊ တီတီကျကျပြောရရင် မရွေ့လျားနိုင်တဲ့ သက်ရှိအမျိုးအစားပေါ့နော်၊ ဒါကြောင့် မိုးသက် . . . သူတို့ကို အရမ်းသနားတယ်၊ အရင်က အဲဒီခံစားမှုတုန့်ပြန်ချက်တွေကို မသိတော့ ပန်းပွင့်လေးတွေကို ခူးမိတယ်၊ တကယ်တော့ အဲဒါက သူတို့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို ချိုးဖဲ့လိုက်တာပဲရှင့်၊ ဘယ်လောက်များ ဆတ်ဆတ်ခါ နာကျင်သွားမလဲဆိုတာ ကိုယ်ချင်းစာကြည့်ရင် ပန်းပွင့်လေးတွေကို ခူးဖို့စိတ်တောင်မကူးရဲတော့ဘူး . . . တကယ်”

အဂ္ဂကို စိတ်ရှည်လက်ရှည် ရှင်းပြနေချိန်တွင် မိုးသက်တန့်၏ မျက်လုံးအစုံက ပကတိကြည်လင် တောက်ပနေသည်။ သူမ၏ စိတ်ဝိဉာဉ်သည် အထူးပင် သန့်ရှင်းစင်ကြယ်နေသည်ကို သိသာနိုင်သည်။

မိုးသက်တန့်နှင့်အဂ္ဂသည် ပန်းခင်းတွင် လမ်းလျှောက်လာကြသည်။ မိုးသက်တန့်က စကားတပြောပြောနဲ့ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက်ပခုံးချင်း ထိလုထိခင် ဖြစ်သွားလေ့ရှိသည်။ မျက်နှာတစ်ခုနှင့်တစ်ခု၏ အကွာအဝေးမှာ တစ်ခါတစ်ရံ တစ်ထွာသာသာမျှဖြစ်သွားတတ်သည်။

ထိုအခါ မိုးသက်တန့်၏ နှာခေါင်းမှထွက်သော လေသည် ပန်းရနံ့ပမာ ဖြစ်နေသည်ဟု အဂ္ဂက ယူဆလိုက်မိလေသည်။ ခရမ်းရောင်ပန်းပွင့်၏ မွှေးရနံ့နှင့်တူသည်ဟူ၍လည်း ဆုံးဖြတ်လိုက်မိသည်။

ခရမ်းရောင်ပန်းပွင့်များ



www.burmeseclassic.com

www.burmeseclassic.com



ကို အတန်းလိုက် ဘောင်တင်၍ စိုက်ထားသော နေရာအရောက် အဂ္ဂသည် ပန်းတစ်ပွင့်ကို မခူး ဆွတ်ပဲ ကိုင်တွယ်၍ နမ်းကြည့်ရန် ခါးကို ကိုင်းညွှတ်၍ ပန်းပွင့်ရှိရာသို့ လက်လှမ်းလိုက်သည်။

အဂ္ဂ၏ လက်ချောင်းများနှင့်ခရမ်းရောင်ပန်းပွင့် ထိလုထိခင် အချိန်တွင်. . .။

"မထိနဲ့"

. . ဟူ၍ စူးစူးဝါးဝါးပင် အော်လိုက်သော မိုးသက်တန့်၏ အသံကို အထိတ်တလန့် ကြားလိုက်ရသည်။ တစ်ချိန်တည်းမှာပင် သူမ၏ ညာလက်က အဂ္ဂ၏ လက်ကို ဆုပ်ကိုင်ဖယ်ရှားလိုက်သည်။

"ကျွန်တော် ခူးမလို့ မဟုတ်ပါဘူး၊ ရိုးတံကို အသာလေးကိုင်ပြီး ပန်းပွင့်ကို မွှေးကြည့်မလို့ပါ၊ မိုးသက်ရဲ့ နှာခေါင်းက ထွက်သက်နဲ့ မွှေးရနံ့ချင်း တူနေတယ်ထင်လို့"

အဂ္ဂက အမှန်အတိုင်း ရှင်းပြလိုက်သည်။

သူတို့ နှစ်ယောက်သည် ယခုအချိန်၌ အထိုက်အလျောက် ရင်းနှီးခင်မင်သူများ ဘဝသို့ပင် ပြောင်းလဲ ရောက်ရှိနေကြသည်။ ထိုသို့သော ပြောင်းလဲမှုကို သူတို့ဖာသာပင် သတိမထားမိလိုက်ကြပါချေ။ မိုးသက်တန့်ကို အဂ္ဂက တရင်းတနှီး မိုးသက်ဟူ၍ သုံးနှုန်းနေလေပြီ။ ထိုနည်းတူ မိုးသက်တန့်ကလည်း အဂ္ဂမြတ်ထွဋ်ခေါင်အား ကိုအဂ္ဂဟူ၍ မကြာခဏ လွှတ်ကနဲ ခေါ်မိတတ်သည်။

"အဲဒီ ခရမ်းရောင်ပန်းပွင့်ဟာ အနံ့လေးက ချိုသင်းနံ့ထွက်သလောက် အင်မတန် အဆိပ်ပြင်းတယ်၊ သူ့သဘာဝအတိုင်းမဟုတ်ဘူး၊ တခြား အဆိပ်ပြင်းတဲ့ ပန်းပေါင်းစုံနဲ့ ပေါင်းကူးဆက်စပ်ထားတာလေ၊ အသက်အန္တရာယ်ဖြစ်တတ်တယ်လို့ ဖေ

www.burmeseclassic.com



ဖေဘုရားကသတိပေးထားတယ်” . . ဟူ၍ စိုးရိမ်မကင်းသော အမူအရာဖြင့် ပြောလိုက်သည်။

အဂ္ဂနှင့်မိုးသက်တန့်တို့ နှစ်ယောက် ပန်းဥယျာဉ်ထဲမှ အတူတကွ ထွက်လာကြစဉ် အဂ္ဂ၏ လက်ဖျံတစ်ခုလုံး အပူလောင်လှသော ဝေဒနာမျိုး တဖိန်းဖိန်း၊တရှိန်းရှိန်း ခံစားနေရသည်။ ထို့ကြောင့် အဂ္ဂက သူ့လက်ဖျံကို အမှတ်မထင် ငုံ့ကြည့်လိုက်မိသည်။

.စောစောက ခရမ်းရောင် ပန်းပွင့်နှင့်သူ၏လက် ထိလုထိခင် အချိန်တွင် မိုးသက်တန့်က သူ့လက်ဖျံကို ဆုပ်ကိုင်ဆွဲယူဖယ်ရှားလိုက်သည်။ ထိုသို့ သူမ၏ လက်နှင့်ထိတွေ့လိုက်သော နေရာတွင်လက်ချောင်းလေးချောင်းနှင့်လက်မတစ်ချောင်းက အညို အမည်းစွဲထင်နေသည်။ထိုနေရာမှ ပူလောင်သော ဝေဒနာကို မီးကင်ထားသည့်ပမာ ခံစားနေရသည်။ တစ်စတစ်စ အပူရှိန်က ပိုမိုလွန်ကဲလာသည်။ မခံမရပ်နိုင်အောင် တိုး၍တိုး၍ ပူလာသည်။

“ကျွန်တော့်လက်ကို မိုးသက်ဆုပ်ကိုင်လိုက်တဲ့ နေရာက အရမ်းပူလာတယ်၊ မခံမရပ်နိုင်အောင် ပူလာတာ၊ မီးကျီခဲတင်ထားသလိုမျိုး ခံစားနေရတယ်”

အဂ္ဂက မျက်နှာကြီးကို ရှုံ့မဲ့လျက် ပြောလိုက်သည်။

“လာ. . လာ၊ ဒါဖြင့် ရေခဲတုံးလေးတွေနဲ့ စိမ်ပေးမယ်”

မိုးသက်တန့်က အိမ်ရှေ့ဧည့်ခန်းတွင် အဂ္ဂအား ထိုင်ခိုင်းပြီး အိမ်တွင်းသို့ လှမ်းကြည့်လျက်. . .။

“ကြီးဒေါ်မွှေး. . ရေခဲသေတ္တာထဲက ရေခဲတုံးလေးတွေကို ကြွေဇလုံနဲ့ ထည့်ပြီး ယူလာပေးပါနော်၊ ခပ်မြန်မြန်လေး ခဲ့ပါ၊ နောက်ပြီး မွှေးပွင့်ဘာကိုပါ တစ်ခါတည်းယူခဲ့”

. . ဟူ၍ အရေးတကြီး



www.burmeseclassic.com

www.burmeseclassic.com



သှမ်းအော်ပြောလိုက်သည်။

မကြာမီ ဒေါ်မွှေးယူလာသော ကြွေဇလုံထဲမှ ရေခဲတုံးလေးများကို မွှေးပွတဘက်ထဲသို့ ဖြန့်ထည့်လိုက်သည်။ ထိုနောက် ပူလောင်နေသော အဂ္ဂ၏ လက်ဖျံကို မွှေးပွတဘက်ဖြင့် ရစ်ပတ်မျည်နှောင်လိုက်သည်။ ထိုအခါ ရေခဲတုံးလေးများသည် အညိုအမည်းစွဲထင်နေသော လက်ဖျံပေါ်တွင် တင်းကြပ်စွာ ,ဖိထားသည့် ပမာဖြစ်သွားလေသည်။ ပူစပ်ပူလောင်ဖြစ်နေသော ဝေဒနာမှာ အခိုက်အတန့်အားဖြင့် အတော်အတန် သက်သာနေသည်ဟူ၍ မှတ်ထင်ရသည်။

မည်သို့ပင်ဖြစ်စေ၊ အဂ္ဂသည်လောလောဆယ်အချိန်ကာလတွင် မိုးသက်တန့်၏ ဂရုတစိုက်ပြုစုခြင်းနှင့်သူမ၏ မျက်လုံးညို့ညို့ကြီး တစ်စုံထဲရှိ သူ့အပေါ်က် စိုးရိမ်မကင်းဖြစ်နေသော အရိပ်အရောင်တို့ကို မြင်လိုက်ရသည်။

ထို့ကြောင့် သူခံစားနေရသော ဝေဒနာကို မေ့မေ့လျော့လျော့ ဖြစ်နေမိသည်။

x x x

အဂ္ဂသည် မဟူရာစံအိမ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

သူ၏ အိပ်ခန်းထဲတွင် လဲလျောင်းနေသည်။ မျက်လုံးအစုံက မှိတ်လျက်သား ဖြစ်သည်။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည်။ ဦးရာမက သူ့နဖူးပေါ်သို့ ရေခဲရည်ဆွတ်ထားသော ဖလန်နယ်စဖြင့် တင်ပေးသည်။ အအေးငွေ့ လျော့လာသောအခါ ဖလန်နယ်စကို ဖယ်ရှားလိုက်သည်။ ရေခဲရေဇလုံထဲရှိ နောက်ထပ် မွှေးပွပဝါကို ရေခဲရည်ညှစ်၍ နဖူးပေါ်သို့ တင်ပေးသည်။

"ကျုပ်. . ဆရာဝန်သွားပင့်ရမလား. . လူလေးအဂ္ဂ" လို



www.burmeseclassic.com

www.burmeseclassic.com



အပ်ရင် ကျုပ် . . အခုချက်ချင်း သွားခေါ်ပေးမယ်နော်၊ ခေါ်ပေး ရမလား"

ဦးရာမက မေးသည်။

"မကြာခင် ပျောက်သွား မှာပါ၊ ဆရာဝန်သွားခေါ်စရာ မ လိုပါဘူး"

အဂ္ဂက လျှာလေးအာ လေးသံကြီးဖြင့် ပြောသည်။ ထို နောက် ငြိမ်သက်စွာ မှိန်းနေပြန် သည်။ သူ့အား ဒေါ်မွှေးသည် လှည်းယာဉ်ပေါ်တင်၍ မဟူရာ စံအိမ်သို့ ပြန်ပို့ပေးခဲ့လေသည်။ လှမ်းယာဉ်ပေါ်၌ ခင်းထားသော ကော်ဇောပေါ်တွင် နေရာယူပြီး သော အဂ္ဂကို . . . ။

"ဘယ်လိုနေသေးလဲ . . ကိုအဂ္ဂ၊ သက်သာရဲ့လားဟင်"

မိုးသက်တန့်၏ အသံ လေးသည် ကတုန်ကယင်ဖြစ်နေ သည်။

"ရပါတယ်၊ ဒါ အသေး အမွှားပါ"

အဂ္ဂသည် မိုးသက်တန့် ၏ စိတ်မကောင်းဖြစ်မှု သက်သာ စေရန် ပေါ့ပေါ့ဆဆ ပြောခဲ့ရ လေသည်။

"ဒါ . . မိုးသက်အပြစ်ပါ၊ မိုးသက် မဆင်မခြင် အရမ်းကာ ရော ကိုအဂ္ဂလက်ကို စိုးရိမ်တ ကြီးနဲ့ ဆုပ်ကိုင်မိလို့ ဖြစ်သွားတာ မိုးသက်တောင်းပန်ပါတယ်ရှင်"

သူမ၏ ငိုတော့မည့် အ မူအရာနှင့်ပြောလိုက်သည်ကိုအဂ္ဂ ပြန်လည် မြင်ယောင်နေမိသည်။ မိမိနှင့်အသက်အရွယ်ချင်းမတိမ်း မယိမ်းရှိသည့် မိုးသက်တန့်ကဲ့သို့ သော မိန်းမပျိုတစ်ယောက်၏ ဆုပ်ညှစ်မှုကြောင့် မိမိလက်ဖျံ၌ လက်ချောင်းရာများ အညိုအမဲ စွဲထင်နေရခြင်းပင်။ ထိုဒဏ်ရာ ကြောင့် တစ်ကိုယ်လုံးရှိ သွေး ကြောများထဲသို့ အပူရှိန်များပျံ့ နှံ့ကာ တဖိန်းဖိန်း၊တရှိန်းရှိန်း စားနေရခြင်းမှာ ဘာကြောင့်လဲ၊

ဘာကြောင့် သည်မျှ



www.burmeseclassic.com

www.burmeseclassic.com


စားနေရပါသလဲ။

အဂ္ဂ၏ ဦးနှောက်ထဲတွင် ဖြစ်လာသောမေးခွန်းကို စဉ်းစား၍မရပါချေ။ ထိုမေးခွန်းကို ဖြေနိုင်သူမှာ မိုးသက်တန့် သို့မဟုတ် မိုးသက်တန့်၏ဖခင် ဦးအိန္ဒြာသာလျှင်ဖြစ်ပေလိမ့်မည်။

အဂ္ဂသည် သူ၏အိပ်ခန်းထဲရှိ ကုတင်ပေါ်၌ ခင်းထားလေသော အိပ်ရာထက်၌ လဲလျောင်းနေခြင်းဖြစ်သည်။

"ကျုပ်ဘာလုပ်ပေးရမလဲ လူလေးအဂ္ဂ"

ဦးရာမက ကုတင်ဘေးတွင် ရပ်လျက်သားဖြင့် အဂ္ဂကို ငုံ့ကြည့်၍ မေးလိုက်သည်။

"ကော်ဖီအအေးတစ်ခွက်ဖျော်ပြီး ကျွန်တော့်ကုတင်ဘေးက စားပွဲပေါ်မှာ လာချထားပေးပါ၊ ပြီးတော့ အုပ်ဆောင်းလည်း အုပ်ထားခဲ့ဖို့ မမေ့ပါနဲ့"

အဂ္ဂက အာလေးလျှာလေးဖြင့် ပြောပြီး ငြိမ်သက်စွာဖြင့် အသက်ရှူခြင်းကို ခပ်မျှင်းမျှင်းမျှသာ ပြုလုပ်နေလေသည်။

ဦးရာမက စောင်အပါးစားတစ်ထည်ကို ဖြန့်၍ အဂ္ဂ၏ကိုယ်ပေါ်တွင် ခြုံလွှမ်းပေးသည်။ ထိုနောက် ကော်ဖီအအေးတစ်ခွက်ဖျော်ရန် အဂ္ဂ၏ အိပ်ခန်းထဲမှ ပြန်ထွက်သွားသည်။

× × ×

ညှိခန်းဆောင်တွင်းသို့ ဦးအိန္ဒြာဝင်လာသည်။

မိုးသက်တန့်၏ စူးစူးရဲရဲမျက်လုံးတစ်စုံကို ဦးအိန္ဒြာက သတိပြုမိလိုက်သည်။

"ဟို. . သူငယ်ပြန်သွားပြီလား၊ ဖေဖေမှာလိုက်တဲ့ စာအုပ်တွေကို စစ်ဆေးကြည့်တော့ အရေးကြီးတဲ့ စာအုပ်တွေ လျော့နေတယ်၊ ဒါကြောင့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်ပက စာအုပ်တိုက်ကို လှမ်းအကြောင်းကြားဖို့


www.burmeseclassic.com

www.burmeseclassic.com



စာရေးလိုက်ရတယ်၊ အဲဒါတွေ လုပ်နေလို့ ကြာနေတာ"

ဦးအိန္ဒြာသည် သူပြောနေသော စကားလုံးများကို သမီးမိုးသက်တန့်စိတ်မဝင်စားကြောင်း သဘောပေါက်မိလေသည်။ ဆယ်ကျော်သက် အရွယ်ကတည်းက ဖခင်လိုတစ်မျိုး၊ မိခင်လိုတစ်ဖုံ ပြုစုထိန်းသိမ်း စောင့်ရှောက်ခဲ့ရသော မိတဆိုးသမီးလေးအပေါ်တွင် သူ၏ ရှိရှိသမျှ ချစ်ခြင်းမေတ္တာအားလုံးကို ပုံအော၍ချစ်ခဲ့ရသည်။

ထို့ကြောင့် သမီးမျက်နှာညှိုးသည်မှာ တစ်စုံတစ်ရာကို အလိုမကျဖြစ်နေကြောင်း သူရိပ်မိသည်။

"ဖေဖေဘုရား ဘာဖြစ်လို့ အဲလိုမျိုး လုပ်ရတာလဲဟင်၊ မိုးသက်မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

မိုးသက်တန့်၏ ပေါက်ကွဲသံ။

"သမီး. . ဘာကို ဆိုလို တာလဲ၊ ရှင်းရှင်းပြောမှပေါ့၊ သမီး နဲ့ပတ်သက်လို့ ဖေဖေဘုရား ဖေ တနာအပြည့်အဝထားတာ သမီး လည်း သိပါတယ်၊ ဖေဖေဘုရား ဘာတွေ မှားမှားယွင်းယွင်း ပြု မိလို့ မကျေမနပ်ဖြစ်နေရတာလဲ သမီး"

ဦးအိန္ဒြာက ချိုသာစွာ ပြောသည်။

"ခရမ်းရောင်ဗိုင်အိုလက် ပန်းပင်တွေကို ဖေဖေဘုရားတ ထွင်စမ်းသပ် သုတေသန လုပ် တာနဲ့ပတ်သက်ပြီး သမီးဘာမှမ ပြောလိုပါဘူး၊ ဒါပေမယ့် ဘာဖြစ် လို့ သမီးရဲ့ နှာခေါင်းထဲက ထွက် လာတဲ့ အနံ့အသက်တွေက ဗိုင် အိုလက်ပန်းရနံ့တွေဖြစ်နေရတာ လဲ၊ နောက်ပြီး သမီးလက်နဲ့ သူ တစ်ပါးရဲ့ လက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်မိတဲ့အချိန်မှာ ဒီလူရဲ့ လက်မှာ အညိုအည်း တဲ့ ဒဏ်ရာကြီးနဲ့ ခက်ချင်းကြီ



www.burmeseclassic.com

www.burmeseclassic.com


အဆိပ်သင့်သလို ဖြစ်သွားရတဲ့ အထိ တီထွင်စမ်းသပ် သုတေသနလုပ်တာက ဖေဖေဘုရားမလွန်ဘူးလား၊ ဒါကြောင့် မကျေနပ်ဘူး၊ သမီးလုံးဝ ခွင့်လွှတ်စရာအကြောင်း မရှိတော့ဘူး၊ မိုးသက်တန့်ဟာ သက်ရှိလူတစ်ယောက်ဖြစ်တဲ့အပြင် သမီးအရင်းတစ်ယောက်ဆိုတာကိုပါ ဖေဖေဘုရား ဥပေက္ခာပြုလိုက်ပြီ မဟုတ်လား"

မိုးသက်တန့်က ရှိုက်သံဗလုံးဗထွေးဖြင့် ပြောသည်။

စကားအဆုံးတွင် ဝမ်းနည်းပမ်းနည်းဖြင့် ရှိုက်ကြီးတငင်ငိုကြွေးလိုက်သည်။ ကလေးသူငယ်တစ်ယောက်ပမာ ပေါက်ကွဲပွင့်ထွက်သော အော်ဟစ်ငိုကြွေးခြင်းမျိုးဖြစ်သည်။

မိုးသက်တန့်၏ ငိုသံများကြောင့် မီးဖိုခန်းထဲတွင် ဟင်းချက်နေသော ဒေါ်မွှေးက ပြေးထွက်လာသည်။ ညှော်ခန်းဆောင်၏ အတွင်းဘက် လှူသွားစကြံ့န်မှ လှမ်းကြည့်အကဲခတ်နေသည်။

"ဖေဖေဘုရားရှင်းပြပါရစေဦး၊ ဖေဖေဘုရားရဲ့ အသက်ဟာ အခုအချိန်မှာ ခုနစ်ဆယ့်ကိုးနှစ်ရှိပြီ၊ ဖေဖေဘုရား ကွယ်လွန်သွားခဲ့ရင် သမီးလေးတစ်ယောက်တည်း လောကအလယ်မှာ မျက်နှာငယ်နဲ့ ကျန်ရစ်တော့မယ်၊ အဲဒီ အချက်တွေးမိပြီး သမီးကို ဘယ်သူကမှ အန္တရာယ်မပေးရဲအောင် လုပ်ပေးထားတာပါ၊

ဘယ်လို ခွန်အားကြီးမားတဲ့သူဖြစ်ပစေ သမီးကို အန္တရာယ်မပေးနိုင်တော့ဘူး၊ သမီးဟာ အားနည်းတဲ့မိန်းမသားတစ်ယောက် မဟုတ်တော့ဘူး၊ လူများတွေက သမီးရဲ့ အရှိန်အဝါကို ကြောက်ရွံ့သွားကြရစေမယ့် လူတကာအပေါ်မှာ သမီးသြဇာသက်ရောက်သွားစေအောင်


www.burmeseclassic.com

www.burmeseclassic.com


လို့ ဖေဖေဘုရားက စေတနာနဲ့”

ဦးအိန္ဒြာ၏ စကားမဆုံးမီ မိုးသက်တန့်က လက်ဝါးကာ၍ တားလိုက်သည်။

“တော်ပါတော့ . . ဖေဖေဘုရားရယ်၊ သမီးကို လူများတကာက ချစ်မြတ်နိုးတာ၊ လေးစားတာပဲ ခံယူချင်ပါတယ်၊ သမီးကိုတွေ့လိုက်တာနဲ့ တစ္ဆေသရဲ မကောင်းဆိုးဝါးတစ်ကောင်လိုမျိုး ကြောက်ရွံ့ ထိတ်လန့်နေတာမျိုး မဖြစ်ချင်ပါဘူး၊ ဒါကြောင့် ဖေဖေဘုရားရဲ့ မမှန်မကန်တဲ့ စေတနာကို ပြန်ပြုပြင်ပြောင်းလဲပြီး အဖတ်ဆယ်လို့ရရင် လုပ်ပေးပါ . . ဖေဖေဘုရား၊သမီးကြောင့် ဘယ်သူမှ ဒုက္ခမဖြစ်စေချင်ပါဘူး၊ သမီးရဲ့ မူလပကတိ ရှိရင်းစွဲအတိုင်း သာမန် မိန်းမသားတစ်ယောက်ဘဝနဲ့ပဲ နေပါရစေ ဖေဖေဘုရားရယ်၊ သမီးအန္နူးအညွတ်တောင်းပန်ပါတယ်”

မိုးသက်တန့်က လက်အုပ်ကလေးချီလျက် တောင်းပန်ရှာသည်။

“ကောင်းပြီလေ၊ ဖေဖေဘုရားရဲ့ စေတနာဟာ သမီးအတွက် ဝေဒနာဖြစ်နေတယ်ဆိုရင်တော့ ဖေဖေ့မှာ ဖြေဆေးဖော်ထားတာရှိပါတယ်၊ အဲဒီဖြေဆေးဟာ သမီးကိုယ်ခန္ဓာ တစ်ခုလုံးပျံ့နှံ့ သက်ရောက်နေတဲ့ ခရမ်းရောင်အဆိပ်တွေကို ချေဖျက်နိုင်တယ်၊ ပြီးတော့ သမီးရဲ့ ပင်ကိုယ်သဘာဝမူလအတိုင်းပြန်ဖြစ်သွားလိမ့်မယ်”

ဦးအိန္ဒြာသည် သူ၏အိပ်ခန်းထဲသို့ ဝင်သွားသည်။

မကြာမီ ပြန်ထွက်လာသောအခါ သူ၏လက်ထဲတွင် ငွေကြုတ်လေးတစ်ခု ပါလာသည်။ ဦးအိန္ဒြာက သမီးမိုးသက်တန့်ကို လှမ်းပေးလိုက်သည်။မိုးသက်တန့်သည် သူမ၏ ဖခင်ပေးသော ငွေကြုတ်လေးကို လှမ်းယူ၍ အဖုံးဝက်အူရစ်ကို လှည့်ဖွင့်သည်။ ထို


www.burmeseclassic.com

www.burmeseclassic.com



နောက် နှုတ်ခမ်းနှစ်လွှာကို ဖွင့်ဟ၍ ပါးစပ်ထဲ တောက်လျှောက်လောင်းချလိုက်သည်။

ဆယ်စက္ကန့်မျှသော အချိန်ကာလအတွင်း ထူးထူးခြားခြား အပြောင်းအလဲတစ်ခု ဖြစ်သွားသည်။

မိုးသက်တန့်၏ လက်ထဲမှ ငွေကြုတ်လေးသည် ဧည့်ခန်းကြမ်းပြင်ပေါ်သို့ ဒေါက်. . ကနဲ လွတ်ကျကာ နံရံဘက်သို့ လိမ့်ဆင်းသွားသည်။ မိုးသက်တန့်က သူမ၏ ရင်ဘတ်ကို သူမဖာသာ လက်ဝါးနှစ်ဖက်ဖြင့် ဖိလျက် ဦးအိန္ဒြာကို ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် တစ်ချက်ကြည့်သည်။

ထိုနောက် ဒူးညွှတ်ပျော့ခွေ၍ ဦးအိန္ဒြာ၏ ခြေရင်းသို့ခွေခေါက်လဲကျသွားလေသည်။ သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးနှင့်ကြမ်းပြင်တို့ မထိတွေ့မီ အသက်ချုပ်သွားသည်။ နှလုံးမခုန်တော့ပါချေ။

စင်စစ်အားဖြင့် ခရမ်းရောင်ဗိုင်အိုလက် အဆိပ်သင့်မှုမှာ မိုးသက်တန့်၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဖြည်းဖြည်းချင်း ပျံ့နှံ့နေသည်မှာ အချိန်ကာလအားဖြင့် ရှည်ကြာနေလေပြီ။ ထို့ကြောင့် အစွမ်းထက်သော ဖြေဆေးသည် မိုးသက်တန့်၏ တစ်ကိုယ်လုံးရှိ အဆိပ်သင့်သော အစိတ်အပိုင်းများမှ အဆိပ်အားလုံးကို ဖျက်ဆီးချေမှုန်းလိုက်သည်။

တစ်ချိန်တည်းမှာပင် မိုးသက်တန့်၏ အသက်ကိုပါ ဖျက်ဆီးချေမှုန်းလိုက်သည့်ပမာ ဖြစ်သွားရလေတော့သည်။

× × ×

ဦးအိန္ဒြာသည် သမီးမိုးသက်တန့်သေဆုံးရခြင်းအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးပြီးနောက် သက်မဲ့ခန္ဓာကိုယ်ကို လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ခန့်မြင့်သော အုတ်တံတိုင်း အတွင်း သင့်လျော်ရာတစ်နေရာ တွင် မြေမြှုပ်သဂြိုလ်ရန်။ အဲဒီ နောက် ငွေကြေးများကို အချိုးအ လိုက်ခွဲ၍ ဘာသာရေး၊ လူမှုရေး လုပ်ငန်းများအတွက် လှူဒါန်းရန် ဘဏ်တိုက်တွင် အပ်နှံထားသော ငွေများမှ ရရှိသော ငွေတိုးအား ဒေါ်မွေးကနှစ်စဉ်ထုတ်ယူ၍ သုံး စွဲရန်နှင့်အိမ်နှင့်ခြံကိုလည်းစောင့် ရှောက်ရန် စီစဉ်ခဲ့သည်။

ဦးအိန္ဒြာကိုယ်တိုင် ရိစ ခန်းသို့ အဖမ်းခံရန် သွားရောက် နေချိန်တွင် ဒေါ်မွေးသည် မိုး သက်တန့်၏ အသုဘကိစ္စအား ဆောင်ရွက်ရန်။ရွာမှ လူကြီးသူမ အချို့နှင့်လူရွယ်များကိုခေါ်ရန် နှင့်ဦးရာမကိုလည်း အကြောင်း ကြားရန် ခြံထဲမှအထွက် ဦးရာမ နှင့်လမ်းတွင်ဆုံကြသည်။ ဦးရာမ က အဂ္ဂသေဆုံးသွားကြောင်း ပြောပြရန် လာကြောင်းရှင်းပြ သည်။ အဂ္ဂအတွက် ကော်ဖီအ အေးဖျော်အပြီး အဂ္ဂအား သွား ပေးရာတွင် သေဆုံးနေသည်ကို တွေ့ရသည်။

အဂ္ဂအသုဘနှင့်မိုးသက် တန့်၏ အသုဘကိစ္စကို တစ်နေ့ တည်းတွင် အချိန်အားဖြင့် နာရီ ပိုင်းမျှခွာ၍ ဆောင်ရွက်ခဲ့ကြလေ သည်။ အဂ္ဂ၏ သက်မဲ့ခန္ဓာကိုယ် ကို သူ့အဖိုး ဘမြတ်ထွန်းခေါင်း၏ အုတ်ဂူနှင့် ဘေးချင်းယှဉ်လျက် မြေမြှုပ်သဂြိုလ်ခဲ့သည်။ အသုဘ နှစ်ခုစလုံး ဦးရာမနှင့်ဒေါ်မွေးတို့ ၏ ရပ်ဆွေရပ်မျိုးများဖြင့် စည် ကားခဲ့သည်။

အသုဘကိစ္စ၊ ရက်လည် ဆွမ်းကျွေးခြင်း. . စသော ကိစ္စ များအပြီးတွင် ဦးရာမ၊ ဒေါ်မွေး တို့သည် သူတို့ရွာသို့ ပြန်လည် နေထိုင်ကြသည်။ ဦးရာမသည် မဟူရာစံအိမ်သို့ တစ်လလျှင်တစ် ကြိမ် လာရောက်၍၊ နှစ်ရက်သုံး ရက်မျှ နေထိုင်သည်။ ခြံဝင်းတွင် ရှိ ကြွေကျသော သစ်ရွက်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းခြောက်များကို လှဲကျင်း စုပုံမီးရှို့ခြင်း၊ ဘမြတ်ထွဋ်ခေါင် နှင့်အဂ္ဂ၏ အုတ်ဂူနှင့်ကမ္ဘည်း တိုင်ဝန်းကျင်တွင် ပန်းအလှပင် အချို့စိုက်ခြင်း၊ မြက်နှုတ်၍သန့် ရှင်းရေးပြုလုပ်ခြင်း. . စသည်တို့ ကို ဝတ္တရားမပျက် ဆောင်ရွက် လေ့ရှိသည်။

ထိုနည်းတူ ဒေါ်မွှေးက လည်း မိုးသက်တန့်တို့ခြံနှင့်တစ် ထပ်တိုက်လေးသို့ တစ်လတစ် ကြိမ်လာရောက်၍ ဝေယျာဝစ္စ များ ဆောင်ရွက်လေ့ရှိသည်။

အထူးသဖြင့် လပြည့်ည သန်းခေါင်ယံအချိန်တွင် အဂ္ဂ၏ အုတ်ဂူနှင့်မလှမ်းမကမ်းရှိ စကား ဝါပင်ကြီးဝန်းကျင်မှ စောင်းသံ ကြားရတတ်ကြောင်း ဦးရာမက ပြောပြသည်။ တစ်ခါတစ်ရံ သူ ကိုယ်တိုင် တိတ်တဆိတ်ချောင်း မြောင်း၍ သွားရောက်ကြည့်ရှုရာ တွင် အဂ္ဂနှင့်မိုးသက်တန့်တို့၏ အသွင်သဏ္ဍာန်မျိုး ဝိုးတဝါးစုံတွဲ တစ်တွဲကို တွေ့ရသည်ဟု ပြော လျက် ကြက်သီးထပြသည်။ ဦး ရာမသည် ခြံထောင့်ရေကန်ထဲမှ သစ်ရွက်ခြောက်နှင့်ရေမှော်များ ကို ဆယ်စဉ် ရေကန်အောက်ခြေ မှ ရတနာပုံခေတ်သုံး ငွေဒင်္ဂါး များကို စဥ့်အိုးနှင့်ထည့်ထားသည် ကို တွေ့ရသည်။ နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ ဦးရာမနဲ့ဒေါ် မွှေးတို့ ကွယ်လွန်ခဲ့ကြသည်။ ထို သို့ မကွယ်လွန်မီ သူတို့နှစ်ဦး အ တူပေါင်းသင်းခဲ့ကြသည်။ ခြံနှင့် ဝင်းနဲ့ တိုက်အိမ်နှစ်အိမ်စလုံး ကြည့်ရှုစောင့်ရှောက်ပြုပြင်ထိန်း သိမ်းသူ ကင်းမဲ့လေသောအခါ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်. . . စသော ရာသီဥတုဒဏ်ကြောင့် ဟောင်းနွမ်းဆွေးမြေ့ကာ တစ်စ တစ်စ ပျက်စီးယိုယွင်းလာလေ သည်။ လူနေအိမ်ခြေများနဲ့ ကင်း ကွာသောနေရာဖြစ်သောကြောင့် သစ်ပင်များ၊ ခြုံပုတ်များ တောဆိပ် သိပ်သည်းစွာ ပေါက်ရောက်ဖုံး



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းကာ တောကြီးမျက်မည်းအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။

ထိုနေရာဒေသများတွင် ကျက်စားလေ့ရှိသော တောရိုင်းတိရိစ္ဆာန်များကို ပစ်ခတ်ရောက်ရှိလာကြသော ဗြိတိသျှအရာရှိတချို့အတွက် ဘိုတဲတစ်လုံးကို ဆောက်ခဲ့သည်။ ထိုဘိုတဲကို ရေကန်အနီးတွင် ဆောက်မိလျက်သား ဖြစ်နေသည်။

အမဲလိုက်လာသူများမှာ တစ်နေရာတွင် အဆောက်အဦးပျက်တစ်ခုနှင့်အုတ်ဂူနှစ်ခု ယှဉ်လျက်တွေ့ရပြီး အခြားတစ်နေရာတွင် တိုက်ပျက်လေးတစ်ခုနှင့် အုတ်ဂူတစ်ခုကို တွေ့ကြရသဖြင့် ဒေသခံများအား စုံစမ်းမေးမြန်းခဲ့ကြသည်။ ထိုအခါ လွန်ခဲ့သော နှစ်ပေါင်းကိုးဆယ်ကျော်က ဖြစ်ရပ်ကို ဘိုးဘေးဘီဘင် တို့ထံမှ လက်ဆင့်ကမ်း ပြောပြသွားခဲ့ကြသော အဂ္ဂမြတ်ထွန်းခေါင်၊ မိုးသက်တာန့်နှင့်ဦးအိန္ဒြာအကြောင်းတို့ကို ဒဏ္ဍာရီတစ်ပုဒ်ပမာ ကြား သိလိုက်ရပါတော့သည်။

+++++

ဆွေမြင့်...။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တလားရှင်မဲ့

မြန်မာသက္ကရာဇ်(၁၂၄၇)ခုနှစ်၊ နတ်တော်လအတွင်း။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတစ်နိုင်ငံလုံးကို မတရားသဖြင့် ကောက်ကျစ်စဉ်းလဲစွာကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း။

ဗြိတိသျှစစ်အရာရှိ မေဂျာမက်ကင်တိုင်ယာက မြန်မာရေပိုင်နက်အတွင်းရှိ ကျွန်းတစ်ကျွန်းတွင် စခန်းချခဲ့သည်။ ထိုကျွန်း၏ ကုန်းမြင့်ပိုင်းတွင် ဗြိတိသျှတပ်စုနှစ်စုဖြစ်သောတပ်သား(၆၀)ကျော်နှင့်အတူ နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်တွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ခုသည် မယုံကြည်နိုင်စရာ ဖြစ်ခဲ့ဖူးသည်။ မေဂျာမက်ကင်တိုင်ယာ အုပ်ချုပ်သော တပ်စခန်းတည်ရာကျွန်း၏ မူလအမည်မှာ ဝင်ကစွပ်ကျွန်းဖြစ်သည်။ သို့ရာတွင် ဗြိတိသျှစစ်ဗိုလ် မက်ကင်တိုင်ယာ၏ အမိန့်ဖြင့် တိုင်ယာကျွန်းဟု၍ အမည်ပေးခေါ်တွင်စေသည်။

www.burmeseclassic.com



ထိုခေတ်ထိုအခါက ရန်ကုန်မြို့ ရှိလမ်းကျယ်များပင်လျှင် ဗြိတိသျှစစ်ဗိုလ်များ၏ အမည်ဖြင့် မှည့်ခေါ်စေသည်။

ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)၊ ဒါလ်ဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)၊ဖယ်ယာလမ်း (ပန်းဆိုးတန်း)စသည်တို့ဖြစ်၏။

တိုင်ယာကျွန်း (ယခင် ဝင်ကစွပ်ကျွန်း) တွင် ကျွန်းသူကျွန်းသားများဖြစ်ကြသော မြန်မာတိုင်းရင်းသား စုစုပေါင်း ၂၀၀ ကျော်ခန့် နေထိုင်ကြသည်။ တိုင်ယာကျွန်းကို မြန်မာတိုင်းရင်းသားတို့၏ ပါးစပ်ဖျား၌ အလွယ်တကူ ခေါ်ကြရာ တာရာကျွန်းဟူ၍ ဖြစ်သွားသည်။

အများအားဖြင့် ကျွန်းသူကျွန်းသား ခြောက်ဆယ်ရာခိုင်နှုန်းမှာ ရေလုပ်သား တံငါသည်များဖြစ်ကြသည်။ ကျန် . . လေးဆယ်ရာခိုင်နှုန်းသည် လယ်ယာလုပ်သားများနဲ့ ကြက်၊ ဝက်၊ ဘဲနှင့်နွားစသော မွေးမြူရေးလုပ်သားများဖြစ်ကြသည်။

တစ်ကျွန်းလုံးတွင် အိမ်ခြေစုစုပေါင်း သုံးဆယ်ကျော်မျှရှိသည်။

ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာအစဉ်အလာအတိုင်းဝမ်းရေးအတွက် မိသားစုအလိုက် ရိုးသားစွာ ရှာဖွေစားသောက် နေထိုင်ကြသူများဖြစ်သည်။ တာရာကျွန်းတွင် ငွေကြေးနှင့်ပတ်သက်သော အခန်းကဏ္ဍဟူ၍ အနည်းအကျဉ်းသာရှိသည်။ စပါးစိုက်သူထံမှ ဆန်၊ ဆီထွက်အုန်းစိုက်သူထံမှ ဆီ၊ ရေလုပ်သားများထံမှ ငါး၊ ပုစွန်နှင့်ပင်လယ်အစားအစာစသည်တို့ကို အချင်းချင်းဖလှယ်၍ အေးချမ်းစွာ နေထိုင်ခဲ့ကြ၏။

ရေမြေသဘာဝ၊ ရာသီဥတု ကောင်းမွန်သော နေရာဖြစ်သောကြောင့် ရာသီသီးနှံများလည်း ဖောဖောသီသီ ဖြစ်ထွန်းသည်။ ထို့ကြောင့် တစ်မိသားစု



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်မိသားစုအချင်းချင်း သီးနှံများကို အခမဲ့ အပြန်အလှန်ခူးဆွတ်စားသောက်ခွင့်ပြုထားသည်။

ဗြိတိသျှမင်္ဂလာ မက်ကင်တိုင်ယာ၏ မွေးနေ့ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်၌ကျင်းပတော့မည့် အချိန်ကာလဖြစ်သည်။ ထို့ကြောင့် မက်ကင်တိုင်ယာသည် သူနေထိုင်ရာ အိမ်ဂေဟာနှင့်ခြံဝင်းအတွင်းရှိ ပင်လယ်ကဗွီးပင်ကြီးတွင် လှလှပပ တန်ဆာဆင်ရန် သူ၏ တပ်သားများအား စေခိုင်းထားသည်။

ထိုအချိန်ကာလမတိုင်မီ လွန်ခဲ့သော တစ်နှစ်ခန့်က တာရာကျွန်းသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာခဲ့သည်။ စင်စစ်အားဖြင့် ပင်လယ်ထဲတွင် ခရီးသွားနေသောကတ္တူလှေတစ်စီးလှိုင်းဒဏ်လေဒဏ်ကြောင့် ပျက်စီးခဲ့ရာ အမျိုးသမီးသည် သစ်သားရေစည်တစ်လုံးနှင့်သူမကိုယ်ကိုတွဲ၍ကြိုးဖြင့် ချည်နှောင်ကာ ဖက်တွယ်၍ မျောပါလာခြင်း ဖြစ်လိမ့်မည်ဟု အချို့က ထင်မြင်ယူဆကြသည်။

သို့ရာတွင် တာရာကျွန်းစပ် ကမ်းခြေသဲသောင်ပြင်ပေါ်သို့ ရောက်ရှိလာသော အမျိုးသမီးကို စိတ်နေသဘောထား ဖြူစင်သော ကျွန်းသူကျွန်းသားတို့က မြန်မာ့ဓလေ့ထုံးစံအတိုင်းစေတနာအရင်းခံ၍ ကယ်ဆယ်ပြုစုကျွေးမွေး စောင့်ရှောက်ခဲ့ကြ၏။

ကျွန်းသူကျွန်းသားများ၏ ဗဟုသုတ ခေါင်းပါးမှုနှင့်မသိနားမလည်သော ရိုးသားမှုကို သတိပြုမိသော ထိုအမျိုးသမီးသည် သူမကိုယ်သူမ 'တာရာရှင်မ'ဟူသော အမည်ကို ခံယူလိုက်လေသည်။

တာရာရှင်မ ဟူသည်မှာ တာရာကျွန်းတွင် နေထိုင်သော ကျွန်းသူကျွန်းသားများ အတွက် ကောင်းခြင်းမင်္ဂလာကိုယူဆောင်လာသည်။ မကောင်းကျိုးများကို ပပျောက်စေရန် ဖယ်ရှားမည်။

www.burmeseclassic.com



လိုအပ်သောအထောက်အပံ့များကို နာမ်လောကသား ဝိညာဉ်များ၏ အကူအညီဖြင့် ဆောင်ရွက်ပေးရန် မြင့်မြတ်သော တစ်နေရာမှ ရောက်ရှိလာခြင်းဖြစ်သည်ဟူ၍ လေးလေးနက်နက် ပြောလေသည်။

ထိုအချိန်ကာလမှ အစပြု၍ တာရာကျွန်း၏ကောင်းကျိုးအတွက်ရောက်ရှိလာသော 'တာရာရှင်မ'အမည်ခံ အမျိုးသမီးမှာ ရက်သတ္တပတ်အနည်းငယ်တောအတွင်း ကျွန်းသူကျွန်းသားအများစု၏ ယုံကြည်အားထားရာ တစ်ဦးအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ အသိအမြင် ဆင်ခြင်တုံတရားရှိသော ကျွန်းသူကျွန်းသား သက်ကြီးရွယ်အို အချို့သည် ထိုအမျိုးသမီး၏ သူ့ကိုယ်သူ အမွှမ်းတင်ခြင်းကို မယုံကြည်ကြပါချေ။ သို့ရာတွင် သူမနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုခြင်း မပြုကြပဲ မိမိတို့ဖာသာ ကင်းကင်းရှင်းရှင်းနေကြသည်။

တာရာရှင်မကို ယုံကြည်ကြသူ အများစုမှာ ဘာသာရေးကို အလေးအနက်မရှိကြပဲ မသိနားမလည်၍ ဗဟုသုတမပြည့်စုံကြသူများနှင့်စိတ်အားငယ်တတ်သော သဘာဝရှိသည့် ကျွန်းသူဦးရေ အတော်များများဖြစ်ကြ၏။

တာရာရှင်မ. . ဆိုသော အမျိုးသမီးသည် ထိုကဲ့သို့သော ကျွန်းသူအချို့၏ စိတ်သောကများကို ဖြေဖျောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကို ကုသပေးခြင်း၊ ကလေးသူငယ်များ ကြုံတွေ့ရတတ်သော ဘေးအန္တရာယ်များကို ဖယ်ရှားပေးခြင်း စသော ဆောင်ရွက်မှုများကို ပြုလုပ်ပေးသည်။

ထိုကဲ့သို့ ဆောင်ရွက်ပြုလုပ် ကုသရာတွင် တာရာရှင်မသည် သရဏဂုံသုံးပါးကို အစဉ်မပြတ် ရွတ်ဆိုလေ့ ရှိသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



နည်းတူ သူမထံသို့ ရောက်ရှိလာကြသော ရောဂါဝေဒနာသည် ကလေး၊ လူကြီး၊ ယောက်ျားမိန်းမဟူသမျှကိုလည်း သရဏဂုံသုံးပါးကို နှုတ်တိုက်ချပေး၍ ရွတ်ဆိုခိုင်းလေ့ရှိသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားစသော အနန္တော၊ အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို အမြဲမပြတ် အောက်မေ့ သတိရခြင်းအားဖြင့် ဘေးအန္တရာယ် ကင်းရှင်း၍ ကောင်းကျိုးချမ်းသာများ ရရှိနိုင်သည်ဟူ၍ ဩဝါဒပေးလေ့ရှိသည်။

တာရာရှင်မအနေနဲ့ရောဂါဝေဒနာ ကုသရာတွင် ငွေကြေးတစ်ပြားတစ်ချပ်မှ မရရှိခဲ့ပါချေ။ သူမကိုယ်တိုင်ကလည်း ဆေးကုသခ်ဟူ၍ တောင်းခံခြင်း မပြုပါချေ။ သို့ရာတွင် ကျွန်းသူကျွန်းသား အချို့သည် 'တာရာရှင်မ' နေထိုင်ရန်အတွက် သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်ခန့်ခန့် အိမ်တစ်လုံးကို ဝိုင်းဝန်းဆောက်လုပ်ပေးခဲ့ကြသည်။ သူမ၏ အိမ်ဝန်းကျင်ပတ်လည်ကို ခြံစည်းရိုးဖြင့် ကာရံပေးထားသည်။ ထို့ကြောင့် သူမ၏ အိမ်သည် ခြံကျယ်ဝန်းကျယ်ထဲတွင် တင့်တယ်လှပနေသည်။

တာရာရှင်မ၏ စားရေးသောက်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်ဖြင့် ဖူလုံစေရန် ပို့ပေးကြသည်။ ဟင်းလျာအဖြစ် သား၊ ငါး၊ ပုစွန်ကဏန်းများကို အစိမ်းလိုက်ဖြစ်စေ၊ ချက်ပြုတ်ပြီးသားဖြစ်စေ အဆင်သင့် စားသောက်ရန် ဦးဦးဖျားဖျား ရောက်ရှိလာသည်။

တာရာရှင်မသည် သူမအပေါ်တွင် ယုံကြည်လေးစား၍ စေတနာထားကြသော ကျွန်းသူကျွန်းသား မိသားစုများကို ခိုင်ခန့်သော သစ်ဖောင်ကြီးများ ပြုလုပ်ထားရန် မကြာခဏ မှာကြားလေ့ရှိသည်။ ထိုသစ်ဖောင်ကြီးများပေါ်တွင် ရိက္ခာခြောက်များကို မိသားစုအတွက် ဂလစာ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းထားရန်သတိပေးတတ်သည်။

ဗြိတိသျှစစ်ဗိုလ်မက်ကင်တိုင်ယာသည် ထိုတာရာရှင်မဆိုသော အမျိုးသမီး၏ သတင်းကို ကြားသိလိုက်ရသည်။ သူ၏အိမ်တွင် ဝေယျာဝစ္စလုပ်ဆောင်ကြသော ကျွန်းသူအချို့ထံမှ ကြားရခြင်းဖြစ်သည်။

ထို့ကြောင့် တာရာရှင်မကို တွေ့ဆုံ၍ စစ်ဆေးမေးမြန်းရန် သန္နိဋ္ဌာန်ချလိုက်သည်။ ထိုခေတ်အချိန်ကာလအတွင်း၌ မြန်မာဘုရင် ပါတော်မူပြီးစဖြစ်လေသည်။ မြန်မာတိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် နယ်ချဲ့မိစ္ဆာမျက်နှာဖြူတို့အား ရရာလက်နက်စွဲကိုင်၍ ထက်ထက်မြက်မြက် စွန့်စွန့်စားစားတိုက်ခိုက်နေကြဆဲဖြစ်သည်။

သို့ဖြစ်ရာ တာရာရှင်မဆိုသော အမျိုးသမီးသည် မြန်မာမျိုးချစ်တို့က စေလွှတ်လိုက်သော သူလျှို(အထောက်တော်)တစ်ယောက် ဟုတ်၊မဟုတ် မက်ကင်တိုင်ယာက သိလိုသောဆန္ဒဖြစ်ပေါ်နေသည်။

ဗြိတိသျှ စစ်ဗိုလ်သည် တာရာရှင်မကို ခေါ်တွေ့စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ သူ၏ဗြိတိသျှတပ်သားနှစ်ယောက်ကို တာရာရှင်မ၏ အိမ်သို့ စေလွှတ်လိုက်သည်။ မျက်နှာဖြူနှာခေါင်းရှည်ကြီးများ၏ ဘာသာစကားကို မြန်မာစကားဖြင့် ပြန်လည်ပြောနိုင်သော စကားပြန်တစ်ယောက်ကိုလည်း ဗြိတိသျှတပ်သားနှစ်ယောက်နှင့်အတူ ထည့်ပေးလိုက်သည်။

တာရာရှင်မ၏ အိမ်မှာ ပေတစ်ရာ ပတ်လည် ခြံဝင်းအတွင်း၌ တည်ရှိပြီး ဝင်းခြံကို ခိုင်ခံ့စွာ ကာရံထားသည်။ ခြံတံခါးကို အစဉ်သဖြင့် မျောက်လက်တို့၍ လုံခြုံစွာ ပိတ်ထားတတ်ရှိလေသည်။ ခြံဝင်းထဲသို့ဝင်ရန် တာရာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်မကိုယ်တိုင်ခွင့်ပြုမှ ဝင်ရ၏။ သူမ၏ ခွင့်ပြုချက်အရပဲ မည်သူမျှ ခြံဝင်းအတွင်းသို့ ခြေချခွင့်မရှိပါချေ။

ဗြိတိသျှ တပ်သားနှစ်ဦးနှင့်ပါလာသော စကားပြန်သည် တာရာရှင်မ၏ ဝင်းတံခါးရှေ့၌ ရပ်လိုက်သည်။ စကားပြန်ဘေးတစ်ဖက်တစ်ချက်တွင် လက်နက်ကိုင် ဗြိတိသျှတပ်သားနှစ်ဦး ရံထားသည်။

"အစ်မကြီး. . အစ်မကြီး ခြံထဲကို ကျွန်တော်တို့ ဝင်လာခဲ့မယ်နော်"

စကားပြန်က ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

ခြံပေါက်ဝနှင့်အိမ်၏ အကွာအဝေးမှာ ဆယ်ကိုက်မျှဖြစ်သည်။ တာရာရှင်မသည် အိမ်ရှေ့တံခါးပေါက်တွင် ရပ်၍ ခြံရှေ့သို့ လှမ်းကြည့်လိုက်သည်။

"ဘာကိစ္စလဲ"

သူမက ကျယ်လောင်စွာ လှမ်းမေးသည်။

"ဗြိတိသျှ သခင်ကြီးက အစ်မကြီးကို ခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ"

"အဲဒီ မျက်နှာဖြူကြီးကို ပြောလိုက်၊ ကျုပ်ကို တွေ့ချင်ရင် သူကိုယ်တိုင်လာတွေ့ရမယ်၊ သူ့လက်အောက်ငယ်သားတွေနဲ့ခေါ်ခိုင်းတာကို လက်မခံဘူးလို့"

, တာရာရှင်မက တင်းမာပြတ်သားစွာ ပြောလိုက်သည်။

စကားပြန်က ဗြိတိသျှ တပ်သားကို ဘာသာပြန်ပြသည်။

လက်နက်ကိုင် မျက်နှာဖြူနှစ်ယောက်က စကားပြန်၏ ဘာသာပြန်ခြင်းကို နားထောင်ပြီးနောက် တစ်ယောက်က တာရာရှင်မဘက်သို့ လှမ်းကြည့်၍ ဒေါသတကြီး ပြောသည်။ ထိုစကားလုံးများကို ဘာသာပြန်သူက. . .။

"ခင်ဗျား ခွင့်မပြုလည်း ခင်ဗျားခြံထဲကို ဝင်လို့ရတယ်တဲ့၊

www.burmeseclassic.com



မြန်မာပြည်တစ်ပြည်လုံးကို ဗြိတိသျှအစိုးရက ပိုင်တယ်၊ သူတို့က ဗြိတိသျှတွေဖြစ်တဲ့အတွက်ဘယ်နေရာမဆို ဝင်ခွင့်ရှိတယ်လို့ပြောနေတယ်"

စကားပြန်က အားတုန့်အားနာဖြင့် မြန်မာလိုရှင်းပြ၏။

တာရာရှင်မ၏ ခြံနီးနားချင်းတွင် နေထိုင်ကြသော ကျွန်းသူကျွန်းသားများနှင့် ကလေးသူငယ်အချို့သည် ခြံရှေ့ဝန်းကျင်သို့ ရောက်လာကြသည်။ စကားပြန်နှင့်ဗြိတိသျှနှစ်ယောက်အား ဝိုင်းကြည့်နေကြသည်။ တာရာရှင်မကို ဗြိတိသျှနှစ်ယောက်က မည်သို့ ခေါ်သွားကြမည်နည်း။ တာရာရှင်မက မလိုက်လျှင်မည်သို့ဖြစ်မည်နည်းဟူသော အတွေးကိုယ်စီဖြင့် ပွဲကြီးပွဲကောင်းတွေ့ရတော့မည်ဟူ၍ စိတ်အားထက်သန်စွာ ကြည့်နေကြခြင်းဖြစ်၏။

ထို အခိုက်အတန့်တွင် တာရာရှင်မက မျက်နှာဖြူဗြိတိသျှ နှစ်ယောက်အား လက်ညှိုးငေါက်ငေါက်ထိုးလျက် ပြတ်သားကျယ်လောင်စွာ အမိန့်ပေးလိုက်သည်။

"ခွေးစကား ပြောတဲ့ခွေးတွေ ငါ့ခြံထဲကို ဝင်ချင်ရင် ခွေးလိုဝင်ခဲ့ကြစမ်း"

မျက်နှာဖြူ နှစ်ယောက်သည် ဒေါသဖြင့် မျက်နှာကြီးနီရဲနေရာမှ ရုတ်တရက် ချက်ချင်းစိတ်အားငယ်သော အသွင်မျိုးနဲ့ပြောင်းလဲသွားသည်။ သူတို့လက်ထဲရှိ မတ်စကက်သေနတ်ပြောင်းရှည်နှစ်လက်ကို အသီးသီးပစ်ချလိုက်ကြသည်။

ထို့နောက် လေးဘက်ထောက် လိုက်ကြပြီး ခြံထောင့်ဘက်ရှိ ခွေးတိုးပေါက်မှ တဆင့်တိုးဝင်သွားကြသည်။

ရပ်ကြည့်နေကြသော ကလေးသူငယ်အချို့ အပါအဝင်ကျွန်းသူကျွန်းသားများနှင့်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည် အကြီးအကျယ်အံ့အား သင့်သွားကြသည်။ မျက်နှာဖြူ နှစ်ယောက်သည် လေးဘက်ကြီး ထောက်လျက်သားအနေအထား ဖြင့် အိမ်ရှေ့တွင် ရပ်နေသော တာရာရှင်မအား ဦးခေါင်းမော့ ၍ ကျိုးနွံစွာ မော်ကြည့်နေကြ သည်။

"ခွေးလိုအူပြီး အခုချက် ချင်း ငါ့ရှေ့က ပြန်ထွက်သွားကြ စမ်း၊ ဘုရားမသိ၊ တရားမရှိတဲ့ နင်တို့လိုကောင်တွေကို ကြည့်ရ၊ မြင်ရတာ ကျက်သရေမရှိဘူး၊ အ ခုချက်ချင်း ငါ့ခြံထဲက ထွက်သွား ကြ"

တာရာရှင်မ၏ စကား ဆုံးသည်နှင့်တပြိုင်နက် မျက်နှာ ဖြူနှစ်ယောက်သည် ဦးခေါင်း မော်လျက်သားဖြင့်ပြိုင်တူ ဆွဲဆွဲ ငင်ငင် အူလိုက်ကြသည်။ သူတို့ ၏ အူသံကို ကြားလိုက်ရသော ကျွန်းသူကျွန်းသား အချို့နှင့်က လေးသူငယ်များက ဝါးကနဲပွဲကျ သွားကြသည်။

မျက်နှာဖြူ နှစ်ယောက် သည် ခြံပြင်ဘက်သို့ ပြန်ရောက် သောအခါကျမှပင် မတ်တတ်ရပ် နိုင်ကြသည်။ သူတို့ချထားခဲ့သော ပြောင်းရှည်သေနတ်နှစ်လက်ကို ကောက်မှူကြ၍ အူယားဖားယား ဖြင့် ခြံရှေ့မှ ထွက်ခွာသွားကြ သည်။ စကားပြန်လည်းသုတ်ခြေ တင်လျက်သား လိုက်ပါသွား၏။

ထိုအခါ ကျွန်းသူကျွန်း သားများနှင့် ကလေးသူငယ်များ က လက်ခုပ်လက်ဝါးတီး၍ သြ ဘာပေးလိုက်ကြတော့သည်။

×××

ထိုနေ့ရက် ထိုအချိန်မှစ ၍ တာရာကျွန်း၌ တာရာရှင်မဟူ သော အမည်ခံယူထားသည့် အ မျိုးသမီး၏ အကြောင်းကို ကျွန်း သူကျွန်းသားများ တစ်ယောက်မှ တစ်ယောက် အဆင့်ဆင့်ပြောကြ သည်။ သူတို့အားလုံး တစ်ဦးမ ကျန် လေးစားလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းလိုလို ထိုဖြစ်ရပ်ကို ပြန်လည်ပြောဆို၍ ရယ်မောနေကြရသည်။

နောက်ပိုင်းတွင် တာရာရှင်မရွတ်ဆိုခိုင်းသော သရဏဂုံသုံးပါးကို အစဉ်သဖြင့် မမေ့မလျော့ ရွတ်ဆိုလာကြသည်။ အိမ်ထောင်စုတိုင်း သစ်ကြီးဝါးကြီးများဖြင့် ခိုင်ခန့်သော ဖောင်ကြီးတစ်ခုကျ အသီးသီး ပြုလုပ်ထားကြသည်။ ထိုဖောင်ကြီးပေါ်တွင် ရိက္ခာခြောက်များကို စုဆောင်းသိမ်းဆည်းထားကြသည်။ တာရာရှင်မ၏ ပြောဆိုချက်မကို မမေ့မလျော့ မပေါ့ဆဆောင်ရွက်ကြသည်။

မျက်နှာဖြူကြီး မေဂျာမက်ကင်တိုင်ယာသည် အကြီးအကျယ် မျက်နှာကြီးနီရဲသွားသည်။ သူစေခိုင်းလိုက်သော မျက်နှာဖြူလက်နက်ကိုင် နှစ်ယောက်စလုံး အခြေအနေ ဆိုးဝါးစွာဖြင့် ကျွန်းသူကျွန်းသားများ၏လှောင်ပြောင်ရယ်မောခံလိုက်ရသည်။ ထိုအကြောင်းကို မကျေမနပ်ဖြင့် ခံပြင်းနေသည်။ ထို့ကြောင့် သူသည် မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွင် တာဝန်ခံဖြစ်သော သူ၏ အထက်အရာရှိ လက်ဖတင်နင်ကာနယ်လ်ဖရေဇာထံသို့ ကြိုးမဲ့ကြေးနန်းဖြင့် ဆက်သွယ်အကြောင်းကြားလိုက်သည်။

သူ၏ ကြေးနန်းစာပါအချက်အလက်များမှာ. . .။

"လွန်ခဲ့သောနှစ်က တာရာကျွန်းသို့ ရောက်ရှိလာသော အမျိုးသမီးတစ်ဦးသည် ကျွန်းသူကျွန်းသားများအား မျက်လှည့်လိုလို၊ မှော်ယောင်ယောင် အတတ်ပညာဖြင့် စည်းရုံးခဲ့သည်။ ထိုအမျိုးသမီးသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် ဗြိတိသျှများအား ဆန့်ကျင်တိုက်ခိုက်နေကြသော မြန်မာတိုင်းရင်းသား မျိုးချစ်တို့က စေလွှတ်လိုက်ခြင်းဖြစ်နိုင်ဖွယ်ရာ ရှိနေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တာရာကျွန်းပေါ်၌ တာဝန်အရ စခန်းချ တပ်စွဲထားသော မိမိတို့ ဗြိတိသျှ တပ်သားများကို ဒေသခံ ကျွန်းသူကျွန်းသားများ၏ အကူအညီဖြင့် လျှို့ဝှက်ပြောက်ကျားစနစ်အသုံးပြုလျက် တိုက်ခိုက်တော့မည့် အလားအလာရှိနေပါသည်။

ထို့ကြောင့် လိုအပ်သလို အမိန့်ချပါရန် တင်ပြအစီရင်ခံပါသည်. . . ဟူ၍ တာရာရှင်မကို စီရင်ခွင့် တောင်းလိုက်ခြင်းဖြစ်သည်။ မေဂျာမက်ကင်တိုင်ယာ၏ ကြေးနန်းကို မြန်မာပြည်၏ အောက်ပိုင်းဒေသတာဝန်ခံလက်ဖတင်နင် ကာနယ်လ်ဖရေဇာက ကြိုးမဲ့ကြေးနန်းဖြင့် ညသန်းခေါင်အချိန်တွင် အကြောင်းပြန်လိုက်သည်။ တိုတိုနဲ့လိုရင်းကို ရှင်းလင်းစွာ ပြန်ကြားလိုက်ခြင်းဖြစ်သည်။

"မြန်မာတိုင်းရင်းသားတို့၏ စပိုင်ဟု ယူဆရသော အမျိုးသမီးနှင့်သူမ၏ အပေါင်းပါကျွန်းသူကျွန်းသားများကိုပါ နောက်တစ်နေ့ နံနက်အချိန်တွင် ဖမ်းဆီးစစ်ဆေး အရေးယူအပြစ်ပေးရန် ခွင့်ပြုလိုက်သည်။

ထိုသို့ အပြစ်ပေးရာတွင် နောက်နောင်အခါများတွင် မိမိတို့ ဗြိတိသျှတို့ကို ကျွန်းသူကျွန်းသားများက အမြဲတမ်း ကြောက်ရွံ့ ထိတ်လန့်နေစေရန် လူအများရှေ့တွင် စီရင်ရမည်" ဟူ၍ဖြစ်သည်။

× × ×

သူ၏ လိုအင်ဆန္ဒ ပြည့်ဝသွားတော့မည်ဖြစ်သော မေဂျာမက်ကင်တိုင်ယာသည် မိမိတို့ ဗြိတိသျှများအား ဆန့်ကျင်သူမှန်သမျှကို နောက်တစ်နေ့နံနက်မိုးသောက် အလင်းရောက်သည်နှင့်တပြိုင်နက် ဖမ်းဆီးကွပ်မျက်ရန် သန္နိဋ္ဌာန်ချလိုက်သည်။

ထိုနေ့ည သူ၏ မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ပါတီ ကျင်းပနေဆဲ အချိန်ကာလတွင် ဗြိတိသျှ စစ်သားများအားလုံး ပျော်ရွှင်တက်ကြွနေကြ၏။ စခန်းတွင်းရှိ စားသောက်ခန်းမထဲတွင် ယစ်ရွှေရည်များ အလျှံပယ်သောက်ကြ၊ စားကြ၊ မူးမူးရူးရူးနှင့်သီဆိုဟစ်ကြွေးကြသည်။

နံနက်မိုးသောက် အလင်းရောက်လေပြီ။

လူမှန်းသူမှန်းမသိအောင်ခွေးသောက်ဝက်သောက် တရားလွန်ရေချိန်ကျော်အောင်သောက်၍ မှောက်နေခဲ့သည်။ သူ၏ စခန်းတစ်ခုလုံးရှိ ဗြိတိသျှစစ်သားအားလုံး အိပ်ပျော်သွားကြသည်။ မိုးစင်စင်လင်းမှ တစ်ရေးနိုးလာကြသည်။

သူတို့၏ နားထဲတွင် တစ်စုံတစ်ရာ ထူးထူးခြားခြား ပြောင်းလဲနေသည်ဟု အမှတ်မထင် သတိပြုမိသည်။

သို့ရာတွင် ထိုပြောင်းလဲမှုမှာ မည်သည့်အရာဟူ၍ ရေရေရာရာ မစဉ်းစားမိကြပါချေ။ အိပ်ရာမှထကာ. ကမန်းကတန်း မျက်နှာသစ်ပြီး ယူနီဖောင်းဝတ်ကြသည်။လက်နက်နှင့်ကျည်များ အဆင်သင့် ပြင်ဆင်ထားကြ၏။ စားရိပ်သာတွင် နံနက်စာဘရိတ်ဖတ်စ်စားသောက်ကြသည်။

သူတို့၏ မေဂျာမက်ကင်တိုင်ယာသည် ညဝတ်အကျီနှင့်ဘောင်းဘီဖြင့် စခန်းစားရိပ်သာသို့ အပြေးအလွှားရောက်လာ၏။

စားသောက်နေကြသူ ဗြိတိသျှစစ်သားများအားလုံး ထိုင်လျက်သား စားနေရာမှ ကမန်းကတန်း ထရပ်လိုက်ကြသည်။ အလေးပြုကြသည်။

"မင်းတို့ ထက်ခဲ့ကြစမ်း၊ ဒီကျွန်းတစ်ကျွန်းလုံး ဘယ်လိုဖြစ်သွားပြီလဲ၊ ကြည့်လိုက်ကြစမ်း"

မေဂျာမက်ကင်တိုင်ယာ၏ ခေါ်ထုတ်မှုကြောင့် သူတို့အားလုံး စားရိပ်သာထဲမှ ထွက်လာကြသည်။ အပြင်ဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသော မြင်ကွင်းများကြောင့် အကြီးအကျယ်အထိတ်တလန့် ဖြစ်သွားကြသည်။

ကျွန်း တစ်ကျွန်းလုံးနှင့် ကျွန်းသူကျွန်းသားများ နေထိုင်ကြသော အိမ်ခြေအားလုံးတည်ရှိနေသော နေရာတွင် ပကတိ ရေပြင်ကျယ်ကြီး ဖြစ်နေသည်။ ဗြိတိသျှတပ်စခန်းသည် ကျွန်း၏ အမြင့်ဆုံး ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။

တအိအိ တက်နေသော ပင်လယ်ရေသည် တောင်ကုန်း၏ ထက်ဝက်ကျော်အထိ နစ်မြုပ်ဖုံးလွှမ်းနေလေပြီ။ နောက်ထပ် ဆယ့်ငါးမိနစ်ခန့် အကြာတွင် စခန်းတစ်ခုလုံး ပင်လယ်ရေပြင်အောက်သို့ စုံးစုံးမြုပ်တော့မည့် အခြေအနေမျိုးဖြစ်သည်။

အိပ်ရာမှ သူတို့ နိုးလာစဉ် အပြောင်းအလဲတစ်ခုဖြစ်နေသည်ဟု ယူဆလိုက်သည်မှာ ခါတိုင်းလို ကျွန်းသူကျွန်းသားများ၏ အသံများ၊ ငှက်ကျေးသရကာနှင့် မွေးမြူရေးခြံများမှ တိရစ္ဆာန်များ၏ အသံများကို လုံးဝမကြားရပဲ ပကတိ တိတ်ဆိတ်မှုသာလျှင် ကြီးစိုးနေခြင်းပင်။

"သန်းခေါင်ကျော် နာရီပြန် တစ်ချက်တီးချိန်မှာ တစ်စုံတစ်ယောက်က ကျွန်မတို့ အိမ်တံခါးတွေကို လာခေါက်ပြီး နှိုးတယ်။ တံခါးဖွင့်ကြည့်လိုက်တော့ တာရာရှင်မ ဖြစ်နေတယ်၊ သူက ရှိရှိသမျှ အစားအသောက်တွေကို တောင်းတွေ၊ ပလုံးတွေနှင့် ထည့်ယူခဲ့ဖို့ ပြောတယ်၊ တာရာရှင်မကြိုတင်ပြောထားလို့ အဆင်သင့်လုပ်ထားတဲ့ သစ်ဖောင်ကြီးတွေပေါ်မှာ မိသားစု အသီးသီး အားလုံး နေရာယူလိုက်ကြတယ်၊ သစ်ဖောင်စုစုပေါင်း သုံးဆယ်ကျော်ပေါ်မှာ ကျွန်းသူကျွန်းသား နှစ်ရာကျော်စလုံး ရောက်နေခဲ့ကြပြီ။ သစ်ဖောင်ကြီးတွေ ပေါ်မှာ သောက်ရေအပါအဝင် စား



www.burmeseclassic.com

www.burmeseclassic.com



နပ်ရိက္ခာ အပြည့်အစုံနဲ့ အဆင်သင့်ဖြစ်နေပြီ၊ အဲဒီအချိန်မှာ တာရာရှင်မက သရဏဂုံသုံးပါးကို ရွတ်ဆိုကြဖို့ သတိပေးတယ်၊ ကျွန်မတို့အားလုံး ဆိုနေတုန်းမှာ ပင်လယ်ရေဟာ တအိအိနဲ့ တက်လာတယ်"

"နောက်ဆုံးကျတော့ အဲဒီသစ်ဖောင်တွေနဲ့ မိသားစုတွေအားလုံး ဘေးမသီရန်မခပဲ ပင်လယ်ထဲကို မျောကြရတော့တာပါပဲ၊ မနက်မိုးလင်းတော့ တစ်ကွဲတစ်ပြားစီ မျောသွားကြတယ်၊ ဆယ်ရက်လောက် မျောနေပြီးမှ မြိတ်မြို့ ဆိပ်ကမ်းကို မြင်လိုက်ရတော့ အရမ်းဝမ်းသာသွားတယ်၊ ဆယ်ရက်လုံးလုံး ကျွန်မတို့မှာပါတဲ့ စားနပ်ရိက္ခာ အစိုအခြောက်နဲ့ သောက်ရေဖူဖူလုံလုံနဲ့ ပြည့်ပြည့်စုံစုံ စားသောက်ခဲ့ရတယ်၊ ကျွန်မတို့ အသက်အန္တရာယ်က လွတ်မြောက်ခဲ့ရတာ အစာငတ် ရေငတ် မဖြစ်ခဲ့ရတာ အဲဒါတွေဟာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို မမေ့ဖို့ တာရာရှင်မရဲ့ တိုက်တွန်းမှုကြောင့် ပါပဲ၊ ကျွန်မတို့ တာရာကျွန်းက ကျွန်းသူကျွန်းသားတွေအားလုံး မြိတ်မြို့မှာပြန်ဆုံကြပါတယ်၊ တစ်ယောက်မှ အသက်အန္တရာယ်နဲ့ မကြုံတွေ့ခဲ့ကြဘူး၊ ဒါပေမယ့် တာရာကျွန်းက စပြီးထွက်ခွာခဲ့ကြတဲ့နောက်ပိုင်းမှာ တာရာရှင်မကိုတော့ ဘယ်သူမှ နောက်ထပ် မတွေ့ရတော့ပါဘူးရှင်"

တာရာကျွန်းမှ မိသားစုနှင့်အတူ သစ်ဖောင်တစ်စီးဖြင့် မျောပါလာပြီး မြိတ်မြို့တွင်သက်ရှိထင်ရှားဖြစ်နေခဲ့သူ ဒေါ်ဖော့၏ ကိုယ်တွေ့ဖြစ်ပါသည်။ ဒေါ်ဖော့မှတဆင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်း ပြောပြချက်ကို ဒေါ်ဖော့၏ မြစ်တစ်ယောက်ဖြစ်သော ဦးကျော်ခေါင်ထံမှ ကြားသိခဲ့ရခြင်းဖြစ်ပါသည်။

++++



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# ဆိမ်းရောင်ယဉ်ကောင်ချီး

ဟန်ဝင်းက တဒီးဒီးမြည်သံကို ကြားလိုက်ရတဲ့ အချိန်မှာ အိပ်ချင်မူးတူးဖြစ်နေတုန်းပဲ၊ အဲဒီအသံဟာ ဘယ်ကမြည်နေတာလဲ။ အမှန်တကယ် မြည်သံမှ ဟုတ်ရဲ့လား။ သူ့စိတ်က ထင်နေတာလား။ မသဲမကွဲ ဇဝေဇဝါဖြစ်နေတယ်။

ဘာကြောင့်လဲဆိုတော့ ညသန်းခေါင် အချိန်မှာ ထူးထူးခြားခြား ဆန်းဆန်းပြားပြားအသံတွေကို မကြာခဏကြားနေရတာဒါကြောင့် ဟန်ဝင်းဟာ အလန့်တကြား ထအော်မိပေါင်းများလှပြီ။ အဲဒီလို ဝေဒနာရောဂါမျိုးဖြစ်တာ ဘာကြာသေးလို့လဲ။ ဒီအိမ်ကို စပြီးပြောင်းလာကတည်းကဆိုတော့ သုံးလေးလပေါ့”

သူ့မိန်းမ နီတာက မကျေမနပ်နဲ့ ပြောခဲ့ဖူးတယ်။

“ရှင် ဘာဖြစ်နေတာလဲ ဟင်၊ ညသန်းခေါင် အချိန်ကြီးမှာ သူများတွေ အိပ်လို့ ကောင်းနေတုန်း ဘာဖြစ်လို့ အသံကုန်အော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလဲ၊ အိပ်မက်ဆိုးတွေ မက်လို့လား၊ ကျွန်မမေးတော့လည်း ဘာမှမဖြစ်သလိုနဲ့ 'ငါဘာဖြစ်လို့လဲ'ဆိုပြီး ပြန်မေးနေသေးတယ်၊ တကယ့်ကို အူကြောင်ကြောင်လူစား"

ဒီတစ်ခါတော့ သူ့နားထဲမှာ ကြားနေတာ သေချာတယ်။

စိတ်ထဲက ကြားရတာမျိုး မဟုတ်ဘူး၊ တဒီးဒီးအသံ ကြားနေရတဲ့အချိန်မှာ သူနိုးနေပါပြီ။ ဒါကြောင့် ဟန်ဝင်းက မျက်စိကို ဖွင့်ကြည့်လိုက်တယ်။

အိပ်ခန်းထဲမှာ အလင်းရောင်က ဝိုးတဝါးဖြစ်နေတယ်။ ပြတင်းပေါက် မှန်တံခါးငုံ့ ခန်းဆီးထူထူနဲ့ ကာထားလို့ပေါ့၊ သူက ကိုယ်လုံးကို လှိမ့်ပြီး ကုတင်ပေါ်က မွေ့ရာအစွန်းရောက်သွားတယ်၊ ကုတင်ဘေးကို ခြေဖဝါး နှစ်ဖက်စုံချလိုက်တယ်။

ပြတင်းပေါက်ခန်းဆီးကို ဆွဲဟလိုက်တော့ အပြင်ဘက်က နေရောင်ခြည်က ပြူးတူးပြဲတဲ ဝင်လာတယ်။ အိပ်ယာဘေးဖ စားပွဲပေါ်မှာ သူရေးလက်စ စ ရွက်တွေ ပြန့်ကျဲနေတယ်။ အဲ ကြောင့် စာရွက်တွေကို စီစီရီ ထပ်လိုက်တယ်။ အပေါ်ဆုံးစ ရွက်ပေါ်မှာ ရေးထားတဲ့ ဝတ္ထု ဇာတ်ညွှန်းကို အမှတ်မထင်ဖ လိုက်မိတယ်။

"အဲဒီ မကောင်းဆိုး ကြီးက ပါးစပ်ကြီးကို အစွမ်းကု ဖြဲဟပြီး ရှေ့တိုးလာချိန်မှာ ချ မြနေတဲ့ အစွယ်လေးချောင်းဟ အရောင် တဖျတ်ဖျတ် လက်လ တယ်။ တဖြည်းဖြည်းနဲ့ အဲဒီ စွယ်ကြီးတွေက သူမရဲ့ နုည တဲ့ လည်တိုင်ကို. . ."

သူဝတ္ထု ဇာတ်ညွှန်း စောစောက တဒီးဒီးမြည်သံဟ သူ့လည်ပင်းနားကို ပျံဝဲလာတ ဟန်ဝင်းက ဖျတ်ကနဲ လှမ်းကြ လိုက်ချိန်မှာ အစိမ်းရောင်ယ ကောင်ကြီးကို မြင်လိုက်ရတ



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်အသားဖတ်ကြီးတွေနဲ့ တူတဲ့ စုပေါင်းမျက်လုံးနှစ်လုံးကို အနီးကပ်တွေ့လိုက်ရလို့လက်ဖဝါးနဲ့ လှမ်းရိုက်လိုက်တယ်။

ဒါပေမယ့် မထိပါဘူး။ သူ့ဆီကို လက်ဝါးရိုက်ချက် မရောက်ခင် လေဟပ်တာနဲ့ အဲဒီကောင်က ရှောင်ပြီးသားဖြစ်နေပြီ။ ဟန်ဝင်းရဲ့ နားထဲမှာ ကြားနေရတဲ့ အသံက ဘစ်စတစ်ဖနဲ့ ပိုပြီးကျယ်လောင်လာပြီ။

ဒီကောင် ဘယ်ရောက်သွားပါလိမ့်ဆိုတဲ့ အတွေးနဲ့ တစ်ဖက်ခန်းထဲကို ဖြည်းဖြည်းပဲ ဝင်သွားခဲ့တယ်။ သူ့မိန်းမနီတာဟာ သူဝင်လာတဲ့ဘက်ကို ကျောပေးပြီး မှန်တင်ခုံရှေ့မှာ ထိုင်နေခဲ့တယ်။ ဝင်းမွတ်နေတဲ့ မျက်နှာလေးကို တို့ပတ်ပဝါနဲ့ ပွတ်နေတာ တွေ့ရတယ်။

သူ့မိန်းမရဲ့ လည်ပင်းညာဘက်ယွန်းယွန်းပေါ်မှာ ဘယ်တုံးကမှ မှဲ့ကြီးကြီးမားမား မတွေ့ဖူးပါဘူးလို့ ဟန်ဝင်းက စဉ်းစားမိလိုက်တယ်။ တကယ်တော့ အဲဒါဟာ အူကြောင်ကြောင် အတွေးမျိုးပဲ။ စဉ်းစားစရာမှမလိုပဲ။ သူနဲ့ နီတာနှင့်ပေါင်းလာတာ အိမ်ထောင်သက် ဆယ့်ရှစ်လတောင်ရှိပြီ။ ဒါဆို ဟုတ်ပြီ သေချာတယ် မိန်းမရဲ့ လည်တိုင်ပေါ်မှာ ယင်ကောင်စိမ်းကြီး နားနေတာ။

သူ့ . အိပ်ယာက နိုးကတည်းက စိတ်အနှောင့်အယှက်ပေးတဲ့ ဒီကောင်ကို အကြီးအကျယ် ဒေါသဖြစ်ခဲ့ရတယ်။ အဲဒီဒေါသစိတ်နဲ့ သူ့ကို ကျောပေးပြီးထိုင်နေတဲ့ နီတာရဲ့ အနားကို ဖွဖွလေး ခြေဖျားထောက်ချွတ်နင်းပြီး အသံမကြားအောင် လျှောက်သွားတယ်။

ဟန်ဝင်းရဲ့ အာရုံက လောလောဆယ်အချိန်မှာ ယင်ကောင်စိမ်းကြီးကလွဲလို့ တခြားဘာကိုမှ မစဉ်းစားဘူး။ သူ့ဦးနှောက်ထဲမှာ တစ်ခုပဲရှိတယ်။ အဲဒါက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို တစ်ချက်ထဲနဲ့ ပြားချပ်သွားအောင် ရိုက်ပစ်လိုက်ဖို့ အပြတ်ဇီဝိန်ချွေဖို့ ဒါပါပဲ"

ဟန်ဝင်းက လျှပ်တပြက်ရိုက်ချလိုက်တယ်။ ဖြန်း. . ကနဲမြည်သံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းထဲမှာ မြည်ဟိန်းပြီး ပဲ့တင်ထပ်သွားတယ်။ လျှပ်တပြက် ရိုက်ချက်နှင့်အတူ တဆက်တည်း ကြားလိုက်ရတဲ့ နီတာရဲ့ အသံဟာ ပေါက်ပေါက်ဖောက်လိုက်သလားမှတ်ရတယ်။

"ရှင်. . ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ကျွန်မကို တိတ်တဆိတ် သတ်မလို့ပေါ့လေ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ၊ ကြည့်စမ်းပါဦး၊ အကြောင်းမဲ့ သက်သက်ရက်ရက်စက်စက်ရိုက်တာပေါ့. . ဟုတ်လား"

နီတာက မှန်တင်ခုံရှေ့ကခွာပြီး ခွေးခြေခုံမြင့်ပေါ်မှာ ထိုင်ရာက ဝုန်းကနဲ ထရပ်လိုက်တယ်။ ဟန်ဝင်းနှင့်မျက်နှာချင်းဆိုင် လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့တော့တာပါပဲ။ ပြောလည်းပြော၊ ငိုလည်းငိုတယ်။

စစချင်း ဟန်ဝင်းက ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။

သူမှားသွားပြီ ဆိုတာကို သိလိုက်တယ်။ သူ့ရိုက်ချက်ဟာ ယင်ကောင်စိမ်းကြီးကို မထိလိုက်ဘူး။ ထပျံသွားတာ မြင်လိုက်ရတယ်။ ယင်ကောင်စိမ်းကြီး နားခဲ့တဲ့ နေရာ။ နီတာရဲ့ ကျောရှင်းဝင်းမွတ်နေတဲ့လည်တိုင်မှာလက်ဖဝါးရာကြီးက နီရဲပြီး ထင်းနေတယ်။

"ရှင်ဟာ အင်မတန်မှ ကောက်ကျစ်စဉ်းလဲတဲ့ လူစားပဲ၊ ဘာကြောင့် ကျွန်မကို ရိုက်ရတာလဲ၊ အခုထက်ထိ နာနေတုန်းပဲ၊ မပေါင်းချင်ရင်လည်း ပြောပေါ့၊ ကျွန်မ. . ချက်ချင်းကွာပေးမယ်၊ ရှင်လည်း တစ်ခါတည်း အိမ်ပေါ်က ဆင်းပေတော့၊ အမေတို့ဆီကို ဖုန်းဆက်ပြီး ခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နီတာက တယ်လီဖုန်းတင်ထားသော စင်ရှိရာလျှောက်သွားတယ်။ ဟန်ဝင်းက ရှေ့က ဆီးကြိုကာ လက်နှစ်ဖက်ကိုကာထားတယ်။

"ငါရှင်းပြတာနားထောင်ပါဦးကွာ၊ မင်းကို ရိုက်စရာ ဘာအကြောင်းမှမရှိပဲ၊ မင်းရဲ့လည်တိုင်မှာ နားနေတဲ့ ယင်ကောင်စိမ်းကြီးကို ရိုက်လိုက်တာပါ။ ငါအိပ်ယာက မနိုးခင်ကတည်းက တဒီးဒီးနဲ့ နားငြီးလွန်းလို့ ဒီအကောင်ကြီးကို လိုက်ရှာနေတာ၊ အိပ်ခန်းထဲက ထွက်ပြီး မင်းရဲ့လည်တိုင်ပေါ်မှာ နားနေတာကို တွေ့တော့. . ."

"တော်စမ်းပါရှင်၊ ထပ်မပြောနဲ့တော့၊ ယင်ကောင်နှင့်အကြောင်းပြပြီး အငြိုးနဲ့ရိုက်တာ၊ ရှင့်အသံကို လုံးဝမကြားချင်ဘူးဒါပဲ"

နီတာက ဟန်ဝင်းရဲ့စကားမဆုံးမီ တစ်ချက်လွှတ်ပြောလိုက်တယ်။ နောက်တော့ ခြေလှမ်းကို ဆောင့်နင်းပြီး မီးဖိုခန်းဘက်ကို လျှောက်သွားတော့တာပါပဲ။

× × ×

ဟန်ဝင်းက ကားကို ကိုယ်တိုင်မောင်းလာတယ်။

နီတာနှင့် အဆင်မပြေသောကြောင့် ကမန်းကတန်းရေချိုးအဝတ်လဲ၍ ထွက်လာခဲ့သည်ကားနောက်ကြည့်မှန်ထဲတွင် သူ့မျက်နှာကို တစ်ချက်မျှ ဖျတ်ကနဲကြည့်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ငုတ်တိုများက ထိုးထောင်ထောင် ဆံပင်စုတ်ဖွားနဲ့။

"ဟာ. . ဒီနေ့ ကုမ္ပဏီပိုင်ရှင်နဲ့ ချိန်းထားတာပဲ"

သူက ရုတ်တရက် စဉ်းစားမိသည်။ ကားစတီယာရင်ကိုကိုင်နေလျက်ဘယ်လက်ကောက်ဝတ်တွင် ပတ်ထားသော လက်

www.burmeseclassic.com



ပတ်နာရီကို ငုံ့ကြည့်သည်။

"အချိန်က ရှစ်နာရီခွဲ"

ချိန်းထားသည်မှာ ကိုးနာရီခွဲဖြစ်သည်။ ထို့ကြောင့် တစ်နာရီလုံးလုံး အချိန်ရသေးသည်။ သူသွားနေသည့် လမ်းဘေးဘက်တစ်နေရာတွင် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ကို လှမ်းမြင်လိုက်သည်။ သူမောင်းလာသော ကားကို ဆံပင်ညှပ်ဆိုင်အနီး လမ်းဘေးတွင် ရပ်လိုက်သည်။

မုတ်ဆိတ်ငုတ်တိုနှင့်နှုတ်ခမ်းမွှေး ထိုးထိုးထောင်ထောင်တို့ကို ဆံပင်ညှပ်ဆရာက ရိတ်ဖြတ်ပေးနေစဉ် သူ့ဗိုက်ထဲမှ တဂွီးဂွီးမြည်၍ အစာမစားရသေးကြောင်း အချက်ပေးသည်။ ဆံပင်ညှပ်ဆိုင်နှင့်မလှမ်းမကမ်းတွင် လက်ဖက်ရည်ဆိုင်ရှိသည်။

ထို့ကြောင့် မိန်းမနှင့်အဆင်မပြေ၍ မစားသောက်ခဲ့ရသော ဘရိတ်ဖတ်စ်ကို လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်၍ ဗိုက်ကိုဖြည့်လိုက်သည်။ ဆံပင်ညှပ်ဆိုင်နှင့်လက်ဖက်ရည်ဆိုင်တွင် ယင်ကောင်စိမ်းကြီးကို ဟန်ဝင်းက မေ့နေသည်။ တဒီးဒီးမြည်သံ မကြားရသောကြောင့် ဖြစ်သည်။

နံပြားထောပတ်သုတ်တစ်ပွဲနှင့် လက်ဖက်ရည်ချိုဆိမ့်တစ်ခွက် ရှယ်သောက်ပြီးသောအခါ ရပ်ထားသော ကားရှိရာလျှောက်သွားသည်။ ကားတံခါးဖွင့်၍ကားထဲသို့ ဝင်ထိုင်ကာ စတီယာရင်နောက်တွင် နေရာယူလိုက်လေသည်။ အကယ်၍သာ ဆံပင်ညှပ်ဆိုင် (သို့မဟုတ်) လက်ဖက်ရည်ဆိုင်၌ဖြစ်စေ၊ တဒီးဒီးမြည်သံကြားရလျှင် ဆိုင်ထဲကပစ္စည်းတွေ ပြန့်ကျဲကွဲရှမှာ သေချာ၏။

ဟန်ဝင်းက ကားသော့ကိုဖွင့်၍ စက်နှိုးမောင်းထွက်ခဲ့၏။

"သဟဇာတရုပ်ရှင်ကုမ္ပဏီ" ဆိုသောဆိုင်းဘုတ်ကြီး၌ ကုမ္ပဏီရုံးခန်းအဝင်ပေါက်၏အထက်တွင် ကြီးကြီးမားမား ထည်ထည်

www.burmeseclassic.com



ဝါဝါ ချိတ်ဆွဲထားသည်။

အရေးကြီးသည်မှာ မိမိနှင့်ကုမ္ပဏီထုတ်လုပ်ရေး ပုဂ္ဂိုလ်တို့ အဆင်ပြေပြေ သဟဇာတဖြစ်ဖို့က အဓိကကျသည်။ သို့မှသာ မိမိ၏ ဝတ္ထုဇာတ်ညွှန်းကိုစွပြေလည်မည်။

ဟန်ဝင်းက ကုမ္ပဏီရှေ့ကားပတ်ကင်နေရာတွင် ကားကိုရပ်လိုက်သည်။ ကားတံခါးဖွင့်၍ဆင်းခဲ့လေသည်။ ထုတ်လုပ်သူကုမ္ပဏီပိုင်ရှင်၏ ရုံးခန်းအပြင်ဘက်တွင် ဧည့်သည်များစောင့်ဆိုင်းရန် နေရာတစ်နေရာရှိ၏။ ခုံတန်းလျားနှစ်လုံးချထားသည်။

ဟန်ဝင်းသည် လူသုံးဦး၏နောက်မှ ရောက်သောကြောင့် ရှေ့မှ လူသုံးယောက်ပြီးလျှင် သူအလှည့်ဖြစ်သည်။ သူက စိတ်ရှည်ရှည်ဖြင့် စောင့်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ လက်တွင် ပတ်ထားသော လက်ပတ်နာရီကို အမှတ်မထင်ကြည့်လိုက်လေသည်။ နံနက် ဆယ်နာရီတိတိ။

စိတ်ရောဂါကု ဆရာဝန်ဒေါက်တာဘသွေထက်နှင့်တွေ့ရန်ချိန်းဆိုထားသောအချိန်မှာ ဆယ်နာရီ၊ သုံးဆယ့်နှစ်မိနစ်ဖြစ်သည်။ ထို့ကြောင့် မိနစ်သုံးဆယ်ကျော်ကျော်တွင် အရောက်သွားရမည်။

ထုတ်လုပ်သူကုမ္ပဏီပိုင်ရှင်၏ စက္ကတေရီ အမျိုးသမီးကအတွင်းရုံးခန်းထဲမှ ထွက်လာ၏။ ဟန်ဝင်းရှေ့တွင် ကျော့ကျော့မော့မော့ရပ်သည်။ ထိုင်နေသောဟန်ဝင်းကို ငုံ့ကြည့်သည်။

"အန်ကယ်က ဘယ်သူပါလဲ၊ ပရိုဂျူဆာကို ဘာကိစ္စနဲ့တွေ့မှာပါလဲ၊ ကြိုတင်ချိန်းထားပါသလား"

မေးခွန်းသုံးခုကို ဆက်တိုက်မေးလိုက်သည်။

ဟန်ဝင်းက. . .။

"ဟုတ်ပါတယ်" ဟုတစ်ခွန်းထဲဖြေ၍ ခေါင်းညိတ်ပြလိုက်သည်။ အမျိုးသမီးက သူ့ကိုမျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးပြူးကြည့်သည်။ ထိုအကြည့်ထဲတွင် အူကြောင်ကြောင်နေပါလားဟူသော အဓိပ္ပါယ်ပါသည်။

"အန်ကယ့်နာမည်နဲ့ကိစ္စကို ပြောပါ"

အမျိုးသမီးက လိုရင်းကို တိုရှင်းမေးသည်။

"ဟန်ဝင်းပါ၊ ကျုပ်ပေးထားတဲ့ ဝတ္ထုဇာတ်ညွှန်းကိစ္စနှင့် ပတ်သက်ပြီး ပရိုဂျူဆာနဲ့ ဒီနေ့မနက် ကိုးနာရီခွဲမှာ တွေ့ဖို့ချိန်းထားပါတယ်"

"ခဏစောင့်နော်"

အမျိုးသမီးက လှစ်ကနဲ အတွင်းရုံးခန်းထဲ ပြန်ဝင်သွား၏။ သုံးမိနစ်မျှသာကြာသည်။ အမျိုးသမီးပြန်ထွက်လာသည်။

"ဦးဟန်ဝင်းရဲ့ ဝတ္ထုဇာတ်ညွှန်းကို ပရိုဂျူဆာက မဖတ်ရသေးပါဘူးတဲ့၊ ဒါကြောင့် နောက်တော့မှတစ်ခေါက်လာတွေ့ပါရှင်'

စက္ကတေရီအမျိုးသမီးက ရှင်းလင်းစွာ ပြောသည်။ သို့ရာတွင် ဟန်ဝင်းအတွက် မရှင်းတာ[illegible] ရှိသည်။

"နောက်တော့မှ ဆိုတာ[illegible] ဘယ်နေ့လဲ၊ ဘယ်အချိန်လဲ"

ဟန်ဝင်းက ချက်ချင်း[illegible] ပြန်မေးသည်။

"နောက်တစ်ပတ် ဒီ[illegible] အချိန်မှာ တစ်ခေါက်ထပ်လာ[illegible] ပါ"

အမျိုးသမီးက ပေါ့ပေ[illegible] ဆဆ အလွယ်တကူ ပြောလိုက်[illegible] သည်။ ထို့ကြောင့် သူမ၏စကာ[illegible] ကို သိပ်မယုံချင်။ သို့ရာတွင် [illegible] ထက်ပို၍ မေးစရာ အကြောင်း[illegible] ရှိတော့။ အမျိုးသမီးက အတွင်[illegible] ရုံးခန်းထဲသို့ ပြန်လှည့်ဝင်သွာ[illegible] သည်။

ဟန်ဝင်းသည် နှေးကွေ[illegible] လေးကန်စွာဖြင့် ထိုင်ရာမှ ထ[illegible] ကုမ္ပဏီရုံးခန်းအဆောက်အဦးအ[illegible] ပြင်ဘက်သို့ ထွက်သွားသည်[illegible] ကားပတ်ကင်ထဲရှိ ကားပေါ်သို့ တက်၍ မောင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင် ဟန်ဝင်း၏ ဦး
တည်ချက်မှာ ဒေါက်တာ ဘလှ
ထက်၏ ဆေးခန်းသို့ ဖြစ်သည်။
ကားမောင်းသွားစဉ် သူ့
နားထဲတွင် တဒီးဒီးမြည်သံကြား
နေရသည်။
သူက စတီယာရင်အား
တည်ငြိမ်စွာ ထိန်းကိုင်လျက် ညီ
ညာဖြောင့်တန်းသော ကားလမ်း
ပေါ်သို့ မောင်းသည်။ ထိုနောက်
ကားထဲတွင် ရှေ့နောက်ဘေး
ဘယ်ညာ မျက်လုံးတစ်ချက် ဝေ့
ကြည့်လိုက်သည်။
ယင်ကောင်စိမ်းကြီးကို
မတွေ့ရ။ တစ်နေရာတွင် ပုန်းနေ
သည်ထင်သည်။
အရေးကြီးသည်မှာ ဒေါက်
တာဘလှထက်၏ ဆေးခန်းသို့
အမြန်ဆုံးရောက်ဖို့ ဖြစ်ပါသည်။
ဟန်ဝင်းက အံကို ကြိတ်လျက်
စိတ်ကို တင်း၍ ကားကို ဆက်
မောင်းခဲ့သည်။ တဒီးဒီးအသံက
မှိုမို ကျယ်လောင်နေသည်။ သူ့
နားရွက်အနီးတွင် ကပ်၍ ပျံသန်း
လျက်မြည်ကြွေးနေသည့်အလား
ဖြစ်သည်။ သို့မဟုတ် သူ့ဦးခေါင်း
ထက်ရှိ ဆံပင်ပေါ်တွင် နားနေ
လိမ့်မည်ထင်သည်။

× × ×

ဟန်ဝင်းသည် အတွင်း
ခန်းကုတင်ပေါ်ရှိ ရာဘာမြှုပ်ဖြင့်
ပြုလုပ်ထားသော မွေ့ရာပေါ်တွင်
လဲလျောင်းနေသည်။ သူ. . လဲ
လျောင်းနေသော ကုတင်၏ဘယ်
ဘက်ဘေးတွင် ကုလားထိုင်တစ်
လုံးရှိသည်။ဒေါက်တာဘလှထက်
က ထိုင်နေသည်။
"ကဲ. . စိတ်ကိုလျှော့ထား
မောင်ဟန်ဝင်း၊ တစ်ကိုယ်လုံးမှာ
ရှိရှိသမျှ အကြောတွေကိုလည်း
လျှော့ထားလိုက်၊ ဟုတ်ပြီ. . ကဲ
အခုအချိန်ကစပြီး မင်းဖြစ်ခဲ့တာ
တွေကို အေးဆေးပြောပြနိုင်ပြီ"
ဒေါက်တာဘလှထက်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျန်းမာရေးဆရာဝန်တစ်ဦး ပီသသည်။

သူ၏ ဆေးခန်းထဲရောက် သွားသော လူနာတိုင်းအား စိတ်ချမ်းမြေ့စေရန် တီးတိုးညင်သာ သိမ်မွေ့စွာ ပြောဆိုဆက်ဆံ နှစ်သိမ့်လေ့ရှိသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ လူနာများသည် ဦးဘလှထက်ထံသို့ရောက်လျှင် သူတို့၏ စိတ်ဝေဒနာမှာ ငါးဆယ်ရာခိုင်နှုန်းမျှ ဆေးမကုသမီကတည်းက သက်သာသည်ဟု ဆိုရိုးစကားရှိသည်။

ဟန်ဝင်းရောက်နေသော ဆေးခန်းထဲတွင် ပကတိအေးမြနေသည်။

ဟန်ဝင်းက မနက်အိပ်ရာမှ နိုးထချိန်တွင် ကြားလိုက်ရသော တဒီးဒီးမြည်သံ။ ထို့နောက် ယင်ကောင်စိမ်းကြီးကို တွေ့ရခြင်းစသည်ဖြင့် ဤဆေးခန်းသို့ ရောက်သည်အထိ အစဉ်လိုက် ပြောပြလိုက်သည်။

သူ. . ပြောနေသည့် အ... ကြောင်းအရာကို ဒေါက်တာန... လည်လိမ့်မည်ဟု ဟန်ဝင်း... ထင်မြင်ယူဆသည်။ အဘ... ကြောင့်ဆိုသော် ဒေါက်တာ... ဦးခေါင်း တဆတ်ဆတ် ငြိမ့်... သည်ကို တွေ့ရသည်။ ထူထဲ... သော မျက်မှန်နောက်မှ ဒေါ်... တာ၏ မျက်လုံးအစုံသည် ... မာန်မျက်လုံးများထက် ပိုမို... ကျယ်နေသည်ဟူ၍ ဟန်ဝင်း... ထင်မြင်ယူဆမိသည်။ သူ၏ ... ကားဆုံးသွားချိန်တွင်. . . ။

"ကောင်းပြီ၊ မောင်ရ... ဘာမှ မစိုးရိမ်နဲ့တော့၊ အခု... မောင်ရင်ရောက်နေတဲ့ ကျ... ဆေးခန်းထဲမှာ. . . ဘယ်လို... ကောင်မျိုးမှ မဝင်နိုင်ဘူး၊ အဲ... ကြောင့် မောင်ရင်နားထဲမှာ ကြ... ခဲ့တယ်ဆိုတဲ့ တဒီးဒီးအသံ ... တဒီးဒီးမြည်သံ၊ ဒီးဒီး. . ဒီး... ဒီးဒီးဒီးဒီး"

ဒေါက်တာပြောနေသေ...



www.burmeseclassic.com

www.burmeseclassic.com



စကားသံသည် ဟန်ဝင်း၏ နားထဲတွင် စကားလုံးများ အဖြစ်မှ ဒီးဒီးမြည်သံ အဖြစ်သို့ ရုတ်တရက် ချက်ချင်းပြောင်းလဲသွား၏။ ဒေါက်တာ၏ ဆေးခန်းထဲတွင် ထိုမြည်သံမှတစ်ပါး အခြားဘာသံမှ မကြားရတော့။

"ဒေါက်တာ. . မှားနေပြီ၊ ဒီအခန်းထဲမှာ ယင်ကောင်စိမ်းကြီးရောက်နေပြီ၊ တစ်ကောင်ထဲမှ ဟုတ်ရဲ့လားမသိဘူး၊ ဒီးဒီး. . ဒီးဒီးမြည်သံတွေ ကျယ်လောင်ဆူညံနေတာပဲ၊ ဒေါက်တာမကြားဘူးလားဗျာ၊ အဲဒီ ယင်ကောင်စိမ်းကြီးကို မတွေ့ဘူးလားဗျ"

ဟန်ဝင်းက ဆူညံနေသော ဒီးဒီးသံကို ကျော်လွန်အောင်လို့ အော်ဟစ် ပြောဆိုလိုက်ရသည်။ ယင်ကောင်စိမ်းကြီးကိုဒေါက်တာ မမြင်နိုင်တာ သေချာသည်ဟု ဟန်ဝင်းက သဘောပေါက်နားလည်သည်။

အဘယ်ကြောင့်ဆိုသော် ယင်ကောင်စိမ်းကြီးသည် ဆံပင်တစ်ပင်မျှမတွေ့ရပဲ ပြောင်လက်နေသော ဒေါက်တာ၏ ဦးခေါင်းပေါ်တွင် ရောက်ရှိသောကြောင့်ဖြစ်သည်။ထိုယင်ကောင်စိမ်းကြီးသည် ဒေါက်တာ၏ ငယ်ထိပ်ကိုလွန်ပူဖြင့် ထွင်းဖောက်နေသည်ဟု ထင်မိသည်။ ဦးခေါင်းထဲတွင်ရှိသော ဦးနှောက်များကို ဖောက်စားတော့မည်ဟု နားလည်သဘောပေါက်လိုက်မိသည်။

ထိုကြောင့် မိမိအဖို့ အားကိုးစရာမရှိတော့။ မိမိအား ကုသမည့် ဆရာဝန်ပင်လျှင် ယင်ကောင်စိမ်းကြီး၏ ဒဏ်ကို မရှုမလှခံနေရပြီဟူ၍ ဟန်ဝင်းကတစ်ထစ်ချ မှတ်ယူလိုက်သည်။

သူ. . . ဘာလုပ်ရမလဲ။

ဘာလုပ်သင့်သလဲဟူ၍ အပြန်ပြန် အလှန်လှန် စဉ်းစားနေသည်။ ဦးဘလှထက်၏ ငယ်ထိပ်ပေါ်၌ ရောက်ရှိမြည်ကြွေးနေသော ယင်ကောင်စိမ်းကြီးကို ပြင်းပြင်းထန်ထန် ရိုက်နှက်လိုက်လျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရိုက်ချက်အား ယင်ကောင်စိမ်းကြီးက ရှောင်သွားလိမ့်မည်။ ထိုအခါ ဦးဘလှထက်၏ ငယ်ထိပ်ကို မိမိက ရိုက်လိုက်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။ အလားတူဖြစ်ရပ်မျိုးကြောင့် မိမိဇနီး နီတာနှင့်ပြဿနာတက်ခဲ့ရပြီးပြီ။

အကောင်းဆုံးက ဤဆေးခန်းတွင်းရှိ ယင်ကောင်စိမ်းကြီး၏မျက်မှောက်မှ ထွက်ပြေးလွတ်မြောက်ရန်သာ ဖြစ်သည်။

ထို့ကြောင့် လောလောဆယ် အားကိုးရာမဲ့ အခြေအနေမျိုးသို့ ရောက်ရှိနေသော ဟန်ဝင်းသည် ဆေးခန်းတွင်းမှ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။ သူ၏ ကားရပ်ထားသော နေရာသို့အရောက် မရပ်မနား ပြေးခဲ့သည်။

ကားတံခါးဖွင့်၍ ကားထဲသို့ မဝင်မီ သူ့နောက်သို့ ယင်ကောင်စိမ်းကြီး လိုက်ပါလာခြင်း ရှိ၊မရှိ ပြန်လည်စစ်ဆေးသည်။ လောလောဆယ်ယင်ကောင်စိမ်းကြီးကို မတွေ့။ တဒီးဒီးမြည်သံကိုလည်း လုံးဝမကြားရ။

ဟန်ဝင်းက ကားတံခါးဖွင့်၍ ဖျတ်ကနဲ ကားထဲသို့ ဝင်လိုက်သည်။ ထိုနောက် ကားတံခါးကို သွက်လက်စွာ ပိတ်သည်။ ထိုလှုပ်ရှားမှုမှာ သူ့ဘဝ၏ သက်တမ်းတလျှောက်လုံးတွင် အမြန်ဆုံးသော လှုပ်ရှားမှုဟုထင်လိုက်သည်။ ကားတံခါးမှ မှန်ပေါက်များကိုလည်း လုံခြုံစွာ ပိတ်ပြီးပြီ။

စိတ်ချရပြီဟု ယူဆသောအချိန်တွင် ဟန်ဝင်းသည် ကားကို စက်နှိုး၍ မောင်းထွက်ခဲ့၏။ သူ၏ လှုပ်ရှားမှုက ပကတိတည်ငြိမ်နေသည်။ သူ့အိမ်နဲ့ပြန်ရမည်။ စိတ်ဆိုးနေသော သို့မဟုတ်စိတ်ကောက်နေသော ဇနီးမယား နီတာကို ချော့ရမည်။ နီတာနှင့်အတူ အပန်းဖြေတစ်နေရာသို့ ခရီးထွက်ရမည်။ ပင်လယ်ကမ်းခြေသို့ အပျော်ခရီးထွက်ရန် နီတာ၏ သဘောထားဆန္ဒကို မေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုအိမ်သို့ စတင်ပြောင်းရွှေ့ပြီးနောက် ရက်သတ္တတစ်ပတ်မျှအကြာတွင် အိမ်နီးနားချင်းများက နီတာ့ကို ဖွင့်ပြောကြသည်။

"ဒီအိမ်ကို ပြောင်းမလာခင်ကတည်းက ပတ်ဝန်းကျင်မှာရှင်တို့ စုံစမ်းသင့်တယ်၊ ပထမဆုံး နေသွားကြတဲ့ လင်မယားနှစ်ယောက်စလုံး ကားအက်ဆီးဒင့်နဲ့ သေဆုံးသွားခဲ့ကြတယ်၊ ဒါပေမယ့် မကျွတ်ဘူး၊ သူတို့ရဲ့ ဝိညာဉ်တွေက အိမ်ထဲမှာဖြစ်စေ၊ ခြံထဲမှာဖြစ်စေ၊ လျှောက်သွားနေကြတယ်၊ နောက်ထပ် အိမ်ငှားအသစ်ရောက်လာရင်လည်း တစ်နည်းနည်းနဲ့ မနေနိုင်အောင်လို့ ချက်ချင်း. . ပြောင်းပြေးအောင် ခြောက်လှန့်ချတယ်"

. . ဟူသော သတင်းမျိုးဖြစ်သည်။

ထိုအကြောင်းကို နီတာက ပြောသည်။

"ဒါပေမယ့် နီတာရယ်၊ ကိုကိုတို့က အိမ်လခတစ်နှစ်စာ ပုတ်ပြတ်ပေးထားပြီးသားဖြစ်နေပြီမဟုတ်လား၊ တစ်လပဲနေနေ တစ်နှစ်ပဲနေနေ လုံးဝ. . ငွေပြန်အမ်းမှာ မဟုတ်ဘူး၊ ဒါပေမယ့် ကိုကို့ဝတ္ထုဇာတ်လမ်းလေးအဆင်ပြေရင်တော့ တခြားတစ်နေရာကို ပြောင်းရွှေ့ဖို့ စီစဉ်ပါ့မယ်"

ဟန်ဝင်းက ပြန်လည်နှစ်သိမ့်ခဲ့သည်။

ဝတ္ထုဇာတ်ညွှန်းနှင့်ပတ်သက်၍ သဟဇာတရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီက နောက်ထပ် တစ်ပတ်ရက်ချိန်းပေးလိုက်သဖြင့် လောလောဆယ် အကျိုးအကြောင်း၊ အဆိုးအကောင်းကို ရေရေရာရာ တိတိကျကျ မသိရသေး။

အကယ်၍ ထိုရုပ်ရှင်ကုမ္ပဏီနှင့်အဆင်မပြေလျှင် တခြားထုတ်လုပ်သူနှင့် ပြောင်းလဲဆက်သွယ်ရမည်။ဟန်ဝင်းက အမျှင်မပြတ် တွေးရင်း ကားအားမောင်းလာသည်။ လမ်းပေါ်တွင်

www.burmeseclassic.com



မော်တော်ယာဉ်များ အသွားအလာ . . ရှင်းနေလေသောကြောင့် ပြဿနာမဖြစ်သေးဟူ၍ ယူဆမိသည်။

ကားမောင်းရင်း စိတ်က တခြားနေရာသို့ လွင့်ပါးနေသည်မှာ ပြဿနာကို ဖိတ်ခေါ်ရာပင် ရောက်သည်။ တစ်နည်းအားဖြင့် အန္တရာယ်ကို ထိပ်တိုက်တိုးရန် ကြိုးစားခြင်းဖြစ်သည်။ ထို့ကြောင့် ဟန်ဝင်းက ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ ကား၏ လေကာမှန်ရှေ့ ဘက်မြင်ကွင်းဆီသို့ အာရုံစိုက်ရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်တွင် တဒီးဒီး မြည်သံကို ကြားလိုက်ရသည်။

မြည်သံသည် ကား၏ ပြင်ပမှ မဖြစ်နိုင်။ ကားတွင်းမှသာ ဖြစ်ပေါ်နေသည်။ ထို့အတွက်ကြောင့် ယင်ကောင်စိမ်းကြီးသည် သူနှင့်အတူ ကားထဲသို့ မည်သည့်အချိန်က ရောက်နေမှန်းမသိ။

ဟန်ဝင်းက ကားမောင်းနေရင်းမှာပင် အသံကြားရာ
ရာကို မျက်လုံးဖြင့် ဝေ့ကြည့်မိ
လိုက်သည်။ တဒီးဒီးအသံသည်
တစ်နေရာတည်းမှမဟုတ်။ ကား
ထဲတွင် လှည့်ပတ်ပျံသန်းလျ
မြည်သံပေးနေခြင်းဖြစ်သည်။

ကားရှေ့ခန်းသို့ရော
လိုက်၊ နောက်ခန်းသို့ ပျံသွ
လိုက်စသည်ဖြင့် လူးလာခေါ
တုန့်ဖြစ်နေသည်ဟု ထင်ရသည
ယင်ကောင်စိမ်းကြီး၏ အသွ
သဏ္ဍာန်ကို သူ၏ မျက်စိဖြင့်
ချာ မတွေ့ရသောကြောင့် သူ့
ခေါင်းခွံအတွင်းမှ ထွက်ပေါ်
တဒီးဒီးသံများ ဖြစ်နေမလား
၍ သံသယဖြစ်မိသည်။

ထိုအခိုက်အတန့်တွင်
ယင်ကောင်စိမ်းကြီးကို သူမြ
လိုက်ရသည်။

သူ၏ မျက်နှာရှေ့ ဘ
ရှိ လေကာမှန်အတွင်းဘက်
ရှိသော နောက်ကြည့်မှန်ဒေ
ခြေ၌ အတောင်ပံများ တဖျ
ဖျတ် လှုပ်ရှားလျက် တဒီးဒီးမြ



www.burmeseclassic.com

www.burmeseclassic.com



သံ ထွက်ပေါ်နေခြင်းဖြစ်သည်။ အစပထမတွင် သူ့စိတ်ဆန္ဒများကြောင့် မြင်ယောင်ခြင်း ဖြစ်နေမလားဟူ၍ တွေးမိလိုက်သေး၏။

သို့ရာတွင် အမှန်တကယ်မြင်ရခြင်းဖြစ်သည်။ ဟန်ဝင်း၏စိတ်လှုပ်ရှားမှုက မြင့်မားစွာဖြစ်ပေါ်လာသည်။ ဤအချိန်သည်သူ့အတွက် အချိန်ကောင်းအခွင့်ကောင်း ဖြစ်နေလေပြီ။ မည်သို့နည်းနဲ့မျှ လက်လွှတ်ခံ၍မဖြစ်။

အပိုင်နိုင်ဆုံးနှင့် အထိရောက်ဆုံး အပြတ်အသတ် ဇီဝိန်ချွေရမည်။ လုံးဝ လွှဲချော်၍မဖြစ်ပါ။ ယင်ကောင်စိမ်းကြီးအတွက်လွတ်လမ်းမရှိတော့။ နောက်ဆုံးအချိန်သို့ ရောက်နေလေပြီ။

ဟန်ဝင်းသည် လီဗာပေါ်မှ သူ၏ ခြေတစ်ဖက်ကို အသာကြွ၍ ဘရိတ်ပေါ်သို့ ရွှေ့လိုက်သည်။ သူမောင်းနေသော ကားသည်ရှဝ်တရက်ဆောင့်၍ ဘေးသို့ ယိမ်းသွားသည်။ ဟန်ဝင်းကပျော့ယာခတ် မဖြစ်။ သူ့ကိုယ်သူတည်ငြိမ်အောင် ထိန်းသိမ်းနိုင်သည်ဟု ယူဆထားသည်။

သူလုပ်ရမှာ တစ်ခုတည်းသာဖြစ်သည်။

ယင်ကောင်စိမ်းကြီးကိုပြင်းထန်စွာ ရိုက်၍ချေရန်။ ထိုအခိုက်အတန့်တွင် ယင်ကောင်စိမ်းကြီးသည် သူ၏ မျက်နှာမှရာမြင်ကွင်းရှေ့ တည့်တည့်၌ အိန္ဒြေရစွာ တည်ရှိနေသည်။

ဟန်ဝင်းက မိမိလက်မြှောက်ကြွသွားသည်ကို မြင်တွေ့လိုက်ရသည်။ သူ့စိတ်ထဲ၌ ပျော်မြူးနေသည်။ မနက်မိုးလင်းကတည်းက တစ်ချိန်လုံး စိတ်အနှောင့်အယှက် ပေးနေသော ထိုသတ္တဝါကို ပြတ်ပြတ်သားသားထိထိရောက်ရောက် ခြေမှုန်းကာသုတ်သင်ရတော့မည် ဟူသောစိတ်ကြောင့် ကျေနပ်အားရနေခြင်းဖြစ်သည်။

ဟန်ဝင်းသည် ယင်ကောင်စိမ်းကို အနီးကပ် မိမိရရ ရိုက်နိုင်ရန် သူ၏ ခန္ဓာကိုယ်ထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းရှေ့သို့ အနည်းငယ် ကိုင်း ညွှတ်လိုက်သည်။ ထိုအချိန်တွင် သူသည် ယင်ကောင်စိမ်းကြီး၏ စုပေါင်းမျက်လုံးအစုံကို အနီးဆုံး မြင်လိုက်ရသည်။

ထိုမျက်လုံးထဲတွင် များ ပြားလှသော မှန်ကူကွက်တို့၏ လျှို့ဝှက်ဆန်းကြယ်မှုတို့ကိုတွေ့ လိုက်ရသည်။

ထိုအခိုက်အတန့်တွင်။

သူ၏ကားသည် တစ်ဖက် သို့ ရုတ်တရက် နိမ့်စောင်းသွား ပြီး အုတ်နံရံကြီးတစ်ခုက ဘွား ကနဲပေါ်လာသည်ကို သူလျှပ်တ ပြက် မြင်လိုက်ရသည်။ ဒါပါပဲ။

× × ×

အခင်းဖြစ်ပွားရာသို့ ပါ ဂျရိုကားတစ်စီး ရောက်လာသော အခါ ယင်ကောင်စိမ်းကြီးသည် အနည်းငယ်ပွင့်ဟနေသော ဟန် ဝင်း၏ မျက်လုံးပေါ်တွင် ငြိမ် သက်စွာ နားနေသည်။

ပါဂျရိုကားပေါ်မှ ဆင်း လာသော လူဝကြီးက ဟန်ဝင်း ၏ သက်မဲ့ခန္ဓာကိုယ်ကို ခါးကိုင်း ညွှတ်လျက် ငုံ့ကြည့်လိုက်သည်။ သေသူ၏ မျက်နှာပေါ်တွင် ကျေ နပ်အားရနေသော နောက်ဆုံးအ ချိန်၏ အသွင်သဏ္ဌာန်ကို ပြက် ပြက်ထင်ထင် မြင်လိုက်ရသည်။

လူဝကြီးက ခါးကိုဆန့်၍ ကိုယ်ကို မတ်လိုက်သော အချိန် တွင် ဟန်ဝင်း၏ မျက်လုံးပေါ်မှ ယင်ကောင်စိမ်းကြီးသည် ထပ် ကာ လူဝကြီး၏ ပခုံးပေါ်ဆီသို့ ပြောင်းလဲနားလိုက်သည်။

လူဝကြီးသည် ရပ်ထား သော သူ၏ကားရှိရာသို့ ပြန်၍ လျှောက်သွားသည်။ ကားရှေ့ ခန်းထိုင်ခုံပေါ်မှ နိုကီယာဖုန်းကို ကောက်ယူလိုက်သည်။ တာဝ သိပြည်သူတစ်ယောက်အဖြစ် ရာရဲစခန်းသို့ ဖုန်းဆက်သတင်း ပေးလိုက်လေသည်။

+++++

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နှင်းတွေကျရင်ပြန်လာမယ်

အိပ်ခန်းထဲမှာ နှင်းမြူတွေ ဆိုင်းနေပြီ။ မိုးမြတ်အောင်ဟာ သူသွားရတော့မယ့် အချိန်နီးကပ်လာပြီဆိုတာ သိလိုက်မိတယ်။ ဒါပေမယ့် အဆင်သင့်မဖြစ်သေးဘူး။

သူ့အိပ်ခန်းထဲမှာ ဝင်ရောက်နေတဲ့ နှင်းမြူတွေဟာ အစပထမတော့ အခိုးအငွေ့တွေလိုပဲ။ ဒါပေမယ့် တစ်စတစ်စ သိပ်သည်းလာတယ်။ အခုဆိုရင် သူ့ခုတင်ခြေရင်းနားအထိ ရွေ့လျားလာပြီ။

သူ့ အိပ်ခန်းတံခါးဟာ ဖြည်းဖြည်းချင်း ပွင့်လာတယ်။ ဟေမန်စိုး ရောက်လာပြီလားလို့ ထင်မိတယ်။ ဒါပေမယ့် ဟေမန်စိုးမဟုတ်ဘူး။ မိန္ဒွေဖြစ်နေတယ်။ လောလောဆယ်အချိန်ကာလမှာ မိန္ဒွေဟာ သူ့ဇနီးဖြစ်နေတယ်။ မိန္ဒွေက သူ့အိပ်ခန်းထဲကို တည်တည်ငြိမ်ငြိမ်နဲ့ ဝင်လာတယ်။

"ကျွန်မ. . ရှင့်အတွက် ဘာလုပ်ပေးရမလဲ၊ ဘာလိုသေး



www.burmeseclassic.com

www.burmeseclassic.com



လဲရှင်"

သူမက နူးညံ့သိမ်မွေ့တဲ့ လေသံနဲ့ မေးလိုက်တယ်။ သူမရဲ့ မျက်နှာပေါ်မှာ ကြင်နာမှုအရိပ်အယောင် သန်းနေတယ်။

'ထွက်သွားစမ်းကွာ"လို့ မာမာကျောကျော ပြောလိုက်ချင်တယ်။ ဒါပေမယ့် မိုးမြတ်အောင်က မပြောဖြစ်ဘူး၊ အဲဒီလိုမျိုး ပြောလိုက်ရင် သူမရဲ့ကြင်နာမှုကို အလေးအနက် မထားရာရောက်သွားလိမ့်မယ်။

မိန္ခွေဟာ ဇနီးကောင်း တစ်ယောက်ပါလို့ မိုးမြတ်အောင် တွေးမိတယ်။

"အိပ်ခန်းထဲမှာ နှင်းတွေ ကျနေတယ်"

. . ဆိုတဲ့စကားကို ပြောချင်တယ်။ ဒါပေမယ့် တကယ်တော့ ပြောစရာမလိုဘူး ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှင်းတွေကျနေတာကိုမိန္ခွေလည်း မြင်မှာပဲ။ သူမမှာလည်း မျက်စိ နှစ်လုံးနဲ့မဟုတ်လား။ ဒါကြောင့် မိုးမြင့်အောင်က တခြားစကား တစ်ခွန်းကို လွှဲပြီး ပြောလိုက်မိတယ်။

"မြက်ခင်းတွေက ပိုပြီး စိမ်းလာတယ်နော်"

မိုးမြတ်အောင်က ပြော ပြီးပြီးချင်း သူ့စကား မှားသွားပြီလို့ ထင်လိုက်တယ်။ မိန္ခွေက . . သူ့ကို ဇဝေဇဝါနဲ့ ပြန်ကြည့်နေတာကိုး။ ဒါကြောင့် သူက ထပ်ပြီး ပြောလိုက်ရတယ်။

"အမှိုက်ထည့်တဲ့ ကြိမ်ခြင်းထဲကို ကြည့်လိုက်စမ်း"

မိုးမြတ်အောင် ဒီတစ်ခါတော့ မှန်သွားပြီလို့ သူ့ကိုယ်သူ ကျေနပ်သွားမိတယ်။ အဲဒီကြိမ်ခြင်းထဲမှာ သူဆုတ်ဖြဲထားတဲ့ မွ မွကြဲနေတဲ့ စက္ကူစုတ် သေးသေး မွှားမွှားလေးတွေ တစ်ပုံကြီးရှိနေတယ်။ အမှတ်တမဲ့ကြည့်ရင် ဖွေး ပွင့်နှင်းဖတ်လေးတွေနဲ့တူတယ်။

ဒါဆိုရင် သူ့အိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ နှင်းတွေ ကျနေတယ်ဆိုတဲ့ အမိပ္ပါယ်နဲ့ အတူတူပါပဲ။ အဲဒီ အမိပ္ပါယ်ကို မိန္နွေနားလည်နိုင်မှာပါ။

မိန္နွေက မျက်ခုံးတစ်ဖက် ပင့်ပြီးကြည့်တယ်။

"ဟုတ်တယ်နော်၊ ကြိမ်ခြင်းထဲက အမှိုက်တွေများနေပြီ၊ သွားသွန်ဖို့ ယူသွားမယ်နော်"

ပြောပြောဆိုဆိုနဲ့ မိန္နွေဟာ ကြိမ်ခြင်းကို ကောက်ယူပြီး ပြန်ထွက်သွားတယ်။ အိပ်ခန်းတံခါးကို အသံမမြည်အောင် ပြန်ပိတ်သွားတယ်။

အခန်းထဲမှာ မိုးမြတ်အောင် တစ်ယောက်တည်း ဖြစ်နေပြီ။

မိုးမြတ်အောင်က ကုတင်ဘေးဘက်မှာရှိတဲ့ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်တယ်။ ပြတင်းပေါက်ရဲ့ ဘောင်ပေါ်မှာတောင် နှင်းပွင့်နှင်းဖတ်လေးတွေ စုပုံနေပါပကောလား။ ပြတင်းပေါက်ရဲ့ အပြင်ဘက် ပန်းဥယျာဉ်ထဲမှာ နှင်းဆီပင်တွေရှိတယ်။ အဲဒီနှင်းဆီပန်းတွေက အနီရောင်။ နှင်းဆီပင်ရဲ့ အရွက်တွေက အစိမ်းရောင်။ ဒါပေမယ့် နှင်းပွင့်တွေက ပန်းတွေနဲ့ အရွက်တွေပေါ်ကို ဖုံးအုပ်လွှမ်းခြုံထားတယ် သစ်တော်သီးပင်ကြီးပေါ်မှာလည်း နှင်းပွင့်တွေနဲ့ ဖုံးထားလို့ အရွက်တွေ အကိုင်းတွေတောင် မမြင်ရဘူး။

ဒါကြောင့် မြင်ကွင်းတစ်ခုလုံး နှင်းတွေနဲ့ ဖွေးဖွေးလှုပ်နေတယ်။

မိုးမြတ်အောင်က သူ. . သွားရတော့မယ်အချိန် ရောက်နေပြီဆိုတာ သေချာ သိလိုက်တယ်။ ဒါပေမယ့် သူမတုန်လှုပ်မိဘူး၊ သေရမယ့် လူတစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုမျိုး လုံးဝမခံစားရဘူး။ ဘာကြောင့်လဲဆိုတော့ ဟေမန်စိုးနဲ့ တွေ့ရတော့မယ်။ ဟေမန်စိုးက သူ့ကို စောင့်နေ

www.burmeseclassic.com



လိမ့်မယ်လို့ သူသိနေတယ်။

အဲဒီ အကြောင်းကို မိုး မြတ်အောင်က မိန္တေကို ပြောဖူး တယ်။

နှင်းတွေ သဲသဲမဲမဲ ကျ လာချိန်ရောက်ရင် သူနဲ့ ဟေမန် စိုးနဲ့ တွေ့ကြဖို့ ချိန်းထားတဲ့အ ကြောင်း သူပြောပြခဲ့တယ်။ ဒါ ပေမယ့် မိန္တေက မကန့်ကွက်ဘူး၊ သဘောထားကြီးတဲ့ မိန္တေ။ လော လောဆယ်မှာ တစ်ချိန်လုံး ကု တင်ပေါ်က မွေ့ယာပေါ်မှာ လဲ လျောင်းနေတဲ့သူ့ကို မိန္တေက လို အပ်တာမှန်သမျှ အကုန်လုံးဖြည့် ဆည်းပေးနေတယ်။

မိန္တေဟာ ဇနီးကောင်း တစ်ယောက်။ ဒါပေမယ့် ဒုတိယ အကောင်းဆုံးဇနီးပါပဲ။ ဘာဖြစ် လို့လဲဆိုတော့ ပထမအကောင်း ဆုံးက ဟေမန်စိုးဖြစ်နေတာကိုး။

"ရှင်. . . ဟေမန်စိုးကို ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး နော်"

မိန္တေက အဲဒီလိုမျိုး တစ် ခါနှစ်ခါ မေးဖူးတယ်။

"ဟေမန်စိုးကို မမေ့နိုင် တဲ့အတွက် အဲဒါကို ကျုပ်ဂုဏ်ယူ တယ်"

လို့ မိုးမြတ်အောင်က အားတက်သရော ပြောမိတယ်။

× × ×

မိုးမြတ်အောင်ရဲ့ မမေ့ နိုင်တဲ့ ဖြစ်ရပ်ဟာ တော်တော် လေးတော့ ကြာပြီ။ ဘယ်လောက် ကြာပြီလဲဆိုတာ သူတိတိကျကျ မပြောနိုင်ပေမယ့် နှစ်ပေါင်းနှစ် ဆယ်တော့ကျော်ပြီလို့ မိုးမြတ် အောင်က ပြောဖူးတယ်။

သူနဲ့ ဟေမန်စိုးက ဟော လီးဒေးရက်အတွင်းမှာ ပင်လယ် ကမ်းခြေတစ်နေရာကို ရောက်ခဲ့ ကြတယ်။ အနားယူ အပန်းဖြေ ခရီးထွက်ခဲ့ကြတာပါ။ ဒါပေမယ့် ဘယ်ကမ်းခြေလည်းဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



သေချာမပြောနိုင်ဘူး။ မောင်းမကန်လို့ထင်တယ်။ တစ်ခါတစ်ခါ လူတောလည်း ငပလီလိုလိုမျိုး၊ ချောင်းသာလိုလိုမျိုး မရေမရာ ဖြစ်နေတတ်တယ်။

ထားပါတော့။ ပင်လယ်ကမ်းခြေတစ်နေရာဆိုပါတော့။

နွေရာသီမတိုင်မီမှာ ကြိုတင်ပြီး ရောက်သွားကြတယ်။ နွေရာသီဆိုရင် ပင်လယ်ကမ်းခြေကို အပျော်ခရီး ထွက်တဲ့လူတွေများလွန်းလို့ တည်းခိုခန်းတွေ ဘန်ဂလိုတွေ ပြည့်ကြပ်နေတာပဲ။ အဲဒီအချိန်မှာ တည်းခိုခတွေလည်း ဈေးကြီးပေးရတယ်။

မိုးမြင့်အောင်နှင့်ဟေမန်စိုးတို့ ရောက်နေကြတဲ့အချိန်မှာ ဘန်ဂလိုတွေ၊ တည်းခိုခန်းတွေ လွတ်နေတယ်။ သူတို့လို နွေရာသီမတိုင်မီ စောပြီးရောက်နေကြတဲ့ စုံတွဲတွေ၊ တစ်ဒါဇင်လောက်ပဲ ရှိမှာပါ။ မိုးမြင့်အောင်ရဲ့ တစ်သက်တာမှာ ချစ်ရတဲ့ဇနီးနဲ့ အပျော်ခရီးထွက်ရတာ စိတ်ချမ်းမြေ့စရာအကောင်းဆုံးအချိန်ဖြစ်နေတယ်။

ပင်လယ်ကမ်းစပ်ရဲ့ သဲသောင်ပြင်မှာ နှစ်ယောက်သား လွတ်လွတ်လပ်လပ် လဲလျောင်းနေကြတယ်။ ခဏကြာတော့မှ ဟေမန်စိုးက သူ့ရင်ဘတ်ပေါ်ကို သဲတွေအဆုပ်လိုက် စုပုံပြီးတင်လိုက်တယ်။ နောက်ပြီး အဲဒီသဲတွေကို ပင်လယ်ရေနဲ့ ဖြန်းပြီး သဲပိရမစ်ပုံစံမျိုး တစ်ခုလုပ်နေတယ်။

မိုးမြင့်အောင်. . သူ့ရင်ဘတ်ကို ဖောင်းချည်ပိန်ချည်ဖြစ်အောင် အသက်ရှူလိုက်၊ ထုတ်လိုက်လုပ်တော့ ဟေမန်စိုးရဲ့ သဲပိရမစ်လေး ပြိုသွားတယ်။ ဟေမန်စိုးက မျက်နှာလေးညှိုးပြီး သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးနဲ့ ထုတယ်။

နောက်တော့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



စကြတယ်။ အနမ်းပွင့်တွေ ဝေကြတယ်။

"လာကွာ. . ရေသွားကူးကြမယ်"

ဟေမန်စိုးက သဲပြင်ပေါ်မှာ လဲလျောင်းရာက ရပ်လိုက်တယ်။

"တို့. . တစ်ရေးလောက်မှိန်းလိုက်ဦးမယ်ကွာ၊ ဟေမန်သွားနှင့်"

မိုးမြင့်အောင်က ပျင်းပျင်းရိရိ ပြောလိုက်တယ်။ ဟေမန်စိုးဟာ ကြက်သွေးရောင်ရေကူးဝတ်စုံနဲ့ အရမ်းလှနေတယ်"

"ဒါဆို ဟေမန်ာစ်ဦးတည်း သွားကူးပြီး ပြန်လာရင် အဆင်သင့် သောက်ဖို့ ကော်ဖီဖျော်ထားရမယ်နော"

"အိုကေ. . ရတယ်၊ သိပ်မကြာစေနဲ့. . ဟုတ်လား"

မိုးမြင့်အောင်က သတိပေးလိုက်တယ်။

"မကြာပါဘူး၊ နှင်းပွင့်တွေ ကျလာချိန်မှာ ဟေမန်ပြန်လာချိန်ပြီး သူ့ကိုခေါ်မယ်"

ဟေမန်စိုးဟာ စကားဆုံးတာနဲ့ လှစ်ကနဲ ရေစပ်ကို ပြေးထွက်သွားတယ်။ အခုမှ နွေရာသီတောင် စတုန်းပဲရှိသေးတယ်။ ဘာကြောင့် နှင်းပွင့်တွေ ကျလာချိန်မှာ မိုးမြင့်အောင်ကို လာခေါ်မယ်လို့ ပြောတာလဲမသိဘူး။

ဟေမန်စိုးပြန်လာမှ အဲဒီစကားအဓိပ္ပါယ်ကို မေးကြည့်ရမယ်လို့ မိုးမြင့်အောင်က ရင်ထဲမှာ တေးထားလိုက်တယ်။

ဟေမန်စိုးဟာ ခါးလောက်မြုပ်တဲ့အထိ ပင်လယ်ရေထဲကို ဆင်းလျှောက်သွားတယ်။နောက်တော့မှ သူမရဲ့ ကိုယ်လေးဟာ ရေထဲက ကြွတက်ပြီး ရှေ့ကိုဒိုင်ဗင်ထိုးလိုက်တယ်။ ရေနက်ပိုင်းကို သွက်သွက်လက်လက် အားနဲ့ခွန်နဲ့ ကိုက်ငါးဆယ်လောက်ရောက်အောင် တရှိန်ထိုးပဲ ကူးသွားတယ်။ တောင်လျှောက်ကူး



www.burmeseclassic.com

www.burmeseclassic.com



သွားတာမျိုး။ နောက်ကို တစ်ချက်လေးမှ လှည့်မကြည့်ခဲ့ဘူး။

မိုးမြင့်အောင်က မျက်လုံးအစုံကို မှေးထားပြီး ဟေမန်စိုးကို လှမ်းကြည့်နေရာက နေရောင်ခြည်ရဲ့ နွေးထွေးမှုကြောင့် မှေးကနဲ အိပ်မှန်းမသိ အိပ်ပျော်သွားတယ်။ ဒါပေမယ့် သူသိပ်မကြာပါဘူး။ မိနစ်အနည်းငယ်လောက်ပါပဲ။

မိုးမြင့်အောင်က မျက်လုံးပြန်ဖွင့်လိုက်တယ်။

လဲလျောင်းရာက ထပြီး လက်နှစ်ဖက်ဆန့်ကားလို့ အပျင်းဆန့်တယ်။ သူ့ရဲ့ မြင်ကွင်းထဲမှာ ဟေမန်စိုးကို မတွေ့ရဘူး။ အရိပ်အယောင်ထောင် မမြင်ရဘူး။ လှိုင်းအိတွေ ပင်လယ်ပြင်ဘက်က တက်လာပြီး သဲသောင်ပြင်ပေါ်အရောက် ပြန်ဆင်းသွားခဲ့လိုက်၊ တက်လာလိုက်နဲ့။

မိုးမြင့်အောင်ရဲ့ ပတ်ဝန်းကျင်မှာ အနီးအနား ဘယ်သူမှ မရှိဘူး။ ခပ်လှမ်းလှမ်းမှာတော့ စုံတွဲတစ်တွဲ လက်ချင်းဆက်လို့ လမ်းလျှောက်နေတယ်။ နောက်တစ်စုံတွဲက သဲသောင်ပြင်မှာ လဲလျောင်းရင်း တစ်ယောက်နဲ့တစ်ယောက် ကြည်စယ်နေကြတယ်။

အဲဒီအချိန်မှာ ဟေမန်စိုးပြောသွားတဲ့စကားကို ပြန်လည်ကြားယောင်မိတယ်။

"နှင်းပွင့်တွေ ကျလာချိန်မှာ ဟေမန်ပြန်လာပြီး သူ့ကိုခေါ်မယ်"

. . ဆိုတဲ့ စကားလုံးဟာ မိုးမြင့်အောင်ရဲ့ နားထဲမှာကော၊ ဦးနှောက်ထဲမှာပါ ပဲ့တင်ထပ်နေတယ်။ ဒါကြောင့် သူအပြင်းအထန် ခံစားလိုက်ရသည်။ ကမ်းစပ်တလျှောက် ခေါက်တုန့်ခေါက်ပြန် ပြေးနေမိတယ်။

"ဟေမန် . . ဟေမန်၊မင်းဘယ်မှာလဲ . . ဟေမန်၊ ကျုပ် . . စွဲစွဲချစ်နေတဲ့ ဟေမန်၊ ဘယ်ကိုရောက်သွားပြီလဲ၊ ဟေမန်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြောကြပါဗျာ၊ ရေကူးဝတ်စုံ ကြက်သွေးရောင်လေး ဝတ်ထားတယ်လေ၊ သူ့အသားက ရွှေဝါရောင်၊ မျက်ခုံးထူထူလေးနဲ့"

မိုးမြင့်အောင်က ရင်ဘတ်ထဲကထွက်လာတဲ့ စကားလုံးများကို တတွတ်တွတ် ရေရွတ်တယ်။ မျက်ရည်တွေ ပြည့်လျှမ်းတဲ့ မျက်လုံးအစုံနဲ့ တွေ့သမျှမြင်သမျှ လူတွေကို အကူအညီ တောင်းရှာတယ်။ နောက်ဆုံးကျတော့ အသက်ကယ်အဖွဲ့က ပင်လယ်ပြင်မှာရော ကမ်းခြေမှာပါ၊ ကူညီရှာဖွေ ပေးကြတယ်။

နောက်တစ်နေ့ကျ ဘာ့ မိုးမြင့်အောင် လဲလျောင်းစောင့်ဆိုင်းနေခဲ့တဲ့ ကမ်းစပ်သောင်ပြင်နဲ့ သုံးမိုင်အကွာမှာ ပင်လယ်ရေလှိုင်းရဲ့ လှိုင်းအိတွေရဲ့ သယ်ပိုးမှုကြောင့် ကမ်းခြေပေါ်ကို ရောက်နေတဲ့ ဟေမန်စိုးရဲ့ သက်မဲ့ခန္ဓာကိုယ်ကို တွေ့လိုက်ရတယ်။

မိုးမြင့်အောင်က အကြီးအကျယ် စိတ်ထိခိုက်ပြီး သတိလစ်သွားတယ်။ နှလုံးသွေးပျက်ခမန်း အသည်းအသန် ခံစားမိလိုက်ရတယ်။ ငါးနှစ်တိုင်တိုင် ကြောင်တောင်တောင်ကြီးဖြစ်နေတယ်။ အိမ်ပြန်ရောက်ပြန်တော့လည်း သူ့ကိုယ်သူ တည်တည်ငြိမ်ငြိမ် ဖြစ်အောင် ကြိုးစားနေရတယ်။

စိတ်ငြိမ်ဆေးတွေကို နေ့စဉ်နှင့်အမျှ အထူးကုဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ သောက်ရတုန်းပဲ။ ဒါပေမယ့် ဝေဒနာခံစားမှုအထိုက်အလျောက် သက်သာတာကလွဲလို့ ပုံမှန်မူလ အခြေအနေကို ပြန်မရောက်သေးဘူး။

မိုးမြင့်အောင်က ငွေကြေးပြည့်စုံတတ်နိုင်တဲ့ လူတစ်ဦးဖြစ်တဲ့အတွက် သူ့ကို ပြုစုတဲ့ မိန္ဒေနဲ့ လက်ထပ်လိုက်တယ်။ တကယ်တော့ အဲလိုမျိုးလက်ထပ်ဖြစ်တာလည်း သူ့ရဲ့ မိတ်ကောင်းဆွေကောင်း၊ အပေါင်းအသင်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်မှုကြောင့်ပါ။ မိဘဆွေမျိုးမရှိတဲ့ မိုးမြင့်အောင်ဘဝက အထီးကျန်မဖြစ်ရအောင် ဆောင်ရွက်ပေးလိုက်ရတာပါ။

မိုးမြင့်အောင်က သူ့ဖြစ်စဉ်ကို သူ့ဟာသူ တွေးနေတယ်။ မိန္တွေနဲ့ လက်ထပ်ခဲ့တာကိုက အပေါင်းအသင်းတွေကြောင့်ပါ။ တကယ်တမ်း သူ့အနေနဲ့ ယောမန်စိုးကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ မချစ်ခဲ့ဘူးလို့ စိတ်ကိုဖြေနေတယ်။ သူနှင့်မိန္တွေဟာ အတူနေတာကလွဲလို့ တရင်းတနှီး မဆက်ဆံကြပါဘူး။ စကားကုန်ပြောရရင် မိန္တွေကို ချစ်သူတစ်ယောက်အဖြစ်မျိုး လက်ဖျားနဲ့တောင် မထိခဲ့ပါဘူး။ အတူနေအဖော်ထက် မပိုပါဘူး။

အခုချိန်မှာ မိန္တွေဟာ သိုးမွေးချည်လုံးနဲ့ ဇာထိုးအပ်တစ်စုံယူလာခဲ့ပြီး သူ့အိပ်ယာ ကုတင်ဘေးမှာ ကုလားထိုင်နဲ့ထိုင်တယ် ဇာထိုးအပ်နဲ့ သိုးမွေးချည်လုံးကို လက်ချောင်းတွေကအလိုက်သင့်လှုပ်ရှားပေးနေတယ်။

မိန္တွေဝတ်ထားတာက သိုးမွေးဦးထုပ်၊ ဆွယ်တာ၊ လောင်းကုတ်အားလုံး အဖြူရောင်ချည်းပဲ။ ဒါကြောင့် မိုးမြင့်အောင်က။

"မင်းကို ကြည့်ရတာက ဟိမဝန္တာတောင်၊ လိုဏ်ခေါင်းထဲက နှင်းလူမကြီးတစ်ယောက်လို့ထင်ရတယ်"

. . လို့ ပြောချင်စိတ်ပေါ်လာတယ်။ ဒါပေမယ့်လို့ မိုးမြင့်အောင်က မပြောဖြစ်ပါဘူး။

"အိပ်ခန်းထဲမှာ နှင်းပွင့်နှင်းဖတ်တွေ ကျနေတယ်"

. . ဆိုတဲ့စကားကို တိုက်ရိုက်မပြောပဲ တခြားနည်းနဲ့ဘယ်လိုပြောရင် ကောင်းမလဲလို့ မိုးမြင့်အောင်ကစဉ်းစားလိုက်တယ်။

"စက္ကူက ဘာအရောင်လဲ. . မိန္တွေ"

မိုးမြင့်အောင်က မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"စက္ကူဆိုတာ အရောင်မျိုးစုံရှိတာပဲ"

မိနွေက သူ့ကို စူးစူးရဲရဲ ကြည့်ပြီး ပြောတယ်။

မိုးမြင့်အောင်က ခေါင်းခါပြီး. . .။

"မဟုတ်ဘူးလေ၊ အများဆုံး လူတွေ အသုံးပြုကြတဲ့ အရောင်ကိုမေးတာ"လို့ ထပ်ပြောလိုက်တယ်။

"ဒါဆို အဖြူရောင်ထင်တာပဲ"

မိနွေက စဉ်းစဉ်းစားစားနဲ့ ဖြေတယ်။

"ဟုတ်ပြီ၊ အဖြူရောင်ထဲက တခြားဘာရှိသေးလဲ"

မိနွေက သူ့လက်ထဲက သိုးမွှေးချည်လုံးကို ငုံ့ကြည့်လိုက်တယ်။

"သိုးမွှေးချည်လုံး" လို့ ပြောလိုက်တယ်။

"ဟုတ်တော့ဟုတ်တယ်၊ နောက်တစ်မျိုး ပြောကြည့်ပါဦး"

မိုးမြင့်အောင်က ဘဝင်
မကျသော အမူအရာဖြင့် ပြော
ခိုင်းသည်။ မိနွေသည် သူကျေ
နပ်မည့် အဖြေက ဘာများဖြစ်
မလဲဟူ၍ စဉ်းစားလျက် အိပ်ခန်း
ပတ်ဝန်းကျင်ကို မျက်လုံးတစ်
ချက် ဝေ့ကြည့်လိုက်သည်။

မိုးမြင့်အောင်လဲလျောင်း
နေသော မွေ့ယာအခင်းက ဆွတ်
ဆွတ်ဖြူနေသည်။ ထို့ကြောင့် မိ
နွေက 'အိပ်ယာခင်း'ဟု သွက်
လက်စွာ အဖြေပေးလိုက်သည်။

မိုးမြင့်အောင်သည် 'လွဲ
ပြန်ပြီ'ဟူ၍ ပြောချင်စိတ်ကို မ
နည်းထိန်းထားလိုက်သည်။ ထို
နောက် သူ၏ မျက်လုံးအစုံကို
မှိတ်ထားလိုက်သည်။ ထိုသို့မှိတ်
ထားလျက်နှင့်ပင် ရှေးခေတ်စ
သူကြီးနှင့်စစ်သည်တော်များ ခ
ခုတ်လှဲထိုး လေ့ကျင့်တိုက်ခို
နေကြပုံများကို မြင်နေမိသည်။

မိုးမြင့်အောင်က ဦးခေါင်း
ကို ခါရမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခားခုတ်လှဲ့ထိုးမြင်ကွင်း တစ်ခုလုံး ပျောက်ကွယ်သွား၏။ တောင်ခြေ တောအုပ်ကြီးထဲသို့ သူရောက်နေသည်။ သူ့နောက်မှ ကျားများလိုက်၍ ပြေးနေရသည် သစ်တောအုပ်သည် အကိုင်းအခက်အလက် အရွက်များထူထပ် သိပ်သည်းစွာ ပေါက်ရောက်နေကြသည်။ ထို့ကြောင့် နေပြောက်ပင် မထိုးနိုင်ပါချေ။

သူက ကျားများအန္တရာယ်မှ လွတ်မြောက်စေရန် နီးရာသစ်ပင်တစ်ပင်ပေါ်သို့ တက်ပြေးမည်ဟု ကြံစည်လိုက်သည်။ သို့ရာ၌ သစ်တောအုပ်ကြီး တစ်ခုလုံးအတွင်းရှိ သစ်ပင်များအားလုံး ပင်စည်ဟူ၍ လုံးဝမရှိကြပါချေ။ ထို့ကြောင့် သူက သစ်ပင်ပေါ်တက်ရန် အကြံအစည်ကို လက်လျှော့လိုက်ရသည်။

သူ့နောက်မှ လိုက်နေခဲ့သော ကျားများနှင့်သူ၏အကွာအဝေးက တဖြည်းဖြည်း နီးလာလေပြီ။ သူ့အတွက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာမရသေး။ နောက်ဆုံးတွင် ရှေ့ဆုံးမှ ကျားနှင့်သူ့အကွာအဝေးမှာ တစ်ကိုက်သာသာမျှ ဖြစ်နေလေပြီ။ ကျားက သူ့ကို ခုန်အုပ်ရန် ရှေ့ခြေနှစ်ဖက်ကို ညွတ်၍ အရှိန်ယူလိုက်စဉ် . . ။

သူက မျက်လုံးအစုံကို ပျာပျာသလဲဖွင့်လိုက်သည်။

ကျားအန္တရာယ်မှ လွတ်မြောက်သဖြင့် သူပျော်သွားသည် သူသည် အိပ်ခန်းထဲသို့ ပြန်လည်ရောက်ရှိနေလေပြီ။ သို့ရာတွင် သူ့အိပ်ခန်းထဲရှိ ကြမ်းပြင်တစ်ပြင်လုံး နှင်းပွင့်နှင်းဖတ်များ ဖုံးလွှမ်းနေသည်ဟု ထင်မြင်မိသည်

မိန္ဒေသည် သိုးမွေးချည်ဖြင့် ကလေးဝတ်ဆွယ်တာထိုးနေသည်ဟု ယူဆရသည်။ မိုးမြင့်အောင်သည် သူ့ဘဝတွင် အရေးအကြီးဆုံး တစ်နည်းအားဖြင့် နောက်ဆုံးအချိန်ရောက်ရန် တဲ



www.burmeseclassic.com

www.burmeseclassic.com



တဲကလေးမျှသာ လိုအပ်သည့် အခါမျိုး၌ စိတ်အေးလက်အေး ဖြင့် သိုးမွေးဆွယ်တာ ထိုးမပျက်သော မိန္တွေကိုကြည့်၍ ဒေါသ ထွက်လာသည်။

မိုးမြင့်အောင်၏ စကားလုံးများသည် သူ့ပါးစပ်ထဲမှထွက် မလာပဲ မြိုသိပ်ထားသည်။

"ကျုပ်အိပ်ခန်းတစ်ခန်းလုံး နှင်းတွေဖုံးလို့၊ ကျုပ်တစ်ကိုယ်လုံး နှင်းထဲမှာ မြုပ်တော့မယ်၊ မင်းက ဆွယ်တာထိုးမပျက်ဘူး၊ သွားစမ်းကွာ၊ မင်းကို ငါမတွေ့ချင်ဘူး၊ ငါတွေ့ချင်တာက ဟေမန်စိုး၊ သူ. . ငါ့ကို ဘယ်တော့ လာခေါ်မှာလဲလို့ စောင့်နေတာ၊ ငါပြောတာရှင်းပါတယ်နော်"

စင်စစ်အားဖြင့် မိုးမြင့်အောင်က ထိုသို့ ပြောလိုက်ချင်သည်။ သို့ရာတွင် သူပြောချင်သော စကားလုံးများကို မပြောဖြစ်ပဲ သူ့ပါးစပ်မှ အမှတ်မထင်ထိုးတိုးထွက်လာသော စကားလုံးမှာ. . .။

"မင်းကို ငါချစ်တယ်"

. . ဟူ၍ဖြစ်သည်။

မိန္တွေသည် ထိုးလက်စ သိုးမွေးဆွယ်တာကို မထိုးတော့ပဲ ရပ်လိုက်သည်။ ထိုနောက်တွင် ဟိုင်ရာမှထသည်။ သူမ၏ မျက်နှာပေါ်တွင် အပြုံးရိပ် သဲ့သဲ့မျှ ဖြစ်ပေါ်နေသည်။ သူမက အိပ်ခန်းထဲမှ ထွက်သွားသည်။

မိုးမြင့်အောင်တစ်ယောက် တည်း ကြေကွဲနေသည်။

"နှင်းပွင့်တွေ ကျလာချိန်မှာ ကိုယ့်ကို ပြန်လာခေါ်မယ်ဆို တဲ့ ဟေမန်၊ မင်း. . အခုထက်ထိ ဘာဖြစ်လို့ မလာသေတာလဲကွာ"

သူက ဆွေးဆွေးမြေ့မြေ့ ရေရွတ်လိုက်သည်။

"ဟေမန်. . ရောက်နေပါပြီနော်၊ ဒီမှာ ကြည့်လိုက်စမ်းပါဦး"

. . ဟူသော အသံအာ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။ မိုးမြင့်အောင်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားလိုက်ရခြင်းဖြစ်သည်။

သူက အသံလာရာဆီသို့ လှမ်းကြည့်သည်။

ဖွင့်ထားသော ပြတင်းပေါက် အပြင်ဘက်တွင် ရပ်နေသော ဟေမန်ကို တွေ့ရသည်။ အထက်အောက်ကြက်သွေးရောင် ဝတ်စုံနဲ့ဖြစ်သည်။ သူမ၏ ရွှေဝါရောင်အသားအရေနဲ့လိုက်လျောညီထွေ အဆင်ပြေသည်။

"လာလေ. . မောင်၊နှင်းပွင့်တွေ ကျနေချိန်မှာ ခေါ်ဖို့ ဟေမန်ပြန်လာတာ"

"မင်း. . ဘယ်ကပြန်လာတာလဲ. . ဟေမန်"

"ဟေမန်ရောက်သွားတဲ့ နေရာက ရေအောက်ကမ္ဘာတစ်ခုဆိုပါတော့ မောင်ရယ်၊ သန္တာတွေ၊ ပုလဲတွေနဲ့ တည်ဆောက်ထားတဲ့ နန်းတော်ကြီးလည်း ရှိတယ်၊ နောက်ပြီး အင်မတန်သာယာတဲ့ ဥယျာဉ်ကြီးတစ်ခုလည်း ရှိတယ် မောင်ရဲ့၊ လိုက်ခဲ့မယ် မဟုတ်လား"

"လိုက်မှာပေါ့. . ဟေမန်၊ လိုက်ချင်လွန်းလို့ နှင်းပွင့်တွေကျလာမယ့် အချိန်ကို စောင့်နေခဲ့တာ ကြာလှပြီ၊ အခုမှပဲ နှင်းပွင့်တွေ ကျလာတော့တယ်"

"ဒါဖြင့် လာလေ"

ဟေမန်စိုးက လက်နှစ်ဖက်ရှေ့သို့ဆန့်၍ ကြိုဆိုသည်။ မိုးမြင့်အောင်၏ ခန္ဓာကိုယ်သည် ပြတင်းပေါက်ဘောင်ကို ကျော်၍ အပြင်ဘက် လေထဲတွင် ရပ်နေသည်ဟု ထင်နေသော ဟေမန်ထံသို့ လက်တန်း၍ထွက်လိုက်၏။

"မလုပ်နဲ့၊ မထွက်နဲ့၊ ရှင် အန္တရာယ်ရှိတယ်၊ မထွက်နဲ့"

ငယ်သံပါအောင် အော်လိုက်သော အမျိုးသမီးအသံမှာ မိုးမြင့်အောင်အတွက် နောက်ဆုံးကြားလိုက်ရခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ၏ ဖုန်းဆက် အကြောင်းကြားမှုကြောင့် ဆရာဝန်က ချက်ချင်းရောက်လာသည်။ မြေပြင်ပေါ်၌ ပက်လက်လန်နေသော မိုးမြင့်အောင်ကို ငုံ့ကြည့်လိုက်သည်။

"ကျွန်မ တားလိုက်တဲ့အချိန်မှာပဲ သူက ပြတင်းပေါက်ကို ကျော်ပြီး ထွက်သွားတာ မြင်တွေ့လိုက်ရတယ်၊ တစ်စုံတစ်ယောက်ဆီကို လက်လှမ်းအားပြုပြီးကိုင်လိုက်တဲ့ အသွင်သဏ္ဌာန်မျိုး၊ အပေါ်ထပ်ကနေ ဇောက်ထိုးတစ်ပတ်လည်ပြီး ပက်လက်အနေအထားနဲ့ ကျနေတာ၊ ကျွန်မအပေါ်ထပ်က ပြေးဆင်းလာကြည့်တော့ သူ့အသက် မရှိတော့ဘူး ဒေါက်တာ"

သူနာပြုဆရာမက သွက်လက်ချက်ချာစွာ ရှင်းပြသည်။

ဒေါက်တာက ဦးခေါင်းညိတ်ပြသည်။

"ဒီလောက်အမြင့်က ကျလာတဲ့ လူနာဟာ အသက်ရှင်ဖို့ လမ်းဆိုတာ တစ်ရာခိုင်နှုန်းမရှိဘူး"

"ဆေးမှတ်ချက်က ဘယ်လိုလဲ . . ဒေါက်တာ"

"ဦးနှောက်နှင့်ပတ်သက်တဲ့ သွေးလွန်ခြင်း CEREBRAL HAEMORRUAGEလို့ မှတ်ချက်ရေးရလိမ့်မယ်၊ ဒါပေမယ့် အဓိကဆေးစွဲရာက အဆိပ်အတောက်ဖြစ်တာလည်းပါတယ်၊ တကယ်တော့ သူ့အင်မတန် စွဲစွဲလန်းလန်းချစ်ရတဲ့ ဇနီးသေဆုံးသွားပြီးကတည်းက သူ့ဘဝဟာ အသက်ရှင်လျက်နဲ့ သေဆုံးနေတဲ့ လူတစ်ယောက်ဖြစ်နေပါပြီ"

ဒေါက်တာက သက်သက်ညှာညှာ မှတ်ချက်ချလိုက်သည်။

စင်စစ်အားဖြင့် မိုးမြင့်အောင်သည် မိန်းမသေဆုံးပြီးတဲ့နောက် မူးယစ်ထုံထိုင်း စိတ်ကိုပြောင်းလဲစေသော ဆေးများကို စိတ်ပြေရာပြေကြောင်း အလွန်

www.burmeseclassic.com



အကျွံသောက်ခဲ့သည်။ထို့ကြောင့် သူ၏ အတွေးအခေါ်၊ အထင်အမြင်များသည် အမှန်အတိုင်း မဟုတ်တော့ပဲ တွေးမိတွေးရာထင်မိထင်ရာ အလွှဲလွှဲအချော်ချော်ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

"မင်း. . ဒီအိမ်မှာ လုပ်စရာကိစ္စလေးတွေ ဆောင်ရွက်ပြီးရင် ငါ့ရုံးခန်းကို လာပြီးသတင်းပို့. . ဟုတ်လား"

ဒေါက်တာက သူနာပြုဆရာမအား လှမ်းပြောလိုက်လေသည်။ သူနာပြုဆရာမက ခေါင်းညိတ်ပြသည်။

"လူနာမသေခင်တုန်းက နောက်ဆုံးစကားအဖြစ်နဲ့ သူဘာပြောသွားတယ်ထင်သလဲ ဒေါက်တာ"

ဒေါက်တာက သူနာပြုဆရာမကို အကဲခတ်သော အကြည့်ဖြင့် တစ်ချက်မျှလှမ်းကြည့်သည်။

"စိတ္တဇဝေဒနာနဲ့ ယှဉ်ပြီးဖြစ်တဲ့ လူနာဆိုတော့ သူ့စိတ်ထဲမှာ ဖြစ်ပေါ်တာတစ်ခုခုကို လွှတ်ကနဲပြောလေ့ရှိပါတယ်၊ လူနာက ဘာပြောလို့လဲ"

"ကျွန်မကို သူချစ်တယ်တဲ့"

"ဖြစ်နိုင်တာ ပေါ့ကွယ်၊ အဲဒီစကားမျိုးကို လူအတော်များများက အကြိမ်ပေါင်းများစွာ၊ အမျိုးသားတွေက အမျိုးသမီးတွေကိုဖြစ်စေ၊ အမျိုးသမီးတွေက အမျိုးသားတွေကိုဖြစ်စေ ပြောခဲ့ကြတာပါပဲ၊ အဲဒီစကားက အမှန်အတိုင်း ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး၊ အဲဒါ မဆန်းပါဘူးကွယ်"

ဒေါက်တာက အကျိုးသင့်အကြောင်းသင့် သုံးသပ်ပြသည်။

"ဒါပေမယ့် ဒီလူနာက အချစ်နှင့်ပတ်သက်လို့ ပေါ့ပေါ့ဆဆ ပြောတတ်တဲ့လူစားမဟုတ်ဘူး. . ဒေါက်တာ"

"ဒါဆိုရင် မင်းဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



များ ထင်မြင်ယူဆလို့လဲ”

ဒေါက်တာက သူနာပြု ဆရာမကို ပြန်လည်၍ မေးခွန်း ထုတ်လိုက်သည်။

သူနာပြုဆရာမက ပြောသင့်၊ မပြောသင့် ခေတ္တမျှ ချိန်ဆစဉ်းစားနေဟန်တူသည်။

ထိုနောက်. . .။

“သူ. . ကျွန်မကို သူ့ရဲ နောက်အိမ်ထောင်လို့ ထင်နေ တယ်. . ဒေါက်တာ”

. . ဟူ၍ပြောလိုက်လေ တော့သည်။

+++++

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကြောင်နေ့ ရက်ရာဇာနှင့်သို့ပါက

ရှေးဟောင်းသုတေသန ပညာရှင် ဦးဒီဖိုးသည် သူ၏မှတ်စုစာအုပ်ကို ရှာမတွေ့ပါချေ။ ထို့ကြောင့် သူ့တူတော်စပ်သူ စိန်ဘညိုအား သံသယဖြစ်နေသည်။

ဦးဒီဖိုးသည် အသက်၆၀ အရွယ်၌ အငြိမ်းစားတစ်ယောက်အဖြစ် ပင်စင်ယူခဲ့သည်မှာ သုံးနှစ်ပင် ကြာခဲ့လေပြီ။ ထိုသုံးနှစ်အတွင်း ကွယ်ပျောက်နေသော ရှေးဟောင်းသမိုင်းဝင်နယ်မြေဒေသများကို သွားရောက်ခဲ့သည်။ တွေ့ရှိချက်များကို သုတေသနပြုခဲ့သည်။ မှတ်တမ်းပြုစုထားသော မှတ်စုစာအုပ် ပျောက်ဆုံးခြင်းမှာ စိန်ဘညိုမှတစ်ပါး အခြားသူ မဖြစ်နိုင်ပါချေ။

သူ၏ နှစ်ထပ်တိုက်လေးတွင် သူနှင့်စိန်ဘညိုနှစ်ယောက်တည်းသာ နေကြသည်။ အခြားမည်သူမှ မရှိ။ စိန်ဘညို၏ အမေသည် ဦးဒီဖိုး၏ အစ်မဖြစ်၏။ ဦးဒီဖိုးတို့ မိဘများသည် ချမ်းသာကြွယ်ဝကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီဖိုး၏ အစ်မ မမြရွှေသည် မိဘသဘောမတူသော ဂျော်ကီကောင်းမိုးနှင့်ခိုးရာလိုက်ပြေးသည်။ ထို့ကြောင့် မိဘက အမွေဖြတ်လိုက်သည်။ သူတို့ မိသားစုစာရင်းဝင် အဖြစ်မှ ပယ်ဖျက်လိုက်သည်။ တစ်ခါတစ်ရံ မမြရွှေ၏ သတင်းကို မိတ်ဆွေအချို့က သယ်ဆောင်လာကြ၏။

"ကောင်းမိုးသည် မမြရွှေအား ငွေကြေးချမ်းသာသော မိဘများ၏ သမီးဖြစ်သောကြောင့်သာလျှင် လက်ထပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခု မိဘများက မမြရွှေအား သမီးအဖြစ်မှ စွန့်လွှတ်လိုက်သောအခါ မုန်းချက်နှင့်နမ်းထွက်မကိုက်သော ကောင်းမိုး၏ နှိပ်စက်ခြင်းကို ခံနေရကြောင်း မည်သို့ပင်ဖြစ်စေ မိဘများက မိမိတို့အိမ်၌ မမြရွှေအကြောင်း လာမပြောရန် တားမြစ်ပိတ်ပင်ခဲ့ကြသည်။

နောက်ပိုင်းတွင် စိန်ဘညိုဆိုသော သားတစ်ယောက်မွေးဖွားပြီး နှစ်ခါလည်အရွယ်၌ မမြရွှေကွယ်လွန်သွားခဲ့ကြောင်း၊ ကောင်းမိုးသည်လည်း အိမ်ပင်မကပ်ပဲ ခြေဦးတည့်ရာ ထွက်သွားခဲ့ကြောင်း၊ စိန်ဘညိုအား က[illegible]လေးအရွယ် လူမမယ်ဘဝတုန်းကတည်းက အိမ်နီးနားချင်းသားသမီးမရှိသော မုဆိုးမကြီးတစ်ဦး၏ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြောင်း။

. . စသော သတင်းများကို မကြခဏကြားနေရသည်။

မိဘများ ကွယ်လွန်ပြီးနောက် ဦးဒီဖိုးသည် လူပျိုကြီးအဖြစ်နဲ့ ရှေးဟောင်းသုတေသနလုပ်ငန်းများတွင်သာ အာရုံနစ်မြှုပ်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ပင်စင်ယူပြီးချိန်အထိ တကိုယ်တော်အဖြစ်နဲ့ မကြာခဏခရီးထွက်၍ သုတေသနလုပ်ငန်းများကို မှတ်တမ်းတင်ခြင်း၊ ထိုမှတ်တမ်းများကို စာအုပ်စာတမ်း

www.burmeseclassic.com



ပြုစု၍ ထုတ်ဝေသူအချို့ ဆက်သွယ်ကာ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားခဲ့သည်။

လောလောဆယ် အချိန်တွင် ဦးဒီဖိုးသည် တစ်ယောက်တည်းနေသူဖြစ်သောကြောင့်တစ်ခါတစ်ရံ လူငယ်လေးအချို့ကို တပည့်တပန်းအဖြစ် ခေါ်ယူ၍ ဝေယျာဝစ္စများကိုဆောင်ရွက်ရန်နှင့်သူခရီးထွက်သောအခါ၌လည်း အဖော်အဖြစ် လိုက်ပါရန် စီစဉ်ခဲ့ဖူးသည်။

သို့ရာတွင် သူ့ထံတွင် တပည့်မမြဲပါချေ။

အသက်အရွယ် ကြီးရင့်၍ စည်းကမ်းတင်းကြပ်သော ဦးဒီဖိုးအိမ်တွင် နေကြရသည်မှာ လူငယ်များအဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာ ခြောက်ကပ်ကပ်ကြီးဖြစ်နေသည်။ ထို့ကြောင့် တစ်လနှစ်လထက် ပို၍မကြာ။ စွန့်ခွာသွားကြလေ့ရှိသည်။

မကြာသေးမီ လွန်ခဲ့သော နှစ်လခန့်တုန်းက စိန်ဘညိုတစ်ယောက် ဦးဒီဖိုးအိမ်သို့ ရောက်လာသည်။ သူ့ထံတွင် စာရွက်စာတမ်းအချို့နှင့် ခေတ်ပုံသုံးပုံမျှပါသည်။ စာရွက်စာတမ်းထဲတွင် မိခင်မမြရွှေနှင့်ဖခင်ကောင်းမိုးတို့၏ တစ်ဦးတည်းသော သားဖြစ်ကြောင်း၊ အထောက်အထားနှင့် မွေးစာရင်း စသည်ဖြင့် မှန်မှန်ကန်ကန် တွေ့ရသည်။ ထို့ပြင် မမြရွှေနှင့် ကောင်းမိုးတို့နှင့်အတူ စိန်ဘညိုတစ်ခါလည်သားအရွယ်က သုံးယောက်တွဲရိုက်ထားသော ခေတ်ပုံ၊ စိန်ဘညိုနှင့်မိခင်မမြရွှေနှစ်ယောက်တွဲ။ စိန်ဘညိုနှင့် ဖခင်ကောင်းမိုး နှစ်ယောက်တွဲ ခေတ်ပုံသုံးပုံ။

ထိုအထောက်အထားများအရ ဦးဒီဖိုးက စိန်ဘညိုကို သူ့တူအဖြစ် လက်ခံလိုက်သည်။သို့ရာတွင် စိန်ဘညိုသည် မွေးကင်းစအရွယ်မှ ယခု အသက်(၁၈)နှစ်အထိ ဦးဒီဖိုးနှင့်တစ်ကြိမ်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



မျှ မတွေ့ဖူးပါချေ။ သို့ရာတွင် သူ၏မိခင် မမြရွှေသည် သားလေးတစ်ခါလည်းသားအရွယ်၌ မောင်ဖြစ်သူ ဦးဒီဖိုးထံသို့ ငွေကြေးအကူအညီတောင်းရန် ရေးသားခဲ့သော စာတစ်စောင်လည်း ပါသည်။ သို့ရာတွင် ထိုစာကို မပေးဖြစ်ပဲ သိမ်းထားခဲ့သည်။ ထိုစာသည် အစ်မမမြရွှေ၏ လက်ရေးအမှန်အကန်ဖြစ်သည်။ စိန်ဘညိုအား ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော မုဆိုးမကြီးသေဆုံးပြီးနောက် သူ့ထံသို့ ရောက်လာခြင်းပင်။

ထို့ကြောင့် ဦးဒီဖိုးက လက်ခံလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် စကားတစ်ခွန်းကို လေးနက်စွာ ပြောသည်။

"မင်းဟာမင်း မိဘအုပ်ထိန်းမှုအောက်မှာမရှိပဲ လေလွင့်နေတဲ့ အခြေအနေမျိုးနဲ့ ငါ့ဆီမှာနေလို့ မရဘူး၊ ငါ့အိမ်မှာနေရင် ငါ့စည်းကမ်းကို လိုက်နာရမယ်၊ ငါခိုင်းတာလုပ်ရမယ်၊ ငါစားသလို စားရမယ်၊ သုံးစွဲဖို့ အဝတ်အစားဝယ်ဖို့ တစ်လတစ်ကြိမ် ငွေအသင့်အတင့် ထုတ်ပေးမယ်၊ ငါပြောတာရှင်းလား"

"ရှင်းပါတယ် ဦးလေး"

"ငါဒီမှာနေတာကို မင်းဘယ်လိုလုပ်ပြီးသိလဲ"

"သုတေသနဌာနမှာ ဦးလေးဌာနမှူးဖြစ်တယ်လို့ အဖေက ပြောခဲ့ဖူးတယ်၊ ဒါကြောင့် သုတေသနဌာနမှာ သွားစုံစမ်းတယ်၊ ပင်စင်ယူသွားကြောင်းနဲ့ ဦးလေးလိပ်စာကို သုတေသနဌာနက ရခဲ့တာ"

"မင်းအဖေကောင်းမိုးနဲ့ တွေ့သေးလား"

"မတွေ့တာ ငါးနှစ်လောက်ကြာသွားပါပြီ"

"ကောင်းတာပေါ့၊ တကွယ်လို့ တွေ့ရင်လည်း ဘယ်တော့မှ ငါ့ဆီခေါ်မလာနဲ့၊ မင်းအခုလို ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့



www.burmeseclassic.com

www.burmeseclassic.com



ငဲ့နေတာဟာ မင်းအမေကို သူခိုးပြေးလို့ပဲ၊ အဲဒီအချိန်က မင်းအမေဆီမှာ ပါသွားတဲ့ လက်ဝတ်လက်စားစိန်ဘယက်၊ ရွှေဆွဲကြိုးပတ္တမြားလက်စွပ်၊ ပုလဲနားကပ်၊ ရွှေဘီး၊ စိန်ဆံထိုးနှင့် ရွှေလက်ကောက်အားလုံး တစ်ဆင်စာမကဘူး၊ အဲဒီ ပစ္စည်းတွေကို မင်းအဖေက သုံးဖြုန်းပြီး ကုန်လည်းကုန်ရော ငါတို့ မိဘဆီမှာ အမွေထပ်တောင်းခိုင်းတယ်၊ တို့မိဘက လုံးဝလက်မခံဘူး၊ ဒါကြောင့် မင်းအမေကို စိတ်ဆင်းရဲအောင်သေတဲ့အထိ နှိပ်စက်ခဲ့တာပဲ၊ ဒါကြောင့် မင်းကိုတော့ ငါ့အစ်မရဲ့သွေးသားဖြစ်နေလို့ လက်ခံမယ်၊ ဒါပေမယ့် မင်းအဖေ ကောင်းမိုးကို လုံးဝလက်မခံဘူး၊ ငါ့ကွယ်ရာမှာ မင်းအဖေနဲ့ ဆက်ဆံနေတယ်ဆိုတာကြားရင် မင်း. . ငါ့ဆီမှာ နေလို့မရတော့ဘူး မှတ်ပေတော့"

ဦးဒီဖိုးက ရှည်လျားစွာ ရှင်းပြသည်။

ယခု သူ၏မှတ်စုပျောက်ဆုံးလေပြီ။ ထိုမှတ်စုမှာ ဦးဒီဖိုးမှလွဲလျှင် တခြားလူအတွက် အသုံးဝင်စရာ အကြောင်းမရှိချေ။ သူခရီးသွားခဲ့သော မြန်မာပြည်မြောက်ဖျားဒေသရှိ ရှေးဟောင်းရတနာသိုက်များ အကြောင်းကို မှတ်တမ်းပြုစုခဲ့သည်။

လောလောဆယ် ထိုရတနာသိုက်များသည် မည်သည့်ခေတ်၊ မည်သည့်ပုဂ္ဂိုလ်များ မြှုပ်နှံထားခဲ့သော ရတနာသိုက်များဖြစ်ကြောင်း သဲကွဲသေချာမသိရသေး။ ထိုနည်းတူ မည်သည့်နေရာဟူ၍ အတိအကျ ဖော်ထုတ်နိုင်ခြင်းမရှိပါချေ။

သို့ဖြစ်ရာ ဦးဒီဖိုးသည် သမိုင်းအထောက်အထား ပေစာများ၊ ကြေးပရပိုက်များစသည်တို့ကို ရှေးဟောင်းသုတေသနဌာနရှိ ပြတိုက်ပြခန်းမှ အချိန်ယူလေ့လာမှတ်သား ပြုစု၍ နေ့ကိတ်စ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ခရီးထွက်ရန် စီစဉ်နေဆဲတွင် မှတ်စုမှတ်တမ်းစာအုပ်မှာ ပျောက်ဆုံးခြင်းဖြစ်သည်။

ဦးဒီဖိုးအနေနဲ့ ထိုရတနာသိုက်ကို သူ့နည်းသူ့ဟန်ဖြင့် ရှာဖွေတွေ့ရှိခဲ့ပါကသမိုင်းသုတေသနဌာနသို့ လှူဒါန်းရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

ဦးဒီဖိုးသည် သူ၏ မှတ်စုစာအုပ်ကို ရှာဖွေစရာနေရာဟူ၍ မကျန်တော့ပါချေ။ အခန်းတိုင်းစေ့ ရှာဖွေပြီးဖြစ်သည်။ စာအုပ်စင်၊ စာကြည့်ဆောင်မှ ဘီရိုများ၊စားပွဲအံဆွဲ၊ စာအုပ်သေတ္တာအခေါက်ခေါက် အခါခါရှာပြီးတဲ့နောက် ပင်ပန်းနွမ်းနယ်စွာဖြင့် ညွှီခန်းထဲတွင် ခြေပစ်လက်ပစ်ထိုင်နေသည်။

သူ၏ တစ်ထပ်အိမ်ခြေတံရှည်လေးမှာ လူနေအိမ်ခြေတို့နဲ့ မိုင်ဝက်နီးပါးမျှ ကွာလှမ်းသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လူသံသူသံ တိတ်ဆိတ်နေသည်။

သစ်ပင်အုပ်များကို လေတိုက်သံများနဲ့ ငှက်သံများကိုသာ တစ်ချက်တစ်ချက် ကြားရသည်။ သုတေသနဆိုင်ရာလုပ်ငန်းအတွက် သင့်တော်သော နေရာမျိုးဖြစ်၏။

ထို အခိုက်အတန့်တွင် ခြေတံရှည် အိမ်ရှေ့လှေခါးသို့ တစ်စုံတစ်ယောက် တက်လာသံကို ကြားလိုက်ရသည်။

မရှေးမနှောင်းမှာပင် တံခါးခေါက်သံ ကြားလိုက်ရသည်။

"စိန်ဘညိုလားကွ၊တံခါးကလန့်ထိုးမထားဘူး၊ တွန်းဝင်ခဲ့လေကွာ"

ဦးဒီဖိုးက ထိုင်ရာမထပိတ်ထားသော တံခါးဘက်သို့ လှမ်းကြည့်လျက် လေသံမာမာဖြင့် အမိန့်ပေးလိုက်သည်။ တံခါးတွန်းဖွင့်၍ ဝင်လာသော စိန်ဘညိုကို မြင်လိုက်ရသည်။ သို့ရာတွင် စိန်ဘညိုတစ်ယောက်တည်းမဟုတ်ကြောင်း သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်ဘညိုက ရှေ့မှဝင်လာပြီး နောက်သို့လှည့်၍. .။

"လာပါ၊ ဝင်ခဲ့ပါ၊ ဦးလေး တစ်ယောက်တည်းပဲရှိပါတယ်"

. . ဟူ၍ပြောသည်။

စိန်ဘညိုနောက်မှ ဝင်လိုက်လာသူမှာ ရှပ်အကျီအနက်၊ နက်ပြာရောင် ဘောင်းဘီရှည်၊ သက္ကလပ်ဦးထုပ်အနက်ကို ခပ်စိုက်စိုက် ဆောင်းထားသည်။ ထို့ကြောင့် မျက်ခုံးအထိ ဖုံးနေသဖြင့် မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။

နှုတ်ခမ်းမွှေးသဲ့သဲ့နဲ့နှုတ်ခမ်းထူထူ။ သည်လို နှုတ်ခမ်းမျိုးသည် အလိုဆန္ဒ ကြီးမားသူများတွင် တွေ့ရတတ်သည်။

"လာလေ. . ထိုင်ပါ"

စိန်ဘညိုက သူခေါ်လာသူကို ဖိတ်မန္တကပြုနေသည်။ ထိုသူက ဦးဒီဖိုးကို ဖျတ်ကနဲ တစ်ချက်လှမ်းကြည့်သည်။ ဦးဒီဖိုးရင်ထဲတွင် ထောင်းကနဲ ဒေါသထွက်လာသည်။

"ဟေ့ကောင်. . စိန်ဘညို ငါ့ခွင့်မပြုပဲနဲ့ ဘယ်က ခွေးလေကြမ်းပိုးတွေ ခေါ်လာရလဲကွ"

ဦးဒီဖိုးက သူ့ရှေ့နှစ်ဦးတည်း ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သော စိန်ဘညိုကို စူးစူးရဲရဲကြည့်၍ မေးလိုက်သည်။ စိန်ဘညိုနှင့်အတူ ပါလာသူသည် ထိုကုလားထိုင်တွင် စိန်ဘညိုနှင့် ဘေးချင်းယှဉ်ကာ ကပ်ထိုင်လိုက်သည်။

"ဦးဒီဖိုးက ပညာတတ်အယ္ယာကဖြစ်ပြီး ဒေါသကြီးလှချည်လားဗျာ၊ ကျုပ်ကို ခွေးလေကြမ်းပိုးဆိုရင် ခင်ဗျားကိုလည်း ထိခိုက်နိုင်တာပဲ မဟုတ်ဘူးလားကွာ"

ထိုသူက မခန့်လေးစားပြောရင်း နောက်ဆုံးစကားပိုဒ်ကို စိန်ဘညိုဘက်သို့ လှည့်မေးပင်လိုက်သည်။

"ဟုတ်တာပေါ့ဗျာ၊ ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးက အဖေ့ကို ခွေးလေကြမ်း ပိုးဆိုရင် အမေ့ကိုလည်း ထိခိုက်မှာပေါ့၊ ဒါဆိုရင် ဦးလေးရဲ့ အစ်မဟာ အဖေ့လိုလူစားကို ယူခဲ့တဲ့အတွက်. . .”

စိန်ဘညို၏ စကားမဆုံးမီ။

“ဒါ. . ဘယ်သူ၊ မင်းအဖေဟုတ်လား၊ သူက ကောင်းမိုးပေါ့၊ မင်းအဖေကို ဘယ်တော့မှ ငါ့အိမ်ကို ခေါ်မလာနဲ့လို့ ငါပြောထားတာ၊ မင်း နားမထောင်ဘူးဟုတ်လား. . စိန်ဘညို”

. . ဟူ၍ ဦးဒီဖိုးက မျက်နှာထားတင်းတင်းဖြင့် ဖြတ်ပြောလိုက်သည်။

“စိန်ဘညိုကို အပြစ်မတင်ပါနဲ့ဗျာ၊ ကျုပ်က သွားရင်းလာရင်းနဲ့ သူ့ကိုတွေ့လို့ လိုက်လာတာပါ၊ သူခေါ်တာ မဟုတ်ပါဘူး၊ နောက်ပြီး ဒီကောင့်ဆီမှာပါတဲ့ မှတ်စုစာအုပ်ကလည်း စိက်ဝင်စားစရာဖြစ်နေတယ်ဗျ၊ ခင်ဗျားတို့ မကြာခင် ခရီးထွက်တော့မယ်ဆို၊ ခင်ဗျားနှင့်ကျုပ်သားနှစ်ယောက်တည်း သွားတာထက်စာရင် ကျုပ်ပါ အဖော်အဖြစ် လိုက်ခဲ့မယ်လေ၊ ဒါဆို ပိုပြီးအဆင်ပြေတာပေါ့”

ကောင်းမိုးက မျက်နှာချိုချိုဖြင့် ပြောသည်။

“မင်းကို ငါခေါ်သွားဖို့ လုံးဝစိတ်မကူးဘူး၊ အစတုန်းက စိန်ဘညိုကို ခေါ်သွားဖို့ ရည်ရွယ်ထားတာလည်း ဖျက်လိုက်ပြီ၊ သူ့ကိုလည်း မခေါ်တော့ဘူးကွ၊ ဒီကောင် ငါ့စကားကို နားမထောင်တဲ့အတွက် ငါ့အိမ်မှာ ဆက်မထားနိုင်တော့ဘူး၊ ဒီနေ့ ဒီအချိန်ကစပြီး မင်းတို့သားအဖနှစ်ဦးစလုံး ငါ့ရှေ့က ထွက်သွားကြစမ်း၊ ကျက်သရေမရှိတဲ့ မင်းတို့မျက်နှာကို လုံးဝမကြည့်ချင်ဘူး၊ ခုချက်ချင်း ထွက်သွားကြပေတော့”

ဦးဒီဖိုးက ဖြတ်သားမာ



www.burmeseclassic.com

www.burmeseclassic.com



ကျောစွာ ပြောလိုက်သည်။ စိန်ဘညိုက သူ့အဖေကို တစ်လှည့်၊ ဦးလေးကိုတစ်လှည့် ကြည့်နေသည်။

"သွားဆို သွားကြလေ၊ ငါ. . ရဲဌာနမှာ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရမလား"

ဦးဒီဖိုးက ထိုင်ရာမှ ရုတ်တရက် ထသည်။ တယ်လီဖုန်းစင်ရှိရာသို့ လျှောက်သွားသည်။ သို့ရာတွင် ကောင်းမိုးက ဦးဒီဖိုး သွားမည့် လမ်းကြောင်းကို ဖြတ်၍ တားသည်။ တယ်လီဖုန်းစင်ရှိရာသို့မရောက်အောင် လမ်းကို ပိတ်လိုက်ခြင်းဖြစ်သည်။

"ဟောဒီမှာ တွေ့လား၊ ခင်ဗျားအော်လားဟစ်လား လုပ်ရင် ခင်ဗျားကိုယ်ခန္ဓာကို ပေါက်ကလေးတွေ ဖောက်ပေးလိုက်မယ်"

ကောင်းမိုးက ပွိုင့်တူးတူး ပြောင်းတိုသေနတ်တစ်လက်ကို ထုတ်ပြသည်။ ထိုနောက် ဦးဒီဖိုး၏ ရင်ညွန့်ကို ထောက်ထားပစ်လိုက်သည်။ ကောင်းမိုးထံတွင် သေနတ်တစ်လက်ပါလာလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် ဦးဒီဖိုး ဘာဆက်လုပ်ရမှန်းမသိပဲ လှုပ်ရှားမှုများ ရပ်တန့်သွား၏။

"ခင်ဗျား. . . မနက်ဖြန်မနက် အရုဏ်မတက်ခင် စိန်ဘညိုကိုခေါ်ပြီး ခရီးထွက်ဖို့ စီစဉ်ပြီးသားဆိုတာ ကျုပ်သိပြီးပြီ၊ ကျုပ်လည်း လိုက်ခဲ့မယ်၊ အဲဒီအစီအစဉ် အတိုင်းသွားပါ၊ ဒါဆိုရင် ပြဿနာ မရှိဘူး၊ ဒါမှမဟုတ်ရင် ခင်ဗျားရဲ့ အသက်အန္တရာယ်အတွက် အာမမခံနိုင်ဘူး၊ ဒီညအတွက် စိတ်ချရအောင်လို့ ခင်ဗျားကို ကြိုးနဲ့ချည်ထားရလိမ့်မယ်"

ကောင်းမိုးက ခြိမ်းခြောက်သော လေသံဖြင့် ပြောလိုက်၏။

"ငါသွားရမယ့်. . လမ်းကြောင်းနဲ့ ခရီးစဉ်ကို မှတ်သားထားတဲ့စာအုပ် ပျောက်နေတယ်ကွ၊ ဒီစာအုပ်မပါရင် ဘယ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ခရီးမှာ မျက်စိလည် လမ်းမှားနိုင်တယ်”

“ခင်ဗျားရဲ့ မှတ်စုစာအုပ်အတွက်တော့ ဘာမှ မစိုးရိမ်နဲ့၊ အဲဒီစာအုပ်ကကျုပ်ဆီမှာရောက်နေပြီ၊ ခင်ဗျားနှင့်ကျုပ်က တစ်ခရီးတည်း အတူတူသွားကြမှာဖြစ်တဲ့အတွက် ခင်ဗျားသဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ လောလောဆယ် ကျုပ်ဆီမှာပဲ ခဏသိမ်းထားမယ်၊ခင်ဗျားကြည့်ဖို့ လိုလာရင်ရမယ်၊ ရတနာသိုက်ရှိတဲ့နေရာရောက်ရင် ခင်ဗျားရဲ့လက်ထဲ အပြီးအပိုင် ထည့်ပေးလိုက်မယ်၊ ကျုပ်ပြောတာ ရှင်းပါတယ်နော်”

× × ×

သူတို့ သုံးယောက်သည် မြင်းသုံးကောင်ဖြင့် ခရီးထွက်ခဲ့ကြသည်။ စိန်ဘညိုစီးသော မြင်း၏ နောက်ဘက်တွင် မြင်းတစ်ကောင်ကို ဆွဲလာသည်။ ထိုမြင်းပေါ်တွင် လိုအပ်သော စားနပ်ရိက္ခာများ၊ ပစ္စည်းပစ္စယများနှင့် ခေါက်ထားသော ရှင်ဖျင်တဲ..စသည်ဖြင့် တင်ဆောင်ထား၏။

ကောင်းမိုး၏ မြင်းပေါ်တွင် ဦးဒီဖိုးပါသည်။ ဦးဒီဖိုးက ကိုယ်လုံးကိုယ်ထည် ပိန်ပိန်သေးသေးနဲ့ အရပ်ပုပြတ်ပြတ်ဖြစ်လေသောကြောင့်တစ်ကြောင်း၊ လမ်းခရီးတွင် ထွက်ပြေးမှာ စိုးသောကြောင့်တစ်ကြောင်း ကောင်းမိုးက သူစီးသော မြင်းပေါ်တွင် ဦးဒီဖိုးကို ရှေ့မှာတင်၍ ခေါ်လာသည်။

သူတို့၏ ခရီးစဉ်မှာ သုံးညအိပ်လေးရက်ခရီး ဖြစ်သည်။ ဦးဒီဖိုးသည် ကောင်းမိုး၏အသွင်သဏ္ဌာန်နဲ့ စိတ်နေသဘောထားကို အမြင်အားဖြင့် ပိုင်ပိုင်နိုင်နိုင်ကောက်ချက်ချ၍ရသည်။ ရက်စက်ကြမ်းကြုတ်၊ ကောက်ကျစ်စဉ်းလဲ၍ အတ္တဆန်သောသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနားလည်သဘောပေါက်သည်။ ခရီးလမ်းတလျှောက် အစဉ်သဖြင့် ဘုရားဂုဏ်တော်များကို လေးလေးနက်နက် ရွတ်ဆိုသည်။

ထို့ကြောင့် သူ့ကိုယ်သူ စိတ်လျှော့ထားလိုက်သည်။

သမာဒေဝ နတ်ကောင်းနတ်မြတ်များ၊ တောင်စောင့်နတ်၊ တောစောင့်နတ်များ၊ ကွင်းပိုင်ရှင် နယ်ပိုင်ရှင်၊ ရွာတော်ရှင်၊ နယ်တော်ရှင်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးများကိုသွားလေရာရောက်လေရာ အမျှဝေ မေတ္တာပို့သည်။

တတိယည စခန်းချချိန်တွင် သုံးယောက်သား စားကြ၊ သောက်ကြပြီးနောက် ကောင်းမိုးနှင့်ဦးဒီဖိုးတို့ စကားပြောဖြစ်၏။ ချက်ရေးပြုတ်ရေး၊ ကျွေးမွေးရေးတာဝန်ကို စိန်ဘညိုက ဆောင်ရွက်သည်။ ခရီးစဉ်တလျှောက်လုံးသူတို့အချင်းချင်း စကားပြောဆိုခြင်းမပြုကြ။ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်နေခဲ့ကြသည်။

"မနက်ဖြန်မနက်ဆိုရင် ကျုပ်တို့ ဦးတည်ခဲ့ကြတဲ့ ခရီးအဆုံးကို ရောက်ပြီမဟုတ်လား"

ကောင်းမိုးက မေး၏။

ဦးဒီဖိုးက ခေါင်းညိတ်ပြသည်။ သူ့အနေနဲ့ ကောင်းမိုးတို့သားအဖကို အဖက်လုပ်၍စကားပြောရန် မထိုက်တန်ဟူ၍ သတ်မှတ်ထားသည်။ လိုအပ်မှ ပြောသည်။

ကောင်းမိုးကလည်း ဦးဒီဖိုး၏ စိတ်သဘောထားကို သိသည်။ သို့ရာတွင် မိမိတို့ ရောက်လိုသော ရတနာသိုက်ရှိရာ ဝန်းကျင်သို့ ရောက်ရန်အတွက်သာ ဦးဒီဖိုးကို အသုံးချရန် ခေါ်လာခြင်းဖြစ်သည်။

ရတနာသိုက်ရှိရာကို ရှာဖွေတွေ့ရှိပြီးပါက ဦးဒီဖိုးကို မည်သို့မည်ပုံ ပြုလုပ်ရမည်ဟု ကြို တင်မစဉ်းစားသေးချေ။ ဦးဒီဖိုး



www.burmeseclassic.com

www.burmeseclassic.com



လို လူဖလံလေးတစ်ယောက်ကို မိမိက လုံးဝအရေးထားစရာမလို ဟူ၍ ယူဆထားသည်။ သို့ရာ၌ အလစ်ပေး၍ မဖြစ်ကြောင်းကို ကောင်းမိုးက နားလည်သည်။ည အိပ်ချိန်တွင် ဦးဒီဖိုးခြေထောက် နှင့်မိမိခြေထောက်ကို ပူးတွဲ၍ ခိုင်မြဲစွာ ကြိုးချည်ထားသည်။

ညစာစားပြီးချိန် မီးပုံနံ ဘေးတွင် မျက်နှာချင်းဆိုင်ထိုင် လျက် ကောင်းမိုးက စကားစ၍ ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒီ ရတနာသိုက်ထဲ မှာ ရွှေတွေ၊ ငွေတွေအများကြီး ရှိမှာပေါ့နော်၊ ဟုတ်လား. . ဦး ဒီဖိုး"

"ရွှေတွေငွေတွေဆိုတာ ရွှေရဲ့တန်ဖိုး၊ ငွေရဲ့တန်ဖိုးပဲ ရှိ တယ်၊ အဲဒီ မြေအောက်မှာ မြှုပ် နှံထားတဲ့ ရုပ်တိုတွေက သမိုင်း ခေတ်တစ်ခေတ်ရဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ အဲဒီရုပ်တုတွေ ကို ရှေးဟောင်းသမိုင်းပြတိုက်ထဲ မှာသာ ထားရမှာကွ"

"အဲဒီ ရုပ်တုတစ်ခုရဲ့ တန်ဖိုးက ဘယ်နှစ်သိန်းလောက် တန်မလဲ"

"တစ်သိန်းနှစ်သိန်း သတ် မှတ်လို့မရဘူး၊ သန်းပေါင်းများ စွာ တန်တယ်၊ ကြောင်ဒူရစ်မင်း ရဲ့လက်ထက်က ရုပ်တုကြီးတွေ ဟာ အသက်ရှိ လူသားအရွယ် ရွှေနှင့်ထုထားတာ"

"အဖိုးတန်ကျောက်မျက် ရတနာတွေလည်း ရှိမှာပဲနော်"

"ပတ္တမြားဆံကျိုး၊ အဖိုး ပြည်တန်ဆိုတာ မင်းကြားဖူးရဲ့ လား"

ဦးဒီဖိုးအမေးကို ကောင်း မိုးက မဖြေတတ်။

စိန်ဘညိုက သူ့အဖေနှင့် သူ့ဦးလေးစကားပြောနေသည်ကို ဘာတစ်ခွန်းမှ ဝင်မမေးပဲ တိတ် ဆိတ်စွာ နားထောင်နေသည်။

"မင်းမသိရင် မှတ်ထား လိုက်စမ်း၊ အရွယ်အစားအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆံကျိုးတစ်စေ့စာလောက် ရှိတဲ့ ပတ္တမြားတစ်ခုရဲ့ တန်ဖိုးက တိုင်းပြည်တစ်ပြည်ကို ဝယ်လို့ရတယ်၊ ဒါတွေ မင်းနားလည်မှာ မဟုတ်ပါဘူး"

ဦးဒီဖိုးက စကားပိတ်ပြီး ပြောလိုက်သည်။

"အဲဒါ ကြောင်ဒူရစ်မင်းရဲ့ ရတနာသိုက်လား ဦးလေး"

စိန်ဘညိုက စိတ်ဝင်စားစွာ မေးသည်။

"ဘယ်က ဟုတ်ရမှာလဲကွ၊ ကြောင်ဒူရစ်မင်းမှာ အဲဒီလောက် ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေ ဘယ်ရှိပါ့မလဲ၊ ဒါကြောင့် သူကြွယ်ကြီးဦးဒီပါရဲ့ ရတနာတွေ သိုဝှက်ထားတဲ့ ရတနာသိုက်ကို ဖော်ခိုင်းတာ။ ဦးဒီပါက လုံးဝမဖော်ဘူး၊ သူ့ရဲ့ ရတနာသိုက်ကို ရန်သူမျိုးငါးပါးက ဖျက်ဆီးလို့ မရအောင် ကျိန်စာရွတ်ဆိုပြီး ကျေးကျွန်ခုနစ်ဦးကို အစောင့်အဖြစ် ထားခဲ့တယ်"

"အဲဒီ အစောင့်တွေက အခုလောက်ရှိ ဘယ်ဘဝရောက်ကုန်ပြီလဲ မသိဘူးနော်"

"အဲဒီ ရတနာသိုက်ကိုပဲ ဆက်လက်စောင့်နေတယ်လို့ ငါ ထင်တယ်၊ ဒါပေမယ့် သေချာတော့ မပြောတတ်ဘူး၊ ကဲ. . ငါ သွားအိပ်တော့မယ်၊ နောက်တစ်နေ့ မနက်စောစော ထရဦးမယ်"

. . ဟူ၍ ဦးဒီဖိုးကထိုင်ရာမှ ထလိုက်သည်။

x x x

နောက်တစ်နေ့ နံနက်နေထန်းတစ်ဖျား အချိန်တွင် ရတနာသိုက်ရှိသည်ဟူ၍ ယူဆရသော နေရာကို ရှာဖွေတွေ့ရှိ၏။

ဦးဒီဖိုးက ညောင်ကြက်ပင်ခြေရင်းတွင် သွားထိုင်သည်။ လောဘသားကောင်များ ဖြစ်ကြသော ကောင်းမိုးနှင့်စိန်ဘညိုတို့ ပါလာသော ပေါက်တူး ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြားတို့ဖြင့် တူးဆွနေကြသည်။

"အဲဒီနေရာကို သေချာတူးကြ၊ ငါမှတ်တမ်းအရ ကိုက်တစ်ရာပတ်လည်အတွင်းမှာ ဖြစ်နိုင်တယ်"

ဦးဒီဖိုးက အားပေးစကားပြောလိုက်သည်။

ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်သံကို ကြားလိုက်ရသည်။ ထိုအသံသည် ကောင်းမိုး၏ အသံဖြစ်သည်။ ဦးဒီဖိုး၏အပြုံးက ကျယ်ပြန့်သွားလေသည်။ ကောင်းမိုးနှင့်စိန်ဘညိုတို့သည် တစ်စုံတစ်ခုရရှိလိုက်ကြောင်း ဦးဒီဖိုးက ရိပ်မိသည်။

သူတို့နှစ်ယောက် တစ်မနက်လုံး အားကြိုးမာန်တက် တူးနေကြသည်။ နေ့လည်စာစားချိန်တွင် နာရီဝက်ခန့်နားသည်။ ထိုနောက် ဆက်လက်တူးကြပြန်၏။

ယခုဆိုလျှင် ညနေလေးနာရီကျော်နေပြီ။

ဦးဒီဖိုးသည် ထိုင်ရာမှထ၍ ကောင်းမိုးတို့ ရှိရာဆီသို့ လျှောက်သွားသည်။ ချွေးများဖြင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသော သူတို့ နှစ်ယောက်စလုံး၏ မျက်နှာကြီးပေါ်တွင် တက်ကြွရွှင်လန်းသော အမူအရာ ဖြစ်ပေါ်နေ၏။

"ဒီနေရာ သေချာတယ်ဗျ၊ ဟောဒီမှာ တွေ့လား"

ကောင်းမိုးက လက်ဝါးဖြန့်ပြသည်။

သူ့လက်ဖဝါးထဲ၌ ရှေးဟောင်းပျူယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်းတစ်ခုကို တွေ့ရသည်။ ငွေဖြင့် ပြုလုပ်ထားသော အသည်းပုံလေးဖြစ်သည်။

"အဲဒါ ရှေးဟောင်းပျူယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းဖြစ်တယ်၊ ဒါကို ပြတိုက်မှာ သွားလှူရင်တောင်မှ ဆုကြေးအနေနဲ့ မင်းတို့အတွက် ငွေတစ်သောင်းနှင့်ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရလိမ့်မယ်"

"ဟာ. . သွားလှူလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ၊ ဒါဆို ရတနာသိုက်ကို ကျွန်တော်တို့ တွေ့လို့ တူးဖော်ယူခဲ့တယ်ဆိုပြီး နောက်ထပ် စစ်ဆေးသိမ်းဆည်းခံနေရဦးမယ်"

ကောင်းမိုးက ပျာပျာသလဲ ပြောလိုက်သည်။ ထိုနောက် ဦးဒီဖိုးကို ညောင်ကြပ်ပင်တွင် ကြိုးနှင့်ချည်နှောင်ထားလိုက်ပြီး ကောင်းမိုးတို့က တွင်းကို ဆက်လက်တူးနေကြသည်။

တစ်စတစ်စနဲ့ ညနေဆည်းဆာချိန်သို့ ရောက်ရှိခဲ့လေပြီ။ဦးဒီဖိုးက အေးဆေးတည်ငြိမ်နေပါသည်။

ကောင်းမိုးတို့တူးနေသော မြေသားမှာ ထိုက်သင့်သည့် ပမာနအတိုင်း သိပ်သည်းကျစ်လျစ်ခြင်းမရှိပါချေ။ သူတို့တူးခဲ့သော တွင်း၏ အနက်မှာ ပေသုံးရာခန့် ရှိနေပြီဖြစ်လေသည်။ သူတို့နှစ်ယောက်သည် ဦးဒီဖိုး၏ မြင်ကွင်းမှ မြေကျွင်းထဲသို့ ရောက်ရှိကာ ပျောက်ကွယ်နေသည်။ တွင်း၏ နံရံတစ်ဘက်တွင် လိုဏ်ခေါင်းတစ်ခု တွေ့ရသောအခါ ကောင်းမိုး၏ ဝမ်းသာအားရ အော်ဟစ်ပြောဆိုသံကို လိုဏ်သံနှင့်ရောထွေး၍ ကြားလိုက်ရသည်။

"ကျွင်းနံရံမှာ လိုဏ်ခေါင်းပေါက်တွေ့ပြီဗျ၊ ရတနာသိုက်ထဲကို ကျွန်တော်တို့ ဝင်ကြတော့မယ်၊ ရတနာတွေနှင့်အတူ ပြန်တက်လာတော့မှ ဦးဒီဖိုးကို ကြိုးဖြည်ပေးတော့မယ်၊ ခဏလောက် သည်းညည်းခံပြီး စောင့်လိုက်ပါဦးဗျာ"

ကောင်းမိုး၏ ခပ်ထေ့ထေ့ လှောင်သရော်သံကို ကြားလိုက်ရသည်။ နောက်ထပ် မိနစ်ပိုင်းမျှအကြာတွင် ကောင်းမိုးနှင့်စိန်ဘညိုတို့၏ ငယ်သံပါအောင် အော်ဟစ်သံနှင့်အတူ မြေသားစိုင်များ လိုဏ်ခေါင်းနံရံ ပြိုကျသံများကို ငါးမိနစ်ခန့်အဆက် တိုက်ကြားလိုက်ရသည်။ ထိုနောက် ဘိတ်ဆိတ်မှုက ပြန်လည်ကြီးစိုးမင်းမူ



www.burmeseclassic.com

www.burmeseclassic.com



နေလေတော့သည်။

× × ×

နောက်ထပ် နာရီဝက်မျှအကြာတွင် ဦးဒီဖိုးအား လက်ပြန်ကြိုးချည်နှောင်ထားသောကြိုးကို ညောင်ကြပ်ပင်၏ ပင်ဝည်နှင့်ပွတ်တိုက်ဖြတ်တောက်၍ လွတ်မြောက်ခဲ့ရသည်။ ဦးဒီဖိုးက သူ၏ လက်မောင်းတလျှောက်တွင်ရှိသော သွေးကြောများ ပုံမှန်အတိုင်း ပြန်လည်သွားလာစေရန် လက်ချောင်းများကို ဆုပ်ချည်၊ ဖြန့်ချည် ပြုလုပ်လိုက်ရသည်။

စင်စစ်အားဖြင့် ဦးဒီဖိုးသည် လွန်ခဲ့သော သုံးနှစ်ခန့်က အလုပ်ကြမ်းသမားများကို ခေါ်လာပြီး ဤနေရာတွင် ကျွင်းတူးရှာဖွေခဲ့ပြီးဖြစ်သည်။ ကျွင်းနံရံမှ လိုဏ်ခေါင်းကို တွေ့ရှိခဲ့ရပြီးမှ လိုဏ်ခေါင်းအောက်ခြေတွင် မြေပျော့များသာ စမ်းသပ်သိရှိခဲ့ရသည်။ ထို့ကြောင့် ဆက်လက်မတူးတော့ပဲ ကျွင်းကို ပြန်လည်ဖို့ထားပြီး ထိုနေရာမှ ထွက်ခွာခဲ့ကြသည်။

ယခုအခါတွင် လောဘဇောကပ်နေသော ကောင်းမိုးနှင့် စိန်ဘညို၏ ခြိမ်းခြောက်တိုက်တွန်းမှုအရ ဦးဒီဖိုးက ဤနေရာသို့ ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းပျူယဉ်ကျေးမှု ဟနုပညာလက်ရာ ဖြစ်သော အသည်းပုံငွေထည်အဆင်တန်ဆာလေးတစ်ခုကို ဦးဒီဖိုးက ကြိုတင်ယူလာခဲ့ခြင်း ဖြစ်သည်။ ကောင်းမိုးတို့အလစ်တွင် တူးကာစ ကျွင်းထဲသို့ ပစ်ချထားလိုက်သည်။

ယခုအခါတွင် ကြောင်ဒူရစ်မင်းလက်ထက် ရတနာသိုက်ဝန်းကျင်၌ လောဘသားကောင်နှစ်ယောက်၏ ဝိညာဉ်များသည် အစောင့်အဖြစ် ထပ်မံရောက်ရှိနေလိမ့်မည်ဟု ဦးဒီဖိုးက ထင်လိုက်လေသည်။

+++++



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရမိန်းကလေး

ဤဖြစ်ရပ်သည် အလွန်တရာ ကြာမြင့်ခဲ့ပါပြီ။

ထို့ကြောင့် ရက်လ၊ နှစ်၊ စသည်တို့ကို မည်သူမှ ရေရေရာရာ မမှတ်မိကြပါချေ။ သို့ရာတွင် ထိုဖြစ်ရပ်ကို တွေ့မြင်ကြားသိခဲ့သူတိုင်းက မှတ်မှတ်ရရဖြစ်နေကြသည်။ ထစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိခဲ့သူတိုင်းက မမေ့နိုင်အောင် ဖြစ်ခဲ့ကြ၏။

ထူးခြား ဆန်းပြားသော ဖြစ်ရပ်မှသည် ကာလရှည်ကြာခဲ့သောအခါ ဒဏ္ဍာရီတစ်ပုဒ်ပမာ ဖြစ်သွားလေတော့သည်။ ပစ္စက္ခကာလတွင် မဖြစ်နိုင်ဟူ၍ လက်မခံကြသူများသည် ရှိသည်။ မည်သို့ပင်ဖြစ်စေ။

ဤဖြစ်ရပ်နှင့် ပတ်သက်၍ စိတ်ဝင်စားစရာ ကောင်းနေသည်မှာ အမှန်။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ထူးခြားဆန်းကြယ်သော မမေ့နိုင်စရာ ဖြစ်ရပ်တစ်ခုအနေနဲ့ တစ်ယောက်မှတစ်ယောက်သို့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လက်၍ လက်ဆင့်ကမ်းပြောပြစရာ ဖြစ်နေပေလိမ့်မည်။

ဒဏ္ဍာရီဆန်သော ဖြစ်ရပ်များထဲတွင် သွေးများဆူဝေလာခြင်းများလည်း ပါတတ်၏။ ခြောက်ခြားမှု၊ ကြေကွဲမှုစသည်တို့လည်း ပါဝင်နေလေ့ရှိသည်။ ထိုဖြစ်ရပ် စတင်ပေါ်ပေါက်လာသော အချိန်ကာလမှာ ခန့်မှန်းခြေအားဖြင့် နှစ်ပေါင်း(၂၀၀၀) နီးပါးရှိလိမ့်မည်ဟူ၍ ဘိုးဘေးဘီဘင် အစဉ်အဆက်တို့က ခန့်မှန်းပြောဆိုခဲ့ကြသည်။ ထိုအချိန်ကာလတွင် လူသားများအနေနဲ့ ဆိုးသွမ်းယုတ်မာကောက်ကျစ်စဉ်းလဲသော စိတ်များ မရှိသေး။ ထို့အတွက်ကြောင့် နတ်ဒေဝတာများနှင့်ဆက်ဆံ၍ရသည်ဟု ဆိုကြသည်။

ရုပ်ခန္ဓာတွင် စိတ်ဝိဉာဉ်ပေါင်းစပ်၍ လူသားတိရိစ္ဆာန်နှင့် သစ်ပင်များဖြစ်တည်ခဲ့ကြပြီး မရှေးမနှောင်းကာလ ဟူ၍လည်း သတ်မှတ်ထားကြလေသည်။ ရှေးဟောင်း လူသားမျိုးနွယ်တစ်ခုခုမှ ဖြစ်ပွားခဲ့သော အကြောင်းအရာသာဖြစ်သည်။ ထိုအချိန်တုန်းက လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံမှုများ ဖြစ်ထွန်းနေကြပြီ။ ဘာသာစကားကိုလည်း ပြောဆိုနိုင်ကြပြီ။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများလည်း ဖြစ်ပေါ်နေကြသော်လည်း လူသား၊တိရိစ္ဆာန် သစ်ပင်ဟူ၍ ကွဲခြားခြားနားမှု၊ သီးသီးသန့်သန့် မဖြစ်သေးပဲ ရွှေးရောယှက်တင် ပေါင်းစပ်လေ့ရှိသည်ဟု ယူဆရမလိုလိုဖြစ်သည်။

ထိုဖြစ်ရပ်ကို အစမှအဆုံး သိရှိသောအခါတွင် ဖော်ပြပါ အယူအဆကို ဖြစ်နိုင်၊ မဖြစ်နိုင် မိမိတို့၏ ဆန္ဒအလျောက် ကောက်ချက်ချလိုက်ကြရန်သာ ရှိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသော အသွင် သဏ္ဍာန်မှာ မိန်းမကြီးတစ်ဦးဖြစ် သည်။ အသက်အရွယ်ကြီးရင့်နေ ပြီဖြစ်သောကြောင့် မိန်းမကြီး၏ မျက်နှာပြင်တွင် အရေးအစင်းတို့ က ကန့်လန့်ဖြတ်နဲ့ ဒေါင်လိုက် များ ပေါင်းစပ်ဖြစ်ပေါ်နေကြ၏။ ဆံပင်များဖြူ၍ မျက်စိများက မှုန်ရီဝေသီနေလေပြီ။

ထိုမိန်းမကြီး၏ အမည် ကို ဒေါ်ရှာအိုဟု ခေါ်ကြသည်။

ဒေါ်ရှာအို၏ ရှေ့ဘက် တစ်ခေါ်နီးပါး အကွာတွင် ပြေး နေသူမှာ မိန်းကလေးတစ်ဦးဖြစ် သည်။ နုနယ်ပျို့မြစ်ကျစ်လျစ်လှ သော ခန္ဓာကိုယ်ရှိသည်။ မိန်းက လေး၏ အမည်မှာ ချို့ဖြစ်သည်။ သူမသည် ကြွံခိုင်မှု အပြည့်အဝ ရှိသည်။ သူမ၏ ဆံပင်များသည် ကျီးကန်းအတောင်များကဲ့သို့နက် မှောင် ပြောင်လက်နေကြသည်။ မျက်လုံးအစုံက သမင်ပျို့မပမာ ကြည်လင်တောက်ပနေသည်။

သွက်လက်သော ခြေ လှမ်းများဖြင့် ပြေးနေခြင်း ဖြစ် သောကြောင့် ဒေါ်ရှာအိုအား နောက်ချန်ထားခဲ့သည်။ ဟေမန္တ ရာသီဖြစ်သည်။ ချို့သည် သူ့ရှေ့ ၌ ကာဆီးနေသော မတ်စောက် သည့် တောင်တန်းကို မရမက ကုတ်ကပ်၍ တွယ်တက်ခဲ့သည်။

တောင်တန်းပေါ်၌ ထင်း ရှူးပင်များရှိသည်။ လေတဟူးဟူး တိုက်နေသော တောင်တန်းပေါ် တွင် ထင်းရှူးပင်များက ယိမ်းသ မများ အသွင်ဖြင့် ညီညာစွာ က နေကြသည်။ ချို့သည် ထင်းရှူး ပင်များ၏ သဘာဝကို အရမ်းသ ဘောကျသူဖြစ်သည်။

ငယ်စဉ် ကလေးသူငယ် ဘဝမှစ၍ ထင်းရှူးသီးများနှင့်အ ရွက်မျှင်မျှင်များကို ဝါးစားလေ့ရှိ သည်။ အရည်ကို စုပ်ယူ၍ အ ဖတ်ကို ထွေးပစ်လေ့ရှိသည်။

ချို့၏နောက်မှ လိုက်နေ သူ ဒေါ်ရှာအိုလက်လျှော့သွား၏

www.burmeseclassic.com



ဆက်မလိုက်နိုင်တော့ပါ ချေ။ ခန္ဓာကိုယ်က မလိုက်နိုင်ပါသော်လည်း ဒေါ်ရှာအိုး၏ အသံက ခပ်သဲ့သဲ့မျှ လိုက်လာသေးသည်။လေနှင့်အတူ တောင်တန်းပေါ်သို့ ပြန့်လွင့်ရောက်ရှိလာ၏။

"နင်. . ဘယ်တော့မှ ငါ့အိမ်ကို ပြန်မလာနဲ့တော့၊ အဲဒီတောင်တန်းပေါ်မှာပဲ တစ်သက်လုံးနေတော့၊ ထင်းရှူးပင်တွေကိုပဲ ဆွေမျိုးတော်လိုက်၊ ထင်းရှူးသီး၊ ထင်းရှူးရွက်တွေစားပြီးထင်းရှူးပင်အောက်မှာ သေတဲ့အထိနေ"

ဒေါ်ရှာအိုး၏ အသံက တစ်စတစ်စ ပျောက်ကွယ်သွားသည်။ ထိုအခါကျမှ ချိုသည်ပင် စိတ်ချလက်ချ ဖြစ်သွားသည်။ သူမ၏ ခန္ဓာကိုယ်အား တောင်တန်းပေါ်တွင် လဲချလိုက်သည်။ မိုးကောင်းကင်က ပိုမိုနီးကပ်လာသည်ဟု ထင်ရသည်။ ချိုသည် ပက်လက် အနေအထားဖြင့် မိုးကောင်းကင်တွင် ရွေ့လျားနေ[...]သော အဖြူရောင်တိမ်တိုက်တိမ်[...]သားစိုင်များကို ငေးမောကြည့်ရှု[...]နေသည်။ သူမ၏ဘဝသည် တိမ်[...]သားစိုင်များသာ ဖြစ်ခဲ့လျှင် အ[...]ကာအကွယ် အတားအဆီးမဲ့စွာ[...]မိုးထက်ဝဠာတွင် လွတ်လပ်စွာ[...]လွင့်ပါးနေနိုင်သည်ဟူ၍ စဉ်းစား[...]လိုက်သည်။

လောလောဆယ် ဒေါ်ရှာအိုလက်မှ လွတ်လာသည်။ မည်သည့်အခါမှ ပြန်မသွားလို[...]တော့။ ဒေါ်ရှာအိုသည် သူမ၏ မိထွေးဖြစ်သည်။ ချို၏ဖခင်ကွယ်လွန်သော်လည်း မိထွေးနှင့်အတူ ဆက်လက် နေထိုင်ရသည်။ မ[...]ရေစာကျွေး၍ အချိန်ပြည့် ခိုင်း[...]သည်။ ထင်းခွဲ၊ ရေခပ်၊ အဝတ်[...]လျှော် တစ်မျိုးမဟုတ်တစ်မျိုး [...]ညာမတာခိုင်းလေ့ရှိသည်။ အဝ[...]မကျလျှင်တော့ ချိုအား ဒေး[...]ကောင်ကဲ့သို့ ရက်ရက်စက်စက်[...]ရိုက်နှက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းစွာ လုပ်ကိုင်ရပြီး မဝရေစာ စားရသောကြောင့်မို့ ဒေါ်ရှာအိုအလစ်တွင် မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ မီးဖိုပေါ်တွင် ချက်ထားသော ကြက်သားဟင်းနံ့က ချိုကို ဆွဲဆောင်သည်။ ထို့ကြောင့် ချိုက ဟင်းအိုးထဲသို့ လက်နှင့်နှိုက်သည်။ ပူပူလောင်လောင်ဖြစ်နေဆဲ ကြက်သားတုံးကို ပါးစပ်ထဲထည့်၍ ကမန်းကတန်း ဝါးနေစဉ်. . .။

ဒေါ်ရှာအိုဝင်လာသည်။ ချိုဟင်းခိုးစားသည်ကို လက်ပူးလက်ကြပ် တွေ့သွားသည်။ ထို့ကြောင့် ဒေါ်ရှာအိုက ချိုအားဆံပင်ဆွဲ၍ မျက်နှာကို ရိုက်ရန်ရွယ်သည်။ ချိုသည် သူမ၏ကျစ်လျစ်သော ကိုယ်လုံးလေးအားအားစိုက်ခွန်စိုက် တွန့်လိန်ရုန်းထွက်၍ ဒေါ်ရှာအိုလက်မှ လွတ်မြောက်လာခဲ့သည်။

အိမ်နောက်ဘက်တွင် မတ်စောက်သော တောင်တန်းရှိသည်။

သူတို့အိမ်က တောင်ခြေတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လောလောဆယ်အချိန်တွင် တောင်တန်းပေါ်တွင် ပက်လက်လဲလျောင်းကာ မိုးကောင်းကင်ကို မော့ကြည့်နေလေသည်။ လဲလျောင်းရာမှထကာ တောင်တန်း၏ မြောက်ဘက်လျှောက်ခဲ့သောအခါ သဘာဝအတိုင်းဖြစ်ပေါ်နေသော အက်ကြောင်းကြီးတစ်ခုတွေ့ရသည်။ ထို. . အက်ကြောင်းကြီး၏ ချောက်နှုတ်ခမ်းတစ်ဖက်နှင့်တစ်ဖက် အကွာအဝေးမှာ တစ်လန်သာသာမျှသာဖြစ်သည်။

ချိုက အက်ကြောင်းကြီး၏ အစွန်းမှ အောက်သို့ငုံ့ကြည့်လိုက်စဉ် သူမ၏ နားထဲ၌ ကြေးစည်သံသဲ့သဲ့ ကြားလိုက်ရသည်ဟု ထင်လိုက်ရသည်။ သာမန်အားဖြင့် မဖြစ်နိုင်ဟူ၍ ငြင်းခြင်ယူဆလိုက်သည်။ ထိုအခိုက်အ

www.burmeseclassic.com



တန့်တွင် ကြေးစည်သံကို နောက်ထပ်တစ်ကြိမ် ကြားလိုက်ရပြန်သည်။

ထို့ကြောင့် နားကြားလွဲခြင်းဟုတ်၊မဟုတ် သေချာစေရန် ကိုယ်ကို ရှေ့သို့ကိုင်းညွှတ်ကာ ငုံ့ကြည့်လိုက်သည်။ တစ်စုံတစ်ခုသော ဆွဲငင်အားသည် သူမကို အက်ကြောင်းထဲသို့ ဆွဲချသွားသည့်ပမာ မှတ်ထင်လိုက်ရ၏။

"အား"

ချိုက အလန့်တကြားနဲ့ အော်လိုက်မိသည်။

ချောက်နှုတ်ခမ်းအောက်ခြေဝန်းကျင်တွင် ပဲ့တင်သံ တစ်ခု ဂယက်ရိုက်ခတ်သွားသည်။ ချို၏ အသည်းအသန်ကြောက်ရွံ့ ထိတ်လန့်မှုသည် ရုတ်တရက်အားဖြင့် အကြီးအကျယ် အံ့အားသင့်ခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

သူမသည် အစပထမ၌ တောင်ကမ္ဘားယံနှစ်ဖက်၏ အလယ်မှအက်ကြောင်းကြီးအောက်သို့ အရှိန်အဟုန်ဖြင့် ဝဲလုံးထိုး ဒလဟောကျသွားသည်ဟု ထင်မှတ်လိုက်မိသည်။ သို့ရာတွင် . . အက်ကြောင်းကြီးအတွင်းတောင်ကမ္ဘားယံတစ်ဖက်တွင် လမ်းခွတ်လပ်တွင် အောက်မှ အထက်သို့ ပင့်တိုက်သော လေအဟုန်တစ်ခု ကြားခံနေသည်။ ဖြစ်တောင့်ဖြစ်ခဲ ကြုံတွေ့ရခြင်းပင်။

ထိုလေအဟုန်၏ ကြားခံပင့်တိုက်မှုကြောင့် အလေးချိန်ပေါင်အားဖြင့် ရှစ်ဆယ်သာသာမျှရှိသော ချို၏ ခန္ဓာကိုယ်သည် ပေါ့ပါးသော ကြက်မွေး၊ ကြက်တောင်တစ်ခုပမာ လေဟာပြင်ထဲတွင် ဝေ့ဝဲ၍ ဖြည်းညှင်းစွာ ကျနေသည်။

မတ်စောက်သော တောင်ကမ္ဘားယံတစ်ဖက်၏ နံရံတွင် လူတစ်ကိုယ်စာ ကျယ်ဝန်းသော အခေါင်းပေါက်တစ်ခု ရှိသည်။ ထိုကြောင့် လေထဲတွင် ဝေ့ဝဲ၍ကျလာသော ချိုသည် ထိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲသို့ လွင့်ပါးရောက်ရှိကာ သွားသည်။ ချိုက တောင်ခေါင်းထဲမှ တိုက်ခတ်နေသော လေထဲတွင် ကြေးစည်သံတစ်ခုကို တတိယအကြိမ် ထပ်မံ၍ ကြားလိုက်ရပြန်သည်။

သူမသည် သေကံမရောက် သက်မပျောက်'ဆိုသော စကားပမာ တောင်ခေါင်းလိုဏ်၏ ဥမင်လမ်းကြောင်းအတိုင်း ရှေ့သို့ ဆက်လျှောက်ခဲ့သည်။ အစပိုင်းတွင် လူတစ်ကိုယ်စာမျှသာကျယ်ဝန်းသော်လည်း ဆယ်ကိုက်မျှ ဆက်လျှောက်ခဲ့သောအခါ ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းသော နေရာတစ်နေရာသို့ရောက်ရှိသွားသည်။ ကျောက်သားဖြင့် ထွင်းထားသော အခန်းကျယ်တခုသဏ္ဍာန်ဖြစ်သည်။ အခန်းထဲတွင် မွှေးရနံ့သင်းပျံ့နေသည်။

ထိုနေရာ၏ တစ်ဘက်နံရံတွင် ဂန္ဓကုဋီသဘောမျိုးထွင်းထားသော အဟိုက်တွင်း၌ ဆယ့်ရှစ်လက်မခန့်မြင့်သော ဆင်းတုတော်တစ်ဆူကို ဖူးတွေ့လိုက်ရသည်။ထိုအခန်းထဲတွင် အလင်းရောင်ဖြစ်ပေါ်နေသည်။

ချိုသည် ဆင်းတုတော်ကို မြင်လိုက်ရသည်နှင့်တပြိုင်နက် အလိုအလျောက် ဒူးတုပ်လျက် ထိုင်ချလိုက်မိသည်။ လက်အုပ်ချီ၍ ကန်တော့လိုက်မိသည်။ သူမ၏ တစ်သက်တာတွင် ထိုကဲ့သို့သော အပြုအမူကို တစ်ကြိမ်တစ်ခါမှ မပြုခဲ့စဖူး။

"သမီးရောက်လာမှကိုး၊ ပဌာန်းဆက်ရှိတဲ့ လူတွေသာ ရောက်နိုင်တဲ့ ခက်ခက်ခဲခဲနေရာမျိုးမှာ တည်ရှိနေတာကွယ့် သမီးရဲ့ပါရမီထူးလို့ပဲဟေ့"

ကြည်လင်သော အသံကြောင့် ချိုက လှည့်ကြည့်လိုက်သည်။

ယောဂီရောင်သစ်ခေါက်ဆိုး သင်တိုင်းရှည်ကြီးကို ဝတ်ဆင်ထားသော အရပ်မြင့်မြင့်ပိန်



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပါးပါး ပုဂ္ဂိုလ်နှစ်ယောက်ကို တွေ့လိုက်ရသည်။

ချိုက ထိုသူ့အား လက်အုပ်ချီ၍ ကန်တော့မိပြန်သည်။

"သာဓုကွယ်၊ သာဓု. . သာဓု၊ မိန်းကလေး ရောက်လာမယ့်နေ့ကို အဘစောင့်နေတာ ရက်ပေါင်းမနည်းတော့ဘူး၊ ကြာလှပြီ၊ မိန်းကလေးက ဆက်လက်တာဝန်ယူပြီး ဒီဂုမုန်းရုပ်ပွား၊ ဆင်းတုတော်မြတ်ကို အာရုံပြုပြီး နေရစ်ခဲ့ပေတော့၊ သမီးဘာဆက်လုပ်ရမယ် ဆိုတာကို နတ်ဒေဝတာတွေက ညွှန်ပြလိမ့်မယ်၊ အဘတာ့ဝန်ကျေပြီ၊ တကယ် ပို့. . နောက်တစ်ယောက် ရောက်လာခဲ့ရင်တော့ သမီးတာဝန်ကို သူဆက်ပြီးယူလိမ့်မယ်၊ အဲဒီအချိန်ကျရင် သမီးလည်း ဒီနေရာကို စွန့်ခွာလို့ရပြီ၊ ကဲ. . အဘသွားမယ်၊ သမီးဆောင်ရွက်စရာရှိတာတွေသာ ဆောင်ရွက်ပေတော့၊ သမီးဝတ်ဖို့အတွက် ယောဂီဝတ်စုံနှစ်စုံ ထင်းရှူးသေတ္တာထဲမှာ အဆင်သင့်ရှိတယ်"

စကားအဆုံးတွင် ယောဂီသင်တိုင်းဝတ် ပုဂ္ဂိုလ်က လိုဏ်ခေါင်းထဲမှ ထွက်သွားသည်။ကျန်ရစ်ခဲ့သော ချိုသည် သူဆောင်ရွက်ရမည့် တာဝန်များကို စဉ်းစားစရာမလိုပဲ တစ်ခုပြီးတစ်ခု ဆက်လက်ဆောင်ရွက်သည်။ထို နေ့မှစ၍ ယောဂီဝတ်စုံကို နှစ်သက်စွာ ဝတ်ဆင်လိုက်သည်။

သူမ၏ တစ်နေ့တာဆောင်ရွက်ချိန်ဟူ၍ သီးသန့်အချိန်အတိုင်းအတာ မရှိပါချေ။ ဘုရားဆင်းတုတော်မြတ်အား သောက်တော်ရေချမ်းကပ်ခြင်းပြုလုပ်ရန် လိုဏ်ဂူ၏ အရှေ့တောင်ထောင့်မှ ကျောက်စက်ရေ တစ်စက်စက်ကျနေသည်။ ထိုရေသည် အလိုအလျောက် ဂူ၏ မြေသားအခင်းမှ စိမ့်ဝင်ပျောက်ကွယ်သွားသည်။

ချိုသည် ရုပ်ပွားတော်၏ ရှေ့တွင် ကပ်လျှူထားလေသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူသားခွက်သုံးခွက်ထဲမှ သောက်တော်ရေချမ်းများကို စွန့်ယူသည်။ ထိုသောက်တော်ရေချမ်းကို စွန့်ယူပြီးနောက် သူမအတွက် အာဟာရအဖြစ် သောက်လိုက်သည်။ ပြီးလျှင် ကျောက်ဖြူသားခွက်များကို ပွတ်တိုက်သန့်စင်စေရန် ဆေးကြောလေသည်။ ကျောက်စက်ရေကို ခွက်နှင့်ခံယူ၍ သောက်တော်ရေ ကပ်သည်။ သောက်ခဲ့သော ရေသည် အာခံတွင်းမှတစ်ဆင့် လည်ချောင်းကို ဖြတ်သန်းသွားပြီးအူတစ်လျှောက်၏ လမ်းကြောင်းအတိုင်း အစာအိမ်ထဲသို့ ရောက်သွားသောရေသည် သူမအတွက် ကြည်လင်လန်းဆန်းသွားသည့် တစ်နေ့တာအတွက် လိုအပ်သော ခွန်အားပြည့်ဝသွားသည့်ပမာ ခံစားလိုက်ရသည်။ နောက်ထပ် ဆာလောင်မွတ်သိပ်ခြင်းအလျဉ်းမရှိ။ အိပ်ချိန်နှင့်ဘုရားဝတ်ပြုချိန် အာနာပါနဝင်သက်ထွက်သက်ကမ္မဋ္ဌာန်းပြုလုပ်ချိန်၊ အိပ်ချိန် စသည်တို့သည် တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို ဖြစ်နေခဲ့သည်။

နေ့ဖြစ်စေ၊ ညဖြစ်စေ. . အချိန်ကာလဟူသည် သူမအတွက် အမှုထားစရာမဟုတ်တော့ ကမ္မဋ္ဌာန်းထိုင်ခြင်း မေတ္တာဘာဝနာပွားခြင်းသာလျှင် ပမာနဖြစ်သည်။ ညောင်းညာကိုက်ခဲမှုဟူ၍ မဖြစ်ပေါ်။

x x x

“အစ်မတော်အလှည့်ပြီးဆုံးသွားပါပြီ၊ ညီမတော် ဆက်လက်တာဝန်ယူပါ့မယ်”

. . ဟူသော တစ်စုံတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ ချိုက လိုဏ်ဂူဝင်ပေါက်ဘက်သို့ ကျောပေးထားသောကြောင့် ဝင်လာသူကို မတွေ့၊ လှည့်ကြည့်ရန် စိတ်မကူး။

ချိုက နေရာမှထသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေါက်ရှိရာ ဦးတည်လျှောက်သွားသည်။ လိုဏ်ဂူထဲမှ ထွက်လိုက်သည်နှင့်တပြိုင်နက် အေးမြသော လေသည် သူမ၏ တစ်ကိုယ်လုံးကို ပင့်ပေးလိုက်သည့်ပမာ အထက်သို့ ကြွတက်သွားသည်။

တောင်တန်း၏ ပတ်ကြားအက်ချောက်နှုတ်ခမ်းပေါ် ရောက်သောအခါ ချိုသည် လွန်ခဲ့သောတစ်ခါကဖြစ်ရပ်ကို မနေ့တစ်နေ့ကပမာ ပြန်လည်သတိရလိုက်မိသည်။ သို့ရာတွင် သူမ၏ စိတ်နေသဘောထားကပြောင်းလဲနေလေပြီ။

မိထွေးအပေါ်တွင် မုန်းတီးမှုများ မရှိတော့။ သူမဘဝကိုခံပြင်းမှုနာကျင်မှုဟူ၍ မစဉ်းစားမိတော့။ သတ္တဝါအားလုံးအပေါ်တွင် မေတ္တာတရားပွားများသည် အတိတ်ဘဝတွင် ပြုခဲ့သမျှသောကုသိုလ်၊အကုသိုလ်များပေါ်တွင် အခြေခံ၍ ကောင်းကျိုးဆိုးကျိုးစသော အကျိုးများ ဖြစ်ပေါ်လေ့ရှိကြောင်း သိနေလေပြီ။ မည်သူ့ကိုမှ အပြစ်တင်စရာအကြောင်းမရှိတော့။

တောင်တန်းပေါ်တွင် ပေါက်ရောက်နေကြသော ထင်းရှူးပင်များသည် ယခင်အခါကထက်ပိုပြီး ကြီးထွားနေကြသည်ဟု ထင်မြင်ယူဆမိသည်။

ဒရင်ကောက်ပင်များမှာ မြေကြီးနှင့်လွတ်ရုံမျှပေါက်နေကြသည်။ ဘွဲ့ချဉ်ပင်များသည်လည်း အုပ်အုပ်ဆိုင်းဆိုင်းပေါက်နေကြသည်။ ချိုသည် ဘွဲ့ချဉ်ပင်မှ အရွက်များကို ခူးဆွတ်ရန် အပင်ကို ခွင့်တောင်းသေးသည်။အပင်က ဘာမှပြန်မပြောပါချေ။

"ခူးခွင့်မပြုရင်တော့ မစားတော့ပါဘူးရှင်"

ချိုက စိတ်လျှော့သည့်လေသံဖြင့် ပြောလိုက်သည်။

"ရှင့်ကို ဘယ်သူက မစားနဲ့လို့ ပြောလို့လဲ ရှင်မစား



www.burmeseclassic.com

www.burmeseclassic.com


လည်း ကျွန်မအရွက်တွေက နွမ်းခြောက်ပြီး အလိုလို ကြွေကျလို့ မြေဩဇာဖြစ်သွားမှာပေါ့ရှင်”

. . ဟူသော အသံအား ကြားလိုက်ရသည်။

သို့ရာတွင် သူမ၏နားမှ ကြားရခြင်းမဟုတ်ပါချေ။ စိတ်ထဲမှ သိလိုက်ရသော အသိတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ချိုက ဘွဲ့ချဉ်ပင်၏ အရွက်နုနုလေးတစ်ရွက်ကိုသာ ခူးဆွတ်၍ ဝါးစားလိုက်သည်။

ထိုနောက် ရှေ့ဘက်မလှမ်းမကမ်းတွင် မြင့်မားစွာဖြင့် ပေါက်ရောက်နေသော ထင်းရှူးပင်များကို လှမ်းမြင်လိုက်ရ၏။ ချိုက ထင်းရှူးပင်များရှိရာသို့အပြေးအလွှား ရောက်ရှိသွားသည်။

ထင်းရှူးပင် ဆိုသည်မှာ သူမနှင့်ရင်းနှီးကျွမ်းဝင်နေသူများဟူ၍ ခံစားမိသည်။

“မင်း. . ဘယ်ရောက်နေလဲ၊ မတွေ့တာ အတော့်ကိုကြာသွားပြီနော်”

ထင်းရှူးပင် တစ်ပင်က လှမ်းမေးသည်ဟု ချိုထင်လိုက်သည်။

“ဒီလိုပါပဲ၊ ငါက ခြေဦးတည့်ရာ လျှောက်သွားနေတာပေါ့ကွာ”

ချိုက ပြန်လည်ပြောပြလိုက်သည်။

“ငါတို့နဲ့ အတူတူနေပါလား”

နောက်ထပ်ထင်းရှူးတစ်ပင်က တိုက်တွန်းသည်။

“နေချင်တာပေါ့ကွာ၊ ဒါပေမယ့် မင်းတို့နဲ့ ငါကသဘာဝချင်းမှမတူပဲ”

“နေချင်ရင် ရပါတယ်၊ ငါတို့စားသလိုစားပြီး ငါတို့နေသလိုနေရင် တစ်စတစ်စနဲ့ ငါတို့လိုဖြစ်နိုင်တာပေါ့”

ထင်းရှူးပင်ကြီးတစ်ပင်က လှမ်းပြောသည်။

“ဒါဆို တကယ်လား၊ ဒါ


www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရှင်တို့လို ဖြစ်အောင်နေမယ်၊ အခု အဲဒီနည်းကို သိလို့ ကျွန်မအရမ်းပျော်သွားပြီ၊ ကျေးဇူးပဲ”

ချိုက ဝမ်းသာအားရပြောလိုက်သည်။

ထိုနေ့မှစ၍ ထင်းရှူးပင်များနှင့်အတူနေသည်။ ထင်းရှူးရွက်နှင့် ထင်းရှူးသီးများကိုသာ စားသည်။ ထင်းရှူးပင်များနှင့်မတူသော အချက်မှာ သူမသည် ကျောက်လိုဏ်ဂူထဲ၌ လေ့ကျင့်ခဲ့သော အာနာပါနကမ္မဋ္ဌာန်းကိုလည်း မပျက်မကွက်ပြုလုပ်၏။ အနန္တစကြာဝဠာ၊အနန္တသတ္တဝါတို့အားလည်း မေတ္တာပို့သည်။ ဝေနေယျသုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းကိုလည်း မေတ္တာပို့သည်။

သူမအနေနဲ့ နေထွက်ခြင်း၊ နေဝင်ခြင်း၊ လထွက်ခြင်း၊ လဝင်ခြင်း၊ မိုးရွာခြင်း၊ နှင်းကျခြင်း. . . စသော ရာသီဥတု အပြောင်းအလဲများကို အမှုမထားပဲ ကမ္မဋ္ဌာန်းတရားကို နေ့စဉ်ရက်ဆက် ပြုလုပ်သည်။ သူမ၏ အသားအရေကအစိမ်းရောင်ပြောင်းလဲစ ပြုလာလေပြီ။

တစ်ညတွင် သူမ၏ခန္ဓာကိုယ်ကို ထင်းရှူးပင်၏ ပင်စည်နှင့်မီထားရာမှ မျက်စိကို စုံမှိတ်လိုက်သည်။ သူမ၏ မျက်စိထဲတွင် ဝင်းကနဲ အလင်းရောင်များလျှပ်ပြက်သည့်ပမာ ဖြစ်ပေါ်လာလေသည်။

ချိုသည် မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ သူမနှင့် လက်တစ်ကမ်းအကွာ၌ ရပ်နေသော အသွင်သဏ္ဍာန်တခုကို မြင်လိုက်ရသည်။ ရုပ်ဒြပ်ဟူ၍ ပီပီပြင်ပြင် ထင်ထင်ရှားရှား မတွေ့ရ။ အခိုးအငွေ့ကဲ့သို့ သူ၏ သဏ္ဍာန်ကို ထွင်းဖောက်၍ နောက်ဘက်ရှိ ထင်းရှူးပင်များကို မြင်နေရသည်။

“သင်. . ဘယ်သူလဲ”

ချိုက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဟောဒီ တောင်တန်းနှင့်တောကို စောင့်ရှောက်ရတဲ့ နတ်ဒေဝတာဖြစ်တယ်"

"ဒါဖြင့် နတ်ဒေဝတာက ကျွန်မဆီကို ဘာဖြစ်လို့ ရောက်လာတာလဲ"

ချိုက သပ်မေးသည်။

"မင်းရဲ့ ကုသိုလ်ကောင်းမှုကို အမျှပေးဝေတဲ့အခါ ငါ. . သာဓုခေါ်နိုင်ခဲ့တယ်၊ ဒါကြောင့် ငါ့အတွက် အဆင်ပြေလာတယ်၊ မင်း မေတ္တာပို့တာကို ရရှိတယ်၊ ငါနှင့်အတူ ရှိနေတဲ့ ရုက္ခစိုးတွေလည်းမင်းအပေါ်မှာမေတ္တာထားကြတယ်၊ ဒါကြောင့် ငါတို့ဆောင်ရွက်ပေးနိုင်တာ ရှိရင် ကူညီဖို့လို့ မင်းဆီကို ရောက်လာတာ မင်း ဘာအကူအညီလိုသလဲပြောပါ"

"နတ်ဒေဝတာက ဘာမဆို ကူညီနိုင်မှာလား"

ချိုက တတိယအကြိမ် မေးခွန်းထုတ်လိုက်သည်။

"ဘာမဆို ကူညီနိုင်တယ်လို့ ငါမပြောဘူး၊ ငါတို့ ဆောင်ရွက်နိုင်တဲ့ အတိုင်းအတာတစ်ခု အတွင်းမှာဆိုရင် ဖြစ်အောင်ကို ဆောင်ရွက်ပေးမယ်"

ချိုက ခေတ္တမျှ စဉ်းစားပြီးနောက်။

"ကျွန်မကို ထင်းရှူးပင် ဖြစ်အောင် လုပ်ပေးလို့ရမလား"

. . ဟူ၍မေးလိုက်၏။

"မင်းက လူသားတစ်ဦး ဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ထင်းရှူးပင်ဖြစ်ချင်ရတာလဲ"

"ဒါဖြင့် နတ်ဒေဝတာက မလုပ်ပေးနိုင်လို့လား"

"အဲဒါက သိပ်ခက်တဲ့ ကိစ္စပဟုတ်ပါဘူး၊ ဒါပေမယ့်မင်း စဉ်းစားစရာ ငါပြောပြမယ်၊ မင်းဟာ လူတစ်ယောက်ဖြစ်နေတဲ့အတွက် အာနာပါန ကမ္မဋ္ဌာန်းလုပ်နိုင်တယ်၊ ကုသိုလ်ကောင်းမှုပြုလို့ရတယ်၊ မေတ္တာပို့အမျှဝေနိုင်တယ်၊ အဲဒီလို ဆောင်ရွက်တဲ့အတွက် မင်းလည်း ကုသိုလ်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လို မေတ္တာခံယူရရှိသူတွေ သာမှခေါ်နိုင်သူတွေအတွက်က လည်း အကျိုးကျေးဇူး ခံစားရတယ်"

"ဒါပေမယ့် ထင်းရှူးပင်ဖြစ်တာက ဘယ်မှသွားစရာမလိုဘူး၊ အစားအစာအတွက်လည်း ရေသောက်မြစ်က စုပ်ယူပြီး နေရောင်ခြည်နဲ့ ချက်တယ်၊ သက်သက်သာသာနဲ့ နေရတယ်၊ရွှေ့လျားမှုမရှိတဲ့အတွက် မပင်ပန်းဘူး၊ ဟော . . ဟိုမှာကြည့်ပါဦး၊ လေတိုက်ချိန်မှာ ထင်းရှူးပင်တွေ ယိမ်းနွဲ့ပြီး ကနေကြတာတွေဟာ ဘယ်လောက်ပျော်စရာကောင်းသလဲ"

"မင်းက လေတိုက်လို့ ယိမ်းကနေတာကိုပဲ မြင်တာကိုး၊ အဲဒီလေဟာအရှမ်းပြင်းထန်လာပြီး၊ အချိန်မရွေး လေမုန်တိုင်းအဖြစ် ပြောင်းလဲနိုင်တယ်၊ အဲဒီလို မုန်တိုင်းတိုက်ခံရပြီဆိုရင် ထင်းရှူးပင်လောက်ကို မဆိုထားပါနဲ့၊ အင်မတန် ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်ထားတဲ့ သစ်ပင်ကြီးတွေတောင် အမြစ်က ပြုတ်သတ်ပြီး ထွက်လာလို့ ထင်းအဖြစ်နဲ့ မီးဆိုက်ခံရတယ်၊ မင်းစဉ်းစားကြည့်ပြီး နောက်တစ်နေ့ကျမှ အဖြေပေး၊ ငါ . . ထပ်လာခဲ့ဦးမယ်"

ချို၏ မျက်မှောက်မှ နတ်ဒေဝတာပျောက်ကွယ်သွားသည်။ သူမသည် ငိုက်မြည်းနေရာမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။

× × ×

"မိန်းကလေး. . မိန်းကလေး၊ ထပါဦး"

မာကျော ကျယ်လောင်သောအသံ။

သူမ၏ လက်မောင်းကို တစ်စုံတစ်ယောက်က ကိုင်လှုပ်နေခြင်း၊ စသည်တို့ကို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုက မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူမ၏ လက်မောင်းကို ကိုင်လှုပ်၍ နှိုးနေသူမှာ ရွာသူကြီးဖြစ်သည်။ မိထွေးက ချိုပျောက်သွားသည်ကို သွားတိုင်သောကြောင့် ရောက်လာသည်ဟု ထင်လိုက်မိသည်။

သို့ရာတွင် ချိုက သေချာကြည့်လိုက်သောအခါ. . .။

ရွာသူကြီးဦးထိုက်ဟန်မဟုတ်ပဲရွာသူကြီးနဲ့မျက်နှာပေါက်ချင်း ဆင်ဆင်တူသူသာ ဖြစ်ပါကြောင်း သိလိုက်ရသည်။ သူမက မျက်စိနှစ်ဖက်ကို အသာအယာပွတ်၍ ပွယောင်းနေသော ဆံပင်များကို လက်ဖဝါးဖြင့်သပ်လိုက်သည်။

ထင်းရှူးပင်ခြေရင်းတွင် လဲလျောင်းနေသော သူမ၏ ပတ်ပတ်လည်တွင် ရွာသူအချို့တွေ့လိုက်ရသည်။ သို့ရာတွင် ချိုက တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော မျက်နှာတွေ ဖြစ်နေလေသည်။

"ရှင်ဘယ်သူလဲ၊ ကျွန်မကို ဘာကြောင့်လာနှိုးတာလဲ"

ချိုက လဲလျောင်းနေရာမှ ဖြည်းဖြည်းချင်းထသည်။

"ခင်ဗျား. . အဖွားဒေါ်ရှာအိုရဲ့လင်ပါသမီး ချိုမဟုတ်လား"

ချိုက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မကို ပြန်ခေါ်ဖို့အတွက် ရှင်တို့ကို ဒေါ်အိုရှာက လွှတ်လိုက်တာလား၊ ဒါဆိုရင်. . ကျွန်မ ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး"

ချိုက တည်ငြိမ်ပြတ်သားစွာ ငြင်းပယ်လိုက်သည်။

"ထူးဆန်းနေတာတော့ အမှန်ပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ဒေါ်ရှာအိုဆီက ထွက်ပြေးသွားတဲ့ ချိုဟာ အခုအချိန်အထိ အရင်အတိုင်း နုပျိုနေတုန်းပဲ၊ ဒေါ်ရှာအိုဟာ ခင်ဗျားထွက်သွားပြီး တစ်နှစ်အကြာမှာ ဆုံးသွား

www.burmeseclassic.com



တယ်၊ ကျုပ်က အဲဒီအချိန်တုန်းက ဆယ်နှစ်သားပဲရှိသေးတယ်၊ လွန်ခဲ့တဲ့ ခြောက်လက ကျုပ်အဖေ ဦးထိုက်ဟန်ကွယ်လွန်သွားတယ်၊ကျုပ်ကတစ်ဦးတည်းသောသားဖြစ်တဲ့အတွက် အဖေရဲ့ သူကြီးအရိုက်အရာကို ကျုပ်ဆက်လက်ခံယူရရှိခဲ့တယ်၊ ရွာကိုလိုက်ခဲ့ပါလားဗျာ၊ ရွာရောက်တော့မှ ခင်ဗျားရဲ့ အကြောင်းကို ပြောပြချင်တဲ့ ဆန္ဒရှိရင် ပြောပြနိုင်ပါတယ်"

သူကြီးသားက ပြေပြေပြစ်ပြစ် ပြောပြသည်။

ချိုသည် လောလောဆယ်ငြင်းပယ်စရာ အကြောင်းမရှိ၍ သူတို့နှင့်အတူ ရွာသို့လိုက်သွားသည်။ သူကြီးသား ထိုက်စံနှင့်ပါလာသော ရွာသူသုံးယောက်မှာ တောင်တန်းပေါ်ရှိ ဒရင်ကောက်ပင်များကို ခူးဆွတ်ရန် တက်ခဲ့ကြစဉ် ထင်းရှူးပင်အောက်တွင် အိပ်မောကျနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ကြသည်။ သူတို့က သူကြီးလက်သစ် ဖြစ်သော ထိုက်စံအား အကြောင်းကြား၍ ခေါ်ခဲ့ကြခြင်းဖြစ်သည်။

× × ×

ရွာသို့ ပြန်ရောက်သောအခါ သူကြီးထိုက်စံက ချိုကိုသူ၏အိမ်တွင် လက်ခံထားသည်။ အစားအသောက်များဖြင့် ဧည့်ခံသည်။ သို့ရာတွင် သူမသည် အသားငါးကို လုံးဝလက်ဖျားနဲ့ပင် မတို့မထိပါချေ။ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များကိုသာ နှစ်သက်မက်မောစွာစားသောက်သည်။

ထိုနေ့ညတွင် သူကြီးထိုက်စံက ရွာသူကြီးများနှင့်ရွာသူရွာသားတို့ကို သူ၏ အိမ်ရှေ့တွင် ဧည့်ခံသည်။ ချို၏ အတွေ့အကြုံများကို ပြန်လည်ပြောပြရန် အားပေးတိုက်တွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုက သူမ၏ အတွေ့အကြုံများကို မှတ်မှတ်ရရ ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ သို့ရာတွင် ထိုအချိန်ကာလကတည်းက လက်ခံသူရှိသလို၊ မဖြစ်နိုင်ဟုယူဆကြသူများလည်းရှိသည်။ သူတို့ အချင်းချင်း ဝိဝါဒကွဲပြားနေကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့ မငြင်းနိုင်သောအချက်မှာ ချိုက နုပျိုနေဆဲဖြစ်ပြီး အသားအရေက စိမ်းမြနေသည်။ တစ်နေ့တစ်နေ့ ကမ္မဋ္ဌာန်းထိုင်သောအချိန်မှာ ရှစ်နာရီခန့်ကြာသည်။ နောက်ပိုင်းတွင် သူကြီးထိုက်စံက တရားစခန်းဖွင့်သည်။ ရွာသူများအားလည်း အာနာပါနကမ္မဋ္ဌာန်းလေ့ကျင့်သင်ကြား နည်းပေးလမ်းပြလုပ်ပေးပါရန် ချိုအား တောင်းပန်သည်။

ချိုသည် ယောဂီဝတ်ဖြင့် ကမ္မဋ္ဌာန်းနည်းပြဆရာမအဖြစ်မှ သီလရှင်အဖြစ်သို့ ပြောင်းလဲ၍ သက်ဆုံးတိုင် နေသွားသည်။ကာလသက်တမ်း ကြာမြင့်လာသော်လည်း ချိုသည် အိုမင်းရင့်ရော်သင့်သလောက် မရင့်ရော်ပါချေ။

သူကြီးထိုက်စံသည် လူပျိုလူလွတ်ဖြစ်သည့် အားလျော်စွာ ချိုအား သီလရှင်မဝတ်မီကာလတွင် သူနှင့်လက်ထပ်ပေါင်းသင်းရန် စကားစသည်။

“ကျွန်မက ရှင့်ထက်ဆယ်နှစ်လောက်ကြီးနေတယ်၊ နောက်ပြီး တရားဘာဝနာအားထုတ်ချင်တဲ့ဆန္ဒကလွဲလို့ တခြားဘာကိုမှ စိတ်မဝင်စားပါဘူး၊ အိမ်ထောင်သားမွေး အလုပ်ကိုလည်း လုံးဝ မလုပ်ချင်ပါဘူး၊ ရှင့်ကို ကျွန်မရဲ့ မောင်အရင်းအချာတစ်ယောက်လို သဘောထားပါတယ်ရှင်”

. . ဟူ၍ သိမ်မွေ့စွာရှင်းပြလိုက်လေတော့သည်။

+++++

ဆွေမြင့်။



www.burmeseclassic.com